

# လမ်းအသုံးပြုသူများ

# လက်စွဲ



# လမ်းအသုံးပြုသူများလက်စွဲ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စာမူခွင့်ပြုချက်အမှတ် - ၄၂၉/၈၉ (၁၂)

ထုတ်ဝေသူ - ဦးအောင်မြင့်

အမှတ် - ၈ ဘီ၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ပ၊ စ၊ လ/ ၂၀၀၇/ ၈၉/ ၂၀၀၀၀+၃၅/၀

## လမ်းအသုံးပြုသူများလက်စွဲ
## စကားချီး

ဤစာအုပ်ငယ်သည် ဥပဒေ၊ နည်းဥပဒေ အမိန့်ညွှန်ကြားချက်များကဲ့သို့ ကိုးကားရန်မဟုတ်သော်လည်း နေ့စဉ်သွားလာလှုပ်ရှားနေသော ယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများအတွက် သိသင့်သိထိုက်သော အချက်များ၊ ဆောင်ရန် ရှောင်ရန် အချက်များကို မှတ်သားလွယ်ကူမည့် စကားလုံးများ၊ ရုပ်ပုံများဖြင့် ဖော်ပြထားခြင်းဖြစ်ရာ ယာဉ်မောင်းသူများ၊ လမ်းအသုံးပြုသူများ၊ နိစ္စဓူဝ သွားလာလှုပ်ရှားရာတွင် ယာဉ်သွားလာမှု ချောမွေ့စေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ဥပဒေကိုသိ၍ လေးစားလိုက်နာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် တင်ပြထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၁၉၆၈ ခုနှစ်က ယာဉ်စီးရေ စုစုပေါင်း ၆၄၀၀၀ စီးခန့်မှတ်ပုံတင်ထားရာ ရန်ကုန်မြို့တော် တွင် ၃၄၀၀၀ စီးခန့်နှင့် နယ်စုစုပေါင်း ၃၀၀၀၀ စီးခန့်သာ ရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ယာဉ်စီးရေ ၉၈၂၁၈၄ စီးကျော်ခန့် မှတ်ပုံတင်ထားရာ ရန်ကုန်မြို့တော်တွင် ၁၆၈၆၂၉ စီးခန့်နှင့်နယ် စုစုပေါင်း ၈၁၃၅၅၅ စီးခန့်သို့ တိုးတက်များပြားလာခဲ့ပါသည်။ ဤအရေအတွက်သည် အခြားတိုးတက်သော နိုင်ငံများရှိ ယာဉ်စီးရေများနှင့် နှိုင်းစာလျှင် မပြောပလောက်သော်လည်း လက်ရှိယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများ၏ စည်းကမ်းပျက်မှု၊ ဥပဒေ မလေးစား မလိုက်နာမှုကြောင့် ယာဉ်ကြော ပိတ်ဆို့မှုများ၊ ယာဉ်အန္တရာယ် ဖြစ်ပွားမှုများ ဖြစ်သင့်သည်ထက် ပိုမိုများပြားစွာ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဤစာအုပ်ငယ်ကို လေ့လာခြင်း၊ မှတ်သားခြင်း၊ လိုက်နာခြင်းဖြင့် အတိုင်းအတာ တစ်ခုအထိ ယာဉ်သွားလာမှု ချောမွေ့လာစေခြင်း၊ ယာဉ်တိုက်မှု အန္တရာယ်လျော့ပါးလာစေခြင်းစသည့် အကျိုးကျေးဇူး ရရှိမည်ဟု ယုံကြည်သည့်အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီအနေဖြင့် လမ်းအသုံးပြုသူများ လက်စွဲစာ စောင်ကို ဖြန့်ဝေခြင်း ဖြစ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

လမ်းအသုံးပြုသူများလက်စွဲ

မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ စကားချီး | |
| ၂။ သိသင့်သိထိုက်သောဝေါဟာရအချို့ | ၁ |
| ၃။ မော်တော်ယာဉ်မောင်းသူများလိုက်နာရန်စည်းကမ်းများ | ၄ |
| ၄။ ခရီးသည်တင်ဘတ်စ်ကားယာဉ်များလိုက်နာရန်စည်းကမ်းများ | ၂၆ |
| ၅။ ဘတ်စ်ကားစီးခရီးသည်များလိုက်နာရန်စည်းကမ်းများ | ၂၈ |
| ၆။ ကုန်တင်ယာဉ်များသတိပြုလိုက်နာရန်စည်းကမ်းများ | ၂၉ |
| ၇။ ယာဉ်တန်းများလိုက်နာရန်စည်းကမ်းများ | ၃၁ |
| ၈။ စင်းလုံးငှား(တက္ကစီ)ယာဉ်များလိုက်နာရန်စည်းကမ်းများ | ၃၂ |
| ၉။ မော်တော်ဆိုင်ကယ်စီးသူများလိုက်နာရန်စည်းကမ်းများ | ၃၃ |
| ၁၀။ ခြေကျင်လျှောက်သူများလိုက်နာရန်စည်းကမ်းများ | ၃၅ |
| ၁၁။ စက်ဘီးစီးသူများလိုက်နာရန်စည်းကမ်းများ | ၃၈ |
| ၁၂။ အနှေးယာဉ်များလိုက်နာရန်စည်းကမ်းများ | ၄၀ |
| ၁၃။ တိရစ္ဆာန်ဆွဲယာဉ်များလိုက်နာရန်စည်းကမ်းများ | ၄၁ |
| ၁၄။ လမ်းပေါ်တိရစ္ဆာန်ထိန်းကျောင်းသူများလိုက်နာရန် စည်းကမ်းများ | ၄၂ |
| ၁၅။ မော်တော်ယာဉ်နံပါတ်ပြားများသတ်မှတ်ချက် | ၄၃ |
| ၁၆။ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ | ၄၅ |
| ၁၇။ ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းဥပဒေများ | ၄၉ |
| ၁၈။ ၁၉၆၅ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာစည်းကမ်းဥပဒေများ | ၅၁ |

| | |
|---|---|
| ၁၉။ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ | ၅၄ |
| ၂၀။ လမ်းမကြီးများဥပဒေ | ၅၆ |
| ၂၁။ ရန်ကုန်အနေးယာဉ်အက်ဥပဒေ | ၅၉ |
| ၂၂။ ယာဉ်မောင်းလိုင်စင်များအကြောင်း | ၆၁ |
| ၂၃။ စီမံခန့်ခွဲမှုနည်းလမ်းအရတပ်ရိုက်သောဒဏ်ငွေများ | ၆၂ |
| ၂၄။ စီမံခန့်ခွဲမှုနည်းလမ်းအရယာဉ်မောင်းလိုင်စင်ပိတ်သိမ်းကာလ | ၆၆ |
| ၂၅။ ပြစ်မှုပြစ်ဒဏ်များ | ၆၇ |
| ၂၆။ ယာဉ်မတော်မဆမှုအတွက်ပြစ်ဒဏ်များ | ၇၂ |
| ၂၇။ လမ်းစည်းကမ်းများ | ၇၃ |
| ၂၈။ လမ်းအမှတ်အသားများ | ၇၄ |
| ၂၉။ အချက်ပြများ | ၉၄ |
| ၃၀။ လမ်းညွှန်များ | ၁၀၄ |
| ၃၁။ လေယာဉ်စီးခရီးသည်များလိုက်နာရမည့်စည်းကမ်းချက်များ | ၁၁၄ |
| ၃၂။ ရေယာဉ်စီးခရီးသည်များလိုက်နာရမည့်စည်းကမ်းချက်များ | ၁၁၆ |
| ၃၃။ မီးရထားစီးခရီးသည်များလိုက်နာရမည့်စည်းကမ်းချက်များ | ၁၁၈ |
| ၃၄။ ညွှန်ပြခြင်းလမ်းညွှန်များ | ၁၁၉ |
| ၃၅။ ရန်ကုန်မြို့တွင်းကုန်တင်ယာဉ်မဝင်ရနယ်နမိတ်ပြမြေပုံ | ၁၂၂ |
| ၃၆။ ကုန်တင်ယာဉ်မဝင်ရလမ်းများ | ၁၂၃ |
| ၃၇။ ရန်ကုန်မြို့တွင်းအနေးယာဉ်မဝင်ရနယ်နမိတ်သတ်မှတ်ချက် | ၁၂၄ |
| ၃၈။ အနေးယာဉ်မဝင်ရလမ်းများ | ၁၂၅ |
| ၃၉။ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ၂၀၀၁ ခုနှစ်မှ၂၀၀၆ခုနှစ်အတွင်းထုတ်ပြန်ခဲ့သည့်ပညာပေးထုတ်ပြန်ချက်များ | ၁၂၈ |

## " သိသင့်သိထိုက်သော ဝေါဟာရများအချို့ "

၁။ **ယာဉ်ပိုင်ရှင်** ..... ယာဉ်ကို မော်တော်ယာဉ်ဥပဒေအရ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အဖွဲ့များတွင် မှတ်ပုံတင်ထားသူကိုဆိုလိုသည်။ ယာဉ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ မူချ ပိုင်ဆိုင်သည်ဟု မမှတ်ယူရ။

၂။ **ယာဉ်အတွက်တာဝန်ရှိသူ** ယာဉ်ကို အသုံးပြုလျက် ရှိနေသူ (သို့မဟုတ်) ယာဉ်နှင့် သက်ဆိုင်သည့် ယာဉ်မောင်းသူ(သို့မဟုတ်)လက်မှတ်ရောင်း၊ စပယ်ယာတို့ ပါဝင်သည်။

၃။ **ဝန်ပေါ့မော်တော်ယာဉ်** ၃ တန်အထိ တင်ဆောင်နိုင်သည့် မော်တော်ယာဉ်။

၄။ **ဝန်လေးမော်တော်ယာဉ်** ၃ တန်ထက်ပို၍တင်ဆောင်နိုင်သော မော်တော်ယာဉ်။

၅။ **အနေးယာဉ်** .... တိရစ္ဆာန်ဆွဲယာဉ်၊ လက်တွန်းလှည်း၊ လက်ဆွဲလှည်း၊ ဆိုက်ကား၊ ထီး/ဆေးဝါးစသည့် ပစ္စည်းများ ရောင်းခြင်း၊ ကြော်ငြာခြင်းအတွက် အသုံးပြုသည့် စက်ဘီးတို့ပါဝင်သည်။

၆။ **လမ်းညွှန်း** .... လမ်းပေါ်နှင့် လမ်းဘေး များတွင် လမ်းအသုံး ပြုသူများ လိုက်နာရန် စိုက်ထူထားသည့် သင်္ကေတပါ ပုံစံ ဆိုင်းဘုတ်များ။

၇။ **လမ်းအမှတ်အသား** .... လမ်း ပေါ် တွင် ဆေး ဖြင့် လည်း ကောင်း၊ တိပ်ဖြင့် လည်းကောင်း ရေးဆွဲသည့်၊ကပ်ထားသည့်၊မြှုပ်ထား

သည့် အမှတ်အသားများ၊လမ်းဘေးကပ်တိုင်များ တိုင်များပါဝင်သည်။

၈။ **အချက်ပြ** ... လမ်းအသုံးပြုသူများ၊ သွားလာနေစဉ် လက်ဖြင့်အချက်ပြများ၊ ယာဉ်တွင် တပ်ဆင်ထားသော မီးဖြင့် အချက်ပြများ၊ ယာဉ်ထိန်းရဲ၏ လက်ဖြင့်လည်းကောင်း၊ ဝီစီသံနှင့် လက်တံ့၍လည်းကောင်း အချက်ပြများ၊ လမ်းဆုံ လမ်းနယ်များတွင် စိုက်ထူထားသည့် ယာဉ်ထိန်းအချက်ပြမီးများပါဝင်သည်။

၉။ **ယာဉ်ကြော** ... လမ်းတစ်လျှောက် ယာဉ်တစ်စီးချင်း၊ ရှေ့နောက်ဦးတည်မောင်းနှင်သွားရန် သတ်မှတ်ထားသည့် လမ်းကြောင်းဖြစ်သည်။

၁၀။ **ရပ်ခြင်း (STOP)** ... ယာဉ်သွားလာမှု စည်းကမ်းအရ ရပ်ရမည့်နေရာများတွင် ယာဉ်မောင်းသူကယာဉ်ကို ထိန်းသိမ်းလျက် ယာဉ်ခေတ္တရပ်ခြင်းကို ဆိုလိုသည်။

၁၁။ **ရပ်ဆိုင်းခြင်း (STANDING)** ... ခရီးသည် အတင်အချ၊ ကုန်အတင်အချအတွက်သာ ယာဉ်မောင်းသူက ယာဉ်ကို ထိန်းသိမ်းလျက် ယာဉ်ရပ်ဆိုင်းခြင်းကိုဆိုသည်။

၁၂။ **ရပ်နားခြင်း (PARKING)** ... ယာဉ်ရပ်နားရန် သတ်မှတ်သည့်နေရာတွင် စက်သတ်၍ ယာဉ်ရပ်နားခြင်းကို ဆိုသည်။

၁၃။ **ခြေကျင်လျှောက်သူများ** လမ်းနယ်ပေါ်၌ လမ်းလျှောက်သွားလာနေသူများ၊ ကလေးတွန်းလှည်း

ဖြင့် သွားလာနေသူများ၊မသန်မစွမ်း
သုံးဘီးတပ်ကုလားထိုင်ဖြင့် သွားလာ
နေသူများ၊ မှတ်ပုံတင်ရန် မလိုသော
တွန်းလှည်းဖြင့် သွားလာနေသူများ၊
ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ၊
အထမ်းသမားများပါဝင်သည်။



အနေးယာဉ်များ လိုက်နာရန်စည်းကမ်းများ

၁။ မော်တော်ယာဉ်များနည်းတူ သတ်မှတ်ထားသည့် လမ်းစည်းကမ်းများကို လိုက်နာရမည်၊

၂။ လက်ယာဘက်ဘေးမှ ကပ်၍သွားရမည်။ ရင်ပေါင်တန်းမသွားရ၊

၃။ စထွက်၊ ကျော်တက်၊ ကွေ့၊ လမ်းဖြတ်၊ ရပ်လိုလျှင်အန္တရာယ်ကင်းမကင်းကြည့်ပြီး ကြိုတင်အချက်ပြရမည်၊

၄။ ကုန်းဆင်းများတွင် မထိန်းသိမ်းနိုင်လောက်အောင် အရှိန်ပြင်းစွာ မဆင်းရ၊

၅။ အန္တရာယ် ဖြစ်စေနိုင်လောက်သည့် ခရီးသည်၊ ပစ္စည်းများ မတင်ဆောင်ရ၊

၆။ ဘေးကပ်ရပ်၍ ပစ္စည်း၊ ခရီးသည် အတင်အချပြုလုပ်ရမည်၊

၇။ ညအချိန် သွားလာသည့်အခါ ရှေ့တွင်မီးများနှင့် နောက်တွင် အရောင်ပြန်ပြားအနီရှိရမည်၊

၈။ လူသွားစင်္ကြံပေါ်မသွားလာရ၊

၆။ မှတ်ပုံတင်သက်တမ်းလဲရန် ၅ နှစ်ကျော် ပျက်ကွက်လျှင် ယာဉ်၏ မှတ်ပုံတင်ကို ဖျက်သိမ်းမည်ကို သတိပြုပါ။

၇။ သုတစ်ပါးအာမခံထားရှိခြင်း မရှိသေးသောယာဉ်ကို ပြည်သူတို့ ဆိုင်ရာနေရာများတွင် အသုံးပြုခွင့်မရှိပါ။

၈။ မော်တော်ဆိုင်ကယ် အငှားလိုက်ခွင့် မရှိပါ။



ယာဉ်မောင်းလိုင်စင်/စပယ်ယာလိုင်စင်

၁။ မော်တော်ယာဉ်ကို အများပြည်သူတို့ ဆိုင်ရာနေရာများတွင် မောင်းနှင်သည့်အခါ သတ်မှတ်ထားသည့်သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် အမြဲရှိရမည်။

၂။ အသက် ၁၈ နှစ်ပြည့်ပြီးမှ ယာဉ်မောင်း "သင်" လိုင်စင်လျှောက်ထားနိုင်သည်။

၃။ လက်မှတ်ရောင်း (သို့မဟုတ်) စပယ်ယာ လိုင်စင် ရယူလိုသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ ကျန်းမာရေးနှင့် ပြည့်စုံသူ၊ သတ်မှတ်သည့် စစ်ဆေးမှု အောင်မြင်သူ ဖြစ်ရမည်။

၄။ ယာဉ်မောင်းလိုင်စင် ရယူလိုသူသည် သတ်မှတ်ထားသည့် ကျန်းမာရေးနှင့် ပြည့်စုံရမည်။

၅။ မော်တော်ဆိုင်ကယ်မောင်းလိုင်စင်နှင့် မော်တော်ယာဉ်* မောင်းခွင့် မရှိပါ။

၆။ ယာဉ်မောင်း လိုင်စင်တွင် ဖော်ပြထားသည့် မောင်းခွင့်ရှိ ယာဉ်များကိုသာ မောင်းပါ။

၇။ မိမိလိုင်စင်ကို အခြားသူအား ပြောင်းလဲသုံးစွဲခွင့် မရှိပါ။

၈။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပေးထားသော ယာဉ်မောင်းလိုင်စင်သည် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မောင်းနှင်ခွင့်ရှိသည်။



သင့်ယာဉ်မမောင်းမီ အောက်ပါအချက်များ စစ်ဆေးပါ

၁။ ဘရိတ်

၂။ မီးများ—

(က) ရှေ့မီးကြီး

(ခ) ဘေးမီးငယ်

(ဂ) ဘရိတ်မီး

(ဃ) အချက်ပြမီး

(င) နောက်နံပါတ်ပြားမီး

၃။ ဟွန်း

၄။ တာယာကောင်း မကောင်း၊ လေညီ မညီ

၅။ စတီယာရင် ကောင်း မကောင်း

၆။ ဂီယာ ကောင်း မကောင်း


၇။ နောက်ကြည့်မှန်

၈။ ဆီ/ရေ/လေ/ဝိုင် ပြည့်စုံမှု ရှိ မရှိ

၉။ ယာဉ်မောင်းလိုင်စင်

၁၀။ မှတ်ပုံတင် သက်သေခံ အထိုင်း

၁၁။ မိုးတွင်းအခါ ရေသုတ်ကိရိယာ ကောင်း မကောင်း



ယာဉ်မောင်းကြရို့

၁။ သာမန်အားဖြင့် ယာဉ်ကို လက်ယာဘက်သို့ကပ်၍ မောင်းပါ။

၂။ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ၏ သတ်မှတ် စည်းကမ်း အတိုင်း မောင်းပါ။

၃။ အချက်ပြ၏ ညွှန်ပြချက်အတိုင်း မောင်းပါ။

၄။ ယာဉ်အသွားအလာ ကြီးကြပ်နေသည့် တာဝန်ရှိသူ/ယာဉ်ထိန်းရဲ၏ ညွှန်ပြချက်အတိုင်း လိုက်နာပါ။

၅။ နှေးနှေးမောင်းလျှင် ယာဘက်ကပ်မောင်းနှင်ပါ။

၆။ သီးခြားကန့်သတ်ထားသည့် အမြန်နှုန်းအတိုင်း မောင်းပါ။

၇။ ယာဉ်တစ်စီးနှင့် တစ်စီး ကပ်၍ မမောင်းပါနှင့်၊ သင့်လျော်သော အကွာအဝေးမှ ခွာ၍မောင်းပါ။

၈။ လိုအပ်သည့်နေရာတိုင်းတွင် လက်ဖြင့် သော်လည်းကောင်း၊ ယာဉ်တွင် တပ်ဆင်ထားသည့် အချက်ပြမီးဖြင့် သော်လည်းကောင်း တွဲ၍ သော်လည်းကောင်း ကြိုတင်အချက်ပြပါ။

၉။ ယာဉ်ပျက်လျှင် လမ်းဘေးရွှေ့ရပ်ပါ။

၁၀။ ယာဉ်မောင်းသူတိုင်း ခြေကျင်လျှောက်သူများကို မိမိယာဉ်ဖြင့် ထိခိုက်မှု မရှိစေရန် အစဉ်ဂရုပြုရမည်။ အထူးသဖြင့် ကလေး၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများနှင့် နမော်နမဲ့ လမ်းလျှောက်သူများကို သတိထားပါ။

၁၁။ ယာဉ်မောင်း သူသည် လမ်းပေါ်၌ တိရစ္ဆာန်နှင့် ဖြစ်စေ၊ လူစီးနေသောတိရစ္ဆာန်များနှင့် ဖြစ်စေ၊ ယာဉ်ဆွဲနေသောတိရစ္ဆာန်များနှင့် ဖြစ်စေ တွေ့ဆုံလျှင် တိရစ္ဆာန်များမထိတ်လန့်စေရန်ညင်သာစွာ မောင်းနှင်ပါ၊ လိုအပ်လျှင် ခေတ္တရပ်ပေးပါ။

၁၂။ စိုစွတ်သောလမ်းတွင် ရုတ်တရက် အပြောင်းအလဲ မလုပ်ပါနှင့်၊ ဘီးချော်၍ အန္တရာယ်ဖြစ်နိုင်သည်ကို သတိပြုပါ။

၁၃။ အခြားလမ်း အသုံးပြုသူတို့၏ မှားယွင်းမှု ချွတ်ချော်မှု ရှိနိုင်သည်ကို အမြဲထည့်တွက်၍ သတိဖြင့် သွားလာ မောင်းနှင်ပါ။

၁၄။ သင့်ကြောင့် ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်။

၁၅။ မောင်းလျှင် မမူးနှင့် မူးလျှင် မမောင်းနှင့်။

၁၆။ မောင်းလျှင်မတွေးနှင့် မငေးနှင့်။

၁၇။ နောက်ကြည့်မှန်ကို အသုံးပြုရန် မမေ့ပါနှင့်။

၁၈။ ယာဉ်မောင်းနေစဉ် အာရုံမတွေပြားပါနှင့်။

၁၉။ ယာဉ်မောင်းနေစဉ် နောက်လှည့် စကားမပြောပါနှင့်။

၂၀။ ယာဉ်မောင်းနေစဉ် အောက်သို့ကျသော အရာဝတ္ထုများကို ကုန်း မကောက်ပါနှင့်။

၂၁။ ယာဉ်မောင်းနေစဉ် ဆေးလိပ်မီး ညှိမသောက်ပါနှင့်။

၂၂။ မြေပုံဖတ်ရင်း ယာဉ်မမောင်းပါနှင့်။

၂၃။ ယာဉ်များသွားလာသည့် ဘက်မှ ယာဉ်တံခါးဖွင့်လိုလျှင် အန္တရာယ် မကင်းလျှင် မဖွင့်ပါနှင့်။

၂၄။ လူသွားရာဘက်မှ ယာဉ်တံခါးဖွင့်လိုလျှင် ခြေကျင်လျှောက်သူများ အနှောင့်အယှက် ဖြစ်နေလျှင် မဖွင့်ပါနှင့်။

၂၅။ မိမိယာဉ်၏ တံခါးများကို ပြည်သူတို့ ဆိုင်ရာနေရာများတွင် ဖွင့် မထားရ။

၂၆။ ယာဉ်ကို အန္တရာယ်ဖြစ်လောက်အောင်၊ မထိန်းသိမ်း နိုင်လောက် အောင် အရမ်းကာရော မမောင်းနှင်ရ၊ တစ်စီးနှင့် တစ်စီး ပြိုင် မမောင်းရ လုမမောင်းရ။

၂၇။ မြို့တွင်း မိုင် ၃၀ နှုန်းထက် ပိုမမောင်းရ၊ မြို့ပြင်မိုင် ၅၀ နှုန်းထက် ပိုမမောင်းရ။

၂၈။ နောက်တွဲပါယာဉ်များမြို့တွင်းတွင်မိုင် ၂၀ နှုန်းထက်ပိုမမောင်းရ။

၂၉။ လူသွားကြိုးပေါ်နှင့် သတ်မှတ်ထားသည့် လူသွားလမ်းပေါ် မော်တော်ယာဉ်မတက်ရ။

၃၀။ ရထားလမ်း ဖြတ်ကူးလျှင် ဂီယာနိမ့်ဖြင့် ဖြတ်ကူးပါ၊ ဖြတ်ကူးစဉ် ဂီယာမပြောင်းရ၊ ရထားလမ်းပေါ် ယာဉ်လုံးဝ မရပ်ရ။


၃၁။ မီးစိမ်းကို လုမမောင်းရ။

၃၂။ မီးသတ်ပိုက်ပေါ် မည်သည့်ယာဉ်မှ ဖြတ်ကျော်မမောင်းရ။

၃၃။ အန္တရာယ်ကို ကာကွယ်သည့် ကိစ္စမှ လွဲ၍ ဟွန်းကို အသုံးမပြုရ။ အများပြည်သူ အနှောင့်အယှက် မဖြစ်စေရ။

၃၄။ လောင်စာဆီ ထည့်စဉ် မည်သည့်ယာဉ်မဆို မီးပိတ်၍ စက်သတ်ထားရမည်။

၃၅။ လောင်စာဆီထည့်နေစဉ် မည်သူမျှ ဆေးလိပ်မသောက်ရ။



ရှေ့ယာဉ်ကို ဘယ်လိုကျော်တက်မလဲ

၁။ ယာဉ်မောင်းသူသည် မိမိရှေ့ကယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုပြီး မှသာ ကျော်တက်ပါ—

(က) မိမိနောက်မှယာဉ်က မိမိယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း ရှိ/မရှိ၊

(ခ) မိမိကျော်တက်လိုသောယာဉ်သည် ၎င်း၏ရှေ့ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း ရှိ/မရှိ၊

(ဂ) ကျော်တက်ရန်အတွက် အသုံးပြုမည့်ယာဉ်ကြော ပိတ်ဆို့မှု ရှိ / မရှိ။

၂။ ရှေ့မှယာဉ်အား ကျော်တက်လိုလျှင် ယာဉ် ရှင်း / မရှင်း ဦးစွာကြည့်၊ ကျော်တက်ရန်ဟွန်းတီးအချက်ပေး၊ယာဉ် ရှင်း / မရှင်း ထပ်ကြည့်ပြီး၊ ရှင်းမှ ကျော်တက်ပါ။

၃။ သာမန်အားဖြင့် လက်ဝဲဘက်မှ ကျော်တက်ပါ။ ယာဘက်မှ မကျော်တက်ရ။

၄။ ကျော်တက်လျှင် လိုအပ်သလို အချက်ပေးပြီး သင့်လျော်သော အကွာအဝေးမှ လွတ်ကင်းစွာ ကျော်တက်ပါ။

၅။ ဝန်လေးမော်တော်ယာဉ်ကို ကျော်တက်လိုလျှင် ရှေ့မြင်ကွင်းကောင်းပြီး လမ်းရှင်းမှ ကျော်တက်ပါ။

၆။ ကျော်တက်ပြီးမူလယာဉ်ကြောသို့ ပြန်ဝင်လျှင် နောက်မှယာဉ်များကို အနှောင့်အယှက် မဖြစ်ပါစေနှင့်။

၇။ အခြားယာဉ်က မိမိယာဉ်ကို ကျော်တက်နေလျှင် အရှိန်မမြှင့် ပါနှင့် လမ်းပေး၍ ကျော်တက်ခွင့်ပေးပါ။

၈။ အောက်ပါ အချက်များတွင်သာ မိမိရှေ့မှ ယာဉ်ကို လက်ယာဘက်မှ ကျော်တက်ပါ—

(က) ရှေ့ယာဉ် လက်ဝဲကွေ့ရန် အချက်ပြသည့်အခါ၊


(ခ) လမ်းတွင် ယာဉ်ပိတ်ဆို့နေ၍ လက်ယာဘက်လမ်း ပွင့်နေသည့်အခါ၊

(ဂ) လက်ယာဘက်ယာဉ်ကြောမှ လွှတ်ကင်းစွာ လမ်းပြောင်းဝင်သည့်အခါ၊

(ဃ) တစ်လမ်းမောင်းတွင် မောင်းနှင်သည့်အခါ။

၉။ အောက်ပါနေရာများနှင့် အချိန်အခါများတွင် ကျော်မတက်ပါနှင့်—

(က) လူကူးရန် ခွင့်ပြုထားသည့် နေရာများ၊
(ခ) လမ်းဆုံနှင့် လမ်းခွ၊
(ဂ) လမ်းထောင့်နှင့် လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်နှင့် တံတားပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းလယ်မျဉ်းပြိုင်နှစ်ကြောင်းရှိ လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းဖြင့် သတ်မှတ်ထားသော ယာဉ်ကြော၊ အံခွက်အတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းနေရာ၊
(ဋ) မြင်ကွင်းမကောင်းသည့်အခါ၊
(ဌ) အခြား ယာဉ်များအနှောင့်အယှက်ဖြစ်စေနိုင်သည့် အခါ၊ (မိမိယာဉ်ကြောအတွင်းမှ အခြားယာဉ်ကြောရှိ ယာဉ်ကို ကျော်လွန်မောင်းနှင်သွားခြင်းသည်ကျော်တက်ခြင်းမဟုတ်။)



**ဘယ်လိုကွေ့မလဲ**

၁။ ကွေ့မည်ဖြစ်ကြောင်း ကြိုတင်အချက်ပြပါ။ အနည်းဆုံး ပေ ၁၀၀ အကွာမှ စပြပါ။


၂။ လမ်းဆုံ၊ လမ်းခွတွင် လက်ယာဘက်သို့ကွေ့လိုလျှင် လက်ယာဘက်ကပ်၊ အမြန်နှုန်းလျှော့၊ အန္တရာယ်ကင်းမှကွေ့ပါ။


၃။ လမ်းဆုံ၊ လမ်းခွတွင် လက်ဝဲဘက်သို့ ကွေ့လိုလျှင် လက်ဝဲစွန်းသို့မဟုတ် အလယ် ယာဉ်ကြော ဘက်ကပ်၊ အမြန်နှုန်းလျှော့ လမ်းခွတွင် ခေတ္တရပ်၊ မျက်နှာချင်းဆိုင် တည့်တည့်သွားယာဉ်ကို ဦးစားပေး၊ အန္တရာယ်ကင်းမှကွေ့ပါ။

၄။ လမ်းမကြီးမှလက်ယာဘက်ရှိ လမ်းသွယ်သို့ကွေ့ဝင်လျှင် လက်ယာဘက်ကပ်၊ အမြန်နှုန်းလျှော့၊ အန္တရာယ်ကင်းမှကွေ့ဝင်ပါ။


၅။ လမ်းမကြီးမှလက်ဝဲဘက်ရှိလမ်းသွယ်သို့ ကွေ့ဝင်လိုလျှင် လမ်းလယ် ယာဉ်ကြောဘက်ကပ်၊ အမြန်နှုန်းလျှော့၊ လမ်းခွတွင်ခေတ္တရပ် မျက်နှာချင်းဆိုင် တည့်တည့်သွားယာဉ်ကို ဦးစားပေး၊ အန္တရာယ် ကင်းမှကွေ့ဝင်ပါ။


၆။ နှစ်လမ်းမောင်းလမ်းမှ တစ်လမ်းမောင်းလမ်းသို့ ကွေ့ဝင်လိုလျှင်၊




၇။ တစ်လမ်းမောင်းလမ်းမှ နှစ်လမ်းမောင်းလမ်းသို့ ကွေ့ဝင်လိုလျှင်၊




၈။ "ဂ" ကွေ့

(က) "ဂ"ကွေ့ ကွေ့လိုလျှင် မိမိရှေ့/နောက်ယာဉ် အသွားအလာ ရှင်းမှကွေ့ပါ၊

(ခ) အခြားယာဉ်ကို အနှောင့်အယှက်မဖြစ်ပါစေနှင့် မပိတ်ဆို့ပါစေနှင့်။

(ဂ) "ဂ"ကွေ့ မကွေ့ရနေရာများ—

၁။ တစ်ဆက်တည်း ဆွဲထားသော မျဉ်းဖြူ/မျဉ်းဝါ တစ်ကြောင်း သို့မဟုတ် နှစ်ကြောင်း၊

၂။ လမ်းဆုံလမ်းခွ၊


၃။ လမ်းထောင့် လမ်းကွေ့၊


၄။ ကုန်းထိပ်နှင့် ၎င်းမှ မီတာ ၁၀၀ အတွင်း၊

၅။ တံတားအဝင်ဝနှင့် တံတားပေါ်၊

၆။ တစ်လမ်းမောင်း၊

၇။ "ဂ"ကွေ့ မကွေ့ရဟု တားမြစ်သည့်နေရာများ။





ဘယ်လိုဦးစားပေးမလဲ

၁။ တူညီလမ်းဆုံတွင် လမ်းဆုံသို့ဦးစွာရောက်သည့်ယာဉ်ကို ဦးစွာဖြတ်ခွင့်ပေးပါ၊ လုမဝင်ပါနှင့်။

၂။ တူညီလမ်းဆုံတွင် လမ်းဆုံသို့ယာဉ်နှစ်စီး တစ်ပြိုင်နက်ရောက်ရှိပါက မိမိလက်ယာဘက်ကယာဉ်ကို ဦးစားပေးဖြတ်ကျော်ခွင့်ပေးပါ။

၃။ အချက်ပြမီး သို့မဟုတ် ယာဉ်ထိန်းရဲရှိလျှင် ၎င်းတို့၏ညွှန်ပြချက်အတိုင်းသွားပါ။

၄။ လမ်းမကြီးမှယာဉ်ကို လမ်းသွယ်မှယာဉ်က ဦးစားပေးပါ။


၅။ အရေးကြီးယာဉ်၊ မီးသတ်ယာဉ်၊ သူနာတင်ယာဉ်၊ ရဲတပ်ဖွဲ့ယာဉ်တို့သည် အချက်ပေးသံဖြင့်လာလျှင် ၎င်းတို့ကို ဦးစားပေးပါ။


၆။ အဝိုင်းပတ်တွင် အဝိုင်းထဲမှယာဉ်ကို ဦးစားပေးပါ။


၇။ မိမိကွေ့မည်ဆိုလျှင် တည့်တည့်သွားသည့်ယာဉ်ကို ဦးစားပေးပါ။


၈။ တံတားသို့ဦးစွာရောက်ရှိသောယာဉ်ကို ဦးစားပေးဖြတ်ကျော်ပါစေ။


၅။ တံတားသို့မျက်နှာချင်းဆိုင် တစ်ချိန်တည်းရောက်ရှိလျှင် ဝန်လေး မော်တော်ယာဉ်ကို ဦးစားပေးပါ။






တူညီလမ်းဆုံ
အမှတ်စဉ်အလိုက်သွားရမည်



တူညီလမ်းဆုံ
အမှတ်စဉ်အလိုက်သွားရမည်


ဦးစားရလမ်း
အမှတ်စဉ်အလိုက်သွားရမည်


ဦးစားရလမ်း
အမှတ်စဉ်အလိုက် သွားရမည်


ဦးစားရလမ်း
အမှတ်စဉ်အလိုက် သွားရမည်


ဦးစားရလမ်း
အမှတ်စဉ်အလိုက်သွားရမည်




**ဘယ်လိုရပ်မလဲ**

၁။ မိမိယာဉ်ကို ဘယ်လိုအခါနေရာတွေမှာ ခေတ္တရပ်မလဲ—

(က) တာဝန်ရှိသူ၊ ယာဉ်ထိန်းရဲက ညွှန်ပြသည့်အခါ၊

(ခ) လမ်းဆုံ၊ လမ်းခွဲရောက်လျှင်၊

(ဂ) လမ်းသွယ်မှလမ်းမပေါ်မထွက်မီ၊ ဥပစာတစ်ခုခုမှ လမ်းပေါ် မထွက်မီ၊

(ဃ) လူကူးရန် သတ်မှတ်ထားသည့်နေရာရှေ့မရောက်မီ၊

(င) အရေးကြီးယာဉ်၊ သူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ပြည်သူ့ရဲတပ်ဖွဲ့ယာဉ် အချက်ပေးလာလျှင် လမ်းဘေးကပ်၍ ခေတ္တရပ်ပေး၊

(စ) တိရစ္ဆာန်ထိန်းကျောင်းလာသူက မေတ္တာရပ်ခံလျှင်၊

(ဆ) ထိန်းကျောင်းသူမရှိသော တိရစ္ဆာန်များ လမ်းပေါ်တွင် တွေ့လျှင်၊

(ဇ) တံခါးရှိ၊ တံခါးမဲ့ ရထားလမ်းကို ဖြတ်မကူးမီ၊

(ဈ) ယာဉ်တန်းနှင့် တွေ့ဆုံလျှင်၊

(ည) တောင်ပေါ်လမ်းတွင် အတက်ယာဉ်ကို ဦးစားပေးရန် မိမိယာဉ်ကို လက်ယာဘက်သို့ တတ်နိုင်သမျှကပ်၍ လိုအပ်လျှင် ရပ်ပေး၊

(ဋ) ယာဉ်ကြောင့် အများပြည်သူတို့ အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေမျိုး ဖြစ်ပေါ်လျှင်။

၂။ ရပ်ဆိုင်းခြင်း(STANDING)၊ ရပ်နားခြင်း(PARKING)

(က) လမ်းပေါ် ယာဉ်ကိုရပ်လိုလျှင် ယာဉ်၏ဘီးနှင့် ကပ်တုံး၏ အကွာအဝေးသည် ၁ ပေထက် မကျော်ရ၊

(ခ) နှစ်လမ်းမောင်း လမ်းများတွင် လမ်း၏လက်ယာဘက်တွင်သာ ကပ်ရပ်ရမည်၊

(ဂ) တစ်လမ်းမောင်းလမ်းတွင် လမ်း၏လက်ဝဲဘက်တွင် ကပ်ရပ်ရမည်၊

(ဃ) မိမိယာဉ်၏ဦးခေါင်းကို ကပ်တုံးသို့ ဦးဆိုက်၍ မရပ်ရ၊

(င) ခွင့်ပြုသည့်နေရာနှင့် တားမြစ်မထားသည့်နေရာများတွင် ယာဉ်ကို ရပ်ဆိုင်းနိုင်သည်၊

(စ) ခွင့်ပြုထားသည့်နေရာနှင့် ရပ်နားရန်သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ရပ်နားရမည်၊ အခြားယာဉ်များ သွားလာမှု မပိတ်ဆို့စေရ၊

(ဆ) ယာဉ်ကြောကိုဆန့်ကျင်၍ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရ၊

(ဇ) ကုန်းတက်ကုန်းဆင်းများတွင်ရပ်လျှင် ဘီးမသိမ့်စေရန် သတိပြုပါ။

(ဈ) အောက်ပါနေရာများတွင် ယာဉ်မရပ်ရ—

(၁) လမ်းဆုံလမ်းခွအတွင်း၊

(၂) လမ်းထောင့်လမ်းကွေ့တွင်း၊

(၃) အဝိုင်းပတ်တွင်း၊

(၄) ကျောင်း၊ ဆေးရုံ၊ မီးသတ်ဌာနအဝင်ဝ၊

(၅) တံတား၊ လမ်းကျဉ်း အဝင်ဝနှင့် အတွင်း၊

(၆) ဘတ်စ်ကားမှတ်တိုင်အနီး၊

(၇) တောင်ကုန်း၊

(၈) မျဉ်းပြိုင်နှစ်ကြောင်းရှိသောလမ်းနံဘေး၊

(၉) တစ်လမ်းမောင်းလမ်းသွယ်တွင်လမ်း၏လက်ဝဲဘက်၊

(၁၀) လမ်းနံဘေးနှင့် ကပ်လျက်ရှိသောယာဉ်ကြောမှအပ ကျန်ယာဉ်ကြောများ၊

(၁၁) ရပ်ဆိုင်း (သို့မဟုတ်) ရပ်နားထားသောယာဉ်နှင့် ဘေးချင်းယှဉ်သည့် လမ်းပေါ်နေရာ။

(ည) မီးသတ်စခန်း၊ မီးသတ်ပိုက်ခေါင်း၊ မီးသတ်ရေလှောင်ကန်နှင့် ၇ မီတာအတွင်း မရပ်ရ၊ မရပ်ဆိုင်းရ၊ မရပ်နားရ၊


(ဋ) ညအချိန်ရပ်လျှင် လိုအပ်ပါက ဘေးမီးငယ်ကိုဖွင့်ထားပါ၊

(ဌ) မိမိယာဉ်ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း အတွက် အခြားသူများအား အနှောင့်အယှက်မဖြစ်ရ၊


(ဍ) ယာဉ်မဆိုင်းရ၊ မရပ်နားရ လမ်းညွှန်ဆိုင်းဘုတ်ရှိသောနေရာတွင် ယာဉ်ရပ်နားခြင်း၊ ရပ်ဆိုင်းခြင်း မပြုရ၊

(ဎ) အချက်ပြမီးပွိုင့်ရှိယာအတွင်း ခြေကျင်လျှောက်သူများ၊ လမ်းဖြတ်ကူးရန် သတ်မှတ်ထားသောနေရာ အနီး / အဖြူ ကျား ကပ်တုံးနှင့် တိုင်စိုက်ထားသည့်နေရာတို့တွင် ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ၊

(ဏ) အဝါ၊ အနက်ကျား ကပ်တုံးနှင့် တိုင်နေရာတို့တွင် ယာဉ်ရပ်နားခြင်းမပြုရ။



စနစ်တကျ အလျားလိုက်ယာဉ်ရပ်နားခြင်း





ဘယ်လိုနောက်ဆုတ်မလဲ

၁။ နောက်ဆုတ်လိုလျှင် အန္တရာယ်ကင်းမှ အချက်ပြပြီး ဖြည်းညင်းစွာ ဆုတ်ပါ။


၂။ အခြားယာဉ် အသွားအလာမပိတ်ဆို့ပါစေနဲ့။

၃။ လမ်းသွယ်မှ လမ်းမပေါ်သို့ ယာဉ်နောက်ဆုတ်မထွက်ရ။

၄။ ကစ်လမ်းမောင်းပေါ်တွင် နောက်ဆုတ်မမောင်းရ။

၅။ ဥပစာတစ်ခုခု၊ ခြံဝင်းအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ။

၆။ အခြားလမ်းအသုံးပြုသူများ အနှောင့်အယှက်ဖြစ်စေမည့် ရှည်ကြာစွာ နောက်မဆုတ်ရ။



ဘယ်အချိန် ဘယ်လိုမီးဖွင့်မောင်းမလဲ

၁။ အလင်းရောင်နည်းသောအချိန်တွင်လိုအပ်သောမီးများဖွင့်မောင်းပါ။

၂။ ညအချိန် မျက်နှာချင်းဆိုင်မှလာသော ယာဉ်မောင်းသူ မျက်စိမစူးစေရန် မိမိယာဉ်၏ရှေ့မီးကြီးကို အောက်သို့စိုက်ပေးပါ(သို့မဟုတ်) ပိတ်ပေးပါ။

၃။ အခြားယာဉ်နောက်မှသိုက်၍မောင်းနှင်နေပါက မိမိယာဉ်၏ ရှေ့မီးကြီးကို အောက်စိုက်မောင်းနှင်ပါ။

၄။ ညအချိန်သာမန်အားဖြင့် မြို့တွင်းရှိလမ်းမီးများနှင့် မီးအလင်းရောင်ရှိသောနေရာများတွင် ရှေ့မီးကြီး ဖွင့်မမောင်းရ၊ ရှေ့ဘေးမီးငယ်ဖြင့်သာ မောင်းနှင်ပါ။

၅။ ညအချိန်တွင် အနှိန်ပြင်းစွာမမောင်းရ၊ ယာဉ်ချင်းရှောင်တိမ်းရာတွင် လွတ်လွတ်ကင်းကင်းရှောင်ပါ။



## ယာဉ်တိုက်မှုဖြစ်လျှင်

၁။ ယာဉ်တိုက်မှုတွင် မိမိယာဉ်ပါဝင်ပါက ချက်ချင်းရပ်ထားပါ။


၂။ သင့်ယာဉ်တိုက်မှုကြောင့်ဒဏ်ရာရပါက ဒဏ်ရာရသူကို ယာဉ်မောင်းက ဆေးရုံသို့အမြန်ပို့ပါ။

၃။ လိုအပ်သောအကူအညီ ချက်ချင်းပေးပါ။

၄။ အနီးဆုံးရဲစခန်း၊ ယာဉ်ထိန်းရဲသို့ ချက်ချင်းအကြောင်းကြားပါ။

၅။ ပျက်ကွက်လျှင်ယာဉ်မောင်းသူအား ရာဇဝတ်ကြီးပုဒ်မဖြင့် အရေးယူနိုင်သည်။

၆။ ယာဉ်တိုက်ပြီး ထွက်ပြေးလျှင် ပို၍အပြစ်ကြီးမည်။



**ခရီးသည်တင်ဘတ်စ်ကားယာဉ်များ လိုက်နာရန်စည်းကမ်းများ**

၁။ လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ခရီးသည်များကိုအခကြေးငွေယူ၍ တင်ဆောင်မောင်းနှင်ခြင်းမပြုရ၊

၂။ ခရီးသည်များတင်ချရန်အတွက် မှတ်တိုင်နေရာ၊ လမ်းနံဘေးသို့ ယာဉ်ကိုကပ်၍ရပ်ရမည်။ အခြားခရီးသည်တင်ယာဉ်နှင့် ဘေးချင်းတိုက် လုံးဝမရပ်ရ၊

၃။ ခရီးသည်များ လုံးလုံးလျားလျား အတက်အဆင်းပြုလုပ်ပြီးမှသာလျှင် ယာဉ်ကို စတင်မောင်းနှင်ရမည်၊

၄။ နောက်မှ မှတ်တိုင်နေရာသို့ရောက်ရှိလာသောယာဉ်များ ရပ်ဆိုင်းရန်နေရာမလုံလောက်ပါက မိမိယာဉ်ကို ခရီးဆက်လက်ထွက်ခွာရန် မောင်းနှင်ရမည်၊

၅။ ခရီးသည်တင်ဘတ်စ်ကားများသွားလာရန်အတွက် ယာဉ်ကြောသီးသန့် သတ်မှတ်ပေးထားပါက ၎င်းယာဉ်ကြောအတွင်း၌သာ သွားလာရပါမည်၊

၆။ ခရီးသည်တင် ဘတ်စ်ကားယာဉ်များသည် သတ်မှတ်ထားသည့် အရှိန်နှုန်းအတွင်းသာ မောင်းနှင်ရမည်၊

၇။ လက်မှတ်ရောင်းများသည် ခရီးသည်များထံမှ သတ်မှတ်ထားသော အခထက် ပိုမိုတောင်းယူခြင်းမပြုရ၊

၈။ ယာဉ်၏အမိုး၊ ရှေ့အဖုံး၊ ရှံ့ကာ၊ နောက်ပိတ်၊ ခြေနင်းတို့ပေါ် ခရီးသည်မတင်ရ၊ ယာဉ်ဘေးနှင့်နောက်ဘွင် တွဲလောင်းခိုမစီးစေရ၊

၉။ ယာဉ်မောင်းသူနှင့် လက်မှတ်ရောင်းသူတို့သည် ပြည်သူနှင့်ဆက်ဆံရာတွင်ပြေပြစ်ရမည်၊


၁၀။ သတ်မှတ်ထားသည့် ခရီးသည်အရေအတွက်ထက်ပို၍မတင်ရ၊

၁၁။ အများပြည်သူများ အန္တရာယ်ဖြစ်စေရန်နှင့် မနှောင့်နှေးစေရန် ဘတ်စ်ကားကို အစဉ်ပြုပြင်ထားရမည်၊

၁၂။ ယာဉ်မောင်းသူ၏ထွက်ပေါက်ဘက်တွင် မည်သူမျှ မစီးနင်းစေရ၊

၁၃။ ကူးစက်ရောဂါရှိသူ၊ သေရည်သေရက် သောက်စားမူးယစ်သူ၊ စိတ်ပေါ့သွပ်သူ၊ တိရစ္ဆာန်၊ညစ်ထေးနံစော်သောပစ္စည်း၊ မီးလောင်ပေါက်ကွဲစေတတ်သောပစ္စည်းများ ဘတ်စ်ကားပေါ်မတင်ရ၊

၁၄။ အသင့်အသုံးပြုနိုင်သည့် အရန်ဘီး တစ်ဘီးပါရှိရမည်။



## ဘတ်စ်ကားစီးခရီးသည်များလိုက်နာရန်စည်းကမ်းများ

၁။ ဘတ်စ်ကားယာဉ်ပေါ်တွင် မည်သူမျှ ဆေးလိပ်မသောက်ရ၊

၂။ ခရီးသည်တိုင်းသည် ခရီးသည်အဖြစ်လိုက်ပါစီးနင်းခ အမှန်ကျသင့်ငွေကို လက်မှတ်ရောင်းအား ပေးရန်တာဝန်ရှိပြီး ယာဉ်စီးခွင့်လက်မှတ် လက်ဝယ်ရှိနေရမည်၊

၃။ စီးနင်းလိုက်ပါသောခရီးသည်များ၏ သက်သောင့်သက်သာရှိစေရန်နှင့် ဘေးအန္တရာယ်ကင်းစေရေးအတွက် ယာဉ်မောင်းသူ (သို့မဟုတ်) လက်မှတ်ရောင်း၏ညွှန်ပြချက်တို့ကို ခရီးသည်တိုင်းက လိုက်နာရမည်၊

၄။ ခရီးသည်များသည် ယာဉ်အတွင်း၌သာစီးရမည်။ အမိုး၊ ယာဉ်အရှေ့အဖုံး၊ ရှေ့ကား၊ ယာဉ်နောက်ပိတ်၊ ခြေနင်းခုံ စသည်တို့ပေါ်တွင်မစီးရ။ ယာဉ်၏နံဘေးနှင့် နောက်တွင်လည်း တွဲလောင်းခိုမစီးရ၊

၅။ ခရီးသည်များသည် မှတ်တိုင်နေရာ၌သာ အတက်အဆင်းပြုလုပ်ရမည် မီးပွိုင့်နှင့်လမ်းခုလတ်များ၌ အတက်အဆင်းမပြုလုပ်ရ၊

၆။ ယာဉ်ပေါ်သို့တိုးဝှေ့တက်ခြင်း၊ ဆင်းခြင်းမပြုရ၊

၇။ စထွက်သည့်ယာဉ်နောက်သို့ အပြေးလိုက်မတက်ရ၊ ယာဉ်လုံးဝမရပ်တန့်မီ ယာဉ်ပေါ်မှ မဆင်းရ၊

၈။ ခရီးသည်များသည်ယာဉ်ပြတင်းပေါက်တွင်လက်တင်ခြင်း၊ထုတ်ခြင်း၊ ခေါင်းပြူထွက်ခြင်း၊ တံတွေးထွေးခြင်း မပြုရ။



ကုန်တင်ယာဉ်များ သတိပြုလိုက်နာရန် စည်းကမ်းများ

၁။ လုပ်ငန်းလိုင်စင်ရယူခြင်း မရှိဘဲ ကုန်များကို အခကြေးငွေယူ၍ တင်ဆောင်မောင်းနှင်ခြင်းမပြုရ၊

၂။ ယာဉ် တွင် တင် ဆောင် ရန် သတ် မှတ် ထား သည့် ကုန်တင်ချိန်ထက်ပို၍ တင်ဆောင်ခြင်း မပြုရ၊

၃။ တင်ဆောင်နိုင်သော ကုန်တန်ချိန်ကို ယာဉ်၏ လက်ယာဘက် ဘေးတွင် မြင်သာနိုင်သည့် နေရာတွင် ဆီဆေးဖြင့် ရေးသားထားရမည်၊

၄။ ကုန်ပစ္စည်းများ တင်ဆောင်ရာတွင် ယာဉ်၏ရှေ့တွင် ၁ မီတာ (၃ ပေ ၃ လက်မ ခန့်) သော်လည်းကောင်း၊ နောက်တွင် ၂ မီတ္တာ (၆ ပေ ၆ လက်မခန့်) သော်လည်းကောင်း ပို၍အစွန်းမထွက်စေရ၊ နောက် တွင် ၁ မီ တာ ထက် ပို သော ကုန် ပစ္စည်း များ အ တွက် (၁၂) လက်မအချင်းထက် မနည်း ရှိ ပြ / နီထက်ဝက် သုတ်ထား သည့် သံပြားချိတ်ထားရမည်၊

၅။ အခြားသူများ အန္တရာယ်မဖြစ်စေရန် တင်ဆောင်ထားသော ကုန်ပစ္စည်းတို့ကို ခိုင်မြဲစွာ တုတ်နှောင်ထားရမည်၊

၆။ ၂ တန် နှင့် အ ထက် ကုန် တင် ယာဉ် များ သည် ကုန် ပစ္စည်း တင် ဆောင်လျှင် လမ်းပေါ်မှ အမြင့် ၁၂ပေထက်မပိုစေရ၊

၇။ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက သတ်မှတ်သည့် ကုန် တင်ခန့်မှန်းထားထက် ပို၍ တောင်းခံခြင်း မပြုရ၊

၈။ သာမန်အားဖြင့် ကုန်တင်ယာဉ်များသည် နောက်ပိတ်ကို ပိတ်၍ မောင်းနှင်ရမည်၊

၉။ အန္တရာယ်ဖြစ်စေတတ်သော ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင် လျှင် ထိုကုန်ပစ္စည်းများအတွက် လိုအပ်သော ကြိုတင် ကာကွယ်မှု များကိုဆောင်ရွက်၍ အထူးသတိပြုမောင်းနှင်ရမည်၊

၁၀။ နိုင်ငံတော်အစိုးရမှ တားမြစ်ထားသောကုန်ပစ္စည်းများကို တရားဝင် ခွင့်ပြုချက်မရှိဘဲ မတင်ဆောင်ရ၊

၁၁။ ကုန်ပစ္စည်းအတင်အချကို သတ်မှတ်ခွင့်ပြုထားသည့် နေရာများတွင် သာ ပြုလုပ်ရမည်။ လမ်းပိတ်ဆို့မှုမဖြစ်စေရ။



**ယာဉ်တန်းများ လိုက်နာရန်စည်းကမ်းများ**

စနစ်တကျအုပ်ချုပ်ရုံဖြင့် ယာဉ်တန်းဖြင့် မောင်းနှင်သွားလာလျှင် အောက်ပါအတိုင်း လိုက်နာပါ—


(က) ယာဉ်တန်းတစ်တန်းလျှင် စုစုပေါင်း ၁၀ စီးထက်မပိုရ၊

(ခ) ပိုလျှင် နောက်ထပ်ယာဉ်တန်းဖွဲ့၍ အချိန်ခြားပြီးသွားပါ၊

(ဂ) ရှေ့ဆုံးယာဉ်၌ အနီရောင်၊ နောက်ဆုံးယာဉ်၌ အပြာရောင် အလံကိုယာဉ်မောင်းခန်း လက်ဝဲဘက်ပြင်ပတွင် မြင်သာအောင် ချိတ်ထားရမည်၊

(ဃ) ယာဉ်တန်းတိုင်း ကြီးကြပ်ကွပ်ကဲသူ ပါရှိရမည်။ ၎င်းသည် တာဝန်ခံဖြစ်သည်။

F.2.B



စင်းလုံးငှား (တက္ကစီ) ယာဉ်များလိုက်နာရန် စည်းကမ်းများ

၁။ လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ခရီးသည်များကို အခကြေးငွေယူ၍ တင်ဆောင်မောင်းနှင်ခြင်းမပြုရ။ နံပါတ်အနက်ဖြင့်အငှားလိုက်ခြင်း မပြုရ၊

၂။ တက္ကစီ မီတာတပ်ဆင်ထားသည့်ယာဉ်မှအပ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများက သတ်မှတ်သည့် ယာဉ်စီးခနှုန်းကို ယာဉ်အတွင်း ထင်ရှားစွာရေးသားထားပြီး သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ကျသင့်ငွေကို ခရီးသည်ထံမှ တောင်းခံရမည်။ ပိုမို၍ တောင်းခံခြင်း မပြုရ၊

၃။ ခရီးသည်တစ်ဦး တစ်ယောက်က ငှားရမ်းလျှင် လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိဘဲ အငှားလိုက်ရန် ငြင်းဆန်ခြင်းမပြုရ၊

၄။ ခရီးသည်သွားလိုရာသို့ ယာဉ် မောင်း သူ က အနီးဆုံး လမ်းခရီးဖြင့် ပို့ဆောင်ပေးရမည်၊ အကယ်၍ ခရီးသည်က ၎င်းသွားလိုသည့် လမ်းခရီးကို ညွှန်ကြားလာလျှင် ညွှန်ကြားသည့်အတိုင်း ပို့ဆောင်ပေးရမည်၊

၅။ ခရီးသည်မေ့ကျန်ခဲ့သောပစ္စည်းတို့ကို ယာဉ်မောင်းသူ တွေ့ရှိလျှင် ထိုပစ္စည်းကို ပိုင်ရှင်ထံ အမြန်ဆုံးပို့ပေးရမည်၊

၆။ ယာဉ်မောင်းသူသည် လုပ်သားပြည်သူတို့နှင့်ဆက်ဆံရာတွင် ချိုပြစ် ရမည်။



**မော်တော်ဆိုင်ကယ် စီးသူများ လိုက်နာရန်စည်းကမ်းများ**

၁။ မော်တော်ဆိုင်ကယ်၏ လက်ကိုင်နှစ်ဖက်ကို လွှတ်၍မစီးရ။ လက်ဖြင့် အချက်ပြသည့်အခါ ကျန်လက်တစ်ဖက်ဖြင့်စီးနိုင်သည်၊

၂။ နောက်ထိုင်ခုံတွင် တစ်ဦးထက်ပို၍ မတင်ရ။ ရှေ့တွင်မည်သူမျှ မတင်စီးရ၊

၃။ ပစ္စည်းတင်ပါကပစ္စည်းသည် နောက်ခုံ၏ဘေး တစ်ဖက်တစ်ချက် ၁၅ စင်တီမီတာ (၆ လက်မ) နှင့်နောက်ဘီး တာယာအစွန်းမှ ၃၁ စင်တီမီတာ(၁၂ လက်မ) ထက် မပိုစေရ။ အမြင့်သည် ယာဉ်စီးသူ၏ ပခုံးထက် မမြင့်စေရ၊

၄။ အန္တရာယ်ဖြစ်နိုင်သည့်ပစ္စည်းနှင့် မထိန်းသိမ်း နိုင်လောက်အောင် လေးသည့် ပစ္စည်းများ မတင်ရ၊

၅။ ပြိုင်မစီးရ၊ အခြားယာဉ်များ အနှောင့်အယှက်ဖြစ်အောင်မစီးရ၊

၆။ မော်တော်ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာ တပ်၍ စီးရမည်၊

၇။ အန္တရာယ်ဖြစ်နိုင် လောက်အောင် လွင့်ပျံနေသော အဝတ်အစားဖြင့် မစီးရ၊

၈။ မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံမြင့်၍ မစီးရ၊

၉။ မော်တော်ယာဉ်များနည်းတူ သတ်မှတ်ထားသည့် လမ်းစည်းကမ်းများကို လိုက်နာရမည်။



## ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းများ

ခြေကျင်လျှောက်သူများသည်—

(၁) သက်ဆိုင်သည့် လမ်းညွှန်း၊ လမ်းအမှတ်အသားများ အတိုင်း လိုက်နာရမည်။

(၂) ကြီးကြပ်ထိန်းသိမ်းသည့် ယာဉ်ထိန်းရဲရှိလျှင် ၎င်း၏ညွှန်ပြချက် အတိုင်း လိုက်နာရမည်။

(၃) လူသွားစင်္ကြံ (သို့မဟုတ်) သတ်မှတ်ထားသောလမ်းရှိလျှင် ထိုနေရာများပေါ်မှ သွားရမည်။

(၄) လူသွားစကြ်ံမရှိလျှင် တတ်နိုင်သမျှ လမ်း၏ဝဲဘက်နံဘေးမှကပ်၍ ယာဉ်ကြောကို မျက်နှာမူပြီး လျှောက်ရမည်။

(၅) ဘတ်(စ်) ကားစီးလိုလျှင် သတ်မှတ်ထားသောနေရာမှ စီးရမည်၊ ဆင်းရမည်။

(၆) လမ်းမပိတ်ဆို့ရ၊ ရင်ပေါင်တန်းမလျှောက်ရ။

(၇) ခိုင်လုံသော အကြောင်းတစ်စုံတစ်ရာမရှိဘဲ လမ်းပေါ်တွင် လမ်းလျှောက် ခြင်း၊ ရပ် ခြင်း၊ ထိုင် ခြင်း၊ အိပ် ခြင်း၊ က စား ခြင်း၊ လမ်းပေါ်ထွက်၍ ယာဉ်ကိုတားခြင်း မပြုလုပ်ရ။

(၈) မီးသတ်ယာဉ်၊ သူနာတင်ယာဉ်၊ ပြည်သူ့ရဲတပ်ဖွဲ့ယာဉ် စသည့် အရေးကြီးယာဉ်တို့အချက်ပေးလာလျှင် ၎င်းယာဉ်များကို ဦးစားပေး၍ လမ်းပေါ်မှ အမြန်ဖယ်ရမည်။

(၉) မျဉ်းကျား၊ လူကူးတံတား၊ မြေအောက်လမ်း (သို့မဟုတ်) သတ်မှတ် ခွင့်ပြုထားသည့်နေရာများမှသာ လမ်းဖြတ်ကူးရမည်။

(၁၀) လမ်းကိုကန့်လန့်ဖြတ် တည့်တည့်ကူးပါ၊ လမ်းပေါ်အလျားလိုက် မျှော၍မကူးရ။

(၁၁) သတ်မှတ်သည့်နေရာများမှဖြတ်ကူးလျှင် လက်ယာဘက်ခြမ်းမှဖြတ် ကူးပါ။

(၁၂) လမ်းဆုံတွင် ခွင့်ပြုမထားလျှင် ထောင့်ဖြတ်မကူးရ။

(၁၃) ယာဉ်အတွက် မီးစိမ်းပြနေသည့်လမ်းကို မဖြတ်ကူးရ။

(၁၄) ခြေကျင်လျှောက်သူများအတွက် သီးခြားအချက်ပြရှိလျှင် ထိုအချက်ပြမီးကခွင့်ပြုမှ လမ်းဖြတ်ကူးပါ။

(၁၅) လူသွားစင်္ကြံနှင့် လမ်းပေါ်ရှိအရံအတား၊ သံဇကာများ၏ အောက်မှ သော်လည်းကောင်း၊ အထက်မှ သော်လည်းကောင်း ဖြတ်သန်းခြင်းမပြုရ။

(၁၆) မြင်ကွင်းကွယ်နေသော နေရာမှ လမ်းပေါ်ရုတ်တရက်ထွက်လာခြင်း၊ လမ်းဖြတ်ကူးခြင်းမပြုရ။

(၁၇) အုပ်ထိန်းသူမပါဘဲ အသက် ၆ နှစ်နှင့်အောက် ကလေးများအား လမ်းပေါ်သွားလာခြင်း မရှိစေရ။

(၁၈) လမ်းဖြတ်ကူးခွင့်ပြုသည့်နေရာမှ လမ်းဖြတ်ကူးသူများကို အနှောင့်အယှက်ဖြစ်စေရန် စင်္ကြံပေါ်တွင် ရပ်မနေရ။



**စက်ဘီးစီးသူများ လိုက်နာရန်စည်းကမ်းများ**

စက်ဘီးစီးသူသည်—

(၁) မော်တော်ယာဉ် လမ်းပေါ်တွင် စက်ဘီးစီးလျှင် မော်တော်ယာဉ်များနည်းတူ လမ်းစည်းကမ်းကို လိုက်နာရမည်။

(၂) မစီးဘဲ တွန်းသွားပါက ခြေကျင်လျှောက်သူများလိုက်နာရန် စည်းကမ်းအတိုင်း လိုက်နာရမည်။

(၃) စက်ဘီးတွင် ဘရိတ်၊ ခြေနင်း၊ အချက်ပေးခေါင်းလောင်း ကောင်းမကောင်းစစ်ဆေး၍ ကောင်းမွန်မှသာစီးရမည်။

(၄) စက်ဘီးကို လက်နှစ်ဘက်လုံးလွှတ်မစီးရ။

(၅) သာမန်အားဖြင့် လက်ယာဘက်သို့ကပ်၍စီးရမည်၊ သတ်မှတ်ထားသော စက်ဘီးလမ်းရှိပါက ထိုလမ်းမှစီးရမည်။

(၆) မူးယစ်နေစဉ် စက်ဘီးမစီးရ၊ ခြေနင်းမမီသော စက်ဘီးကို မစီးရ။

(၇) လူသွားစင်္ကြံ၊ လမ်းပေါ်ကျွန်း၊ ကျွန်းအမှတ်အသားပေါ် မစီးရ။

(၈) စက်ဘီးကို အဆန်းထွင် မစီးရ၊ ရင်ပေါင်တန်းမစီးရ။

(၉) ယာဉ်ကြောကို ဆန့်ကျင်မစီးရ။

(၁၀) သွားလာနေသောယာဉ်၏ နောက်/ဘေးမှ ကပ်၍ တွယ်၍ မစီးရ။

(၁၁) စက်ဘီး၏နောက် ပစ္စည်းတင်စင်ပေါ်၌ လူတစ်ဦးသာတင်စီးနိုင်သည်၊ အခြားမည်သည့်နေရာတွင်မှ လူပိုမတင်ရ။

(၁၂) စက်ဘီး၏နောက်တွင်ပစ္စည်းတင်စင်ပေါ်၌ အလျား (၂) ပေ၊ အနံ (၂) ပေ၊ အမြင့် (၂) ပေထက်ပိုသော ပစ္စည်းမတင်ရ။

(၁၃) မထိန်းသိမ်းနိုင်သည့် ပစ္စည်းအလေးနှင့် အန္တရာယ်ဖြစ်နိုင်သော ပစ္စည်း မတင်ရ။

(၁၄) စက်ဘီးအရှိန်လျှော့ရန်၊ ကွေ့ရန်၊ ကျော်တက်ရန်၊ တည့်တည့်သွားရန်၊ ရပ်ရန်စသည်တို့အတွက် လက်ဖြင့်ကြိုတင်အချက်ပြရမည်။

(၁၅) စက်ဘီးရှေ့တွင် မီးအဖြူတစ်လုံး၊ နောက်တွင် အရောင်ပြန်ပြားအနီတစ်ခု၊ ခြေနင်းများတွင် အရောင်ပြန်ပြားများ တပ်ဆင်ရမည်။

(၁၆) ညအချိန်၌ မီးထွန်း၍ စီးရမည်။



အနေးယာဉ်များ လိုက်နာရန်စည်းကမ်းများ

၁။ မော်တော်ယာဉ်များနည်းတူ သတ်မှတ်ထားသည့် လမ်းစည်းကမ်းများကို လိုက်နာရမည်၊

၂။ လက်ယာဘက်ဘေးမှ ကပ်၍သွားရမည်။ ရင်ပေါင်တန်းမသွားရ၊

၃။ ထွက်၊ ချော်တက်၊ ကွေ့၊ လမ်းဖြတ်၊ ရပ်လိုလျှင်အန္တရာယ်ကင်းမကင်းကြည့်ပြီး ကြိုတင်အချက်ပြရမည်၊

၄။ ကုန်းဆင်းများတွင် မထိန်းသိမ်းနိုင်လောက်အောင် အရှိန်ပြင်းစွာမဆင်းရ၊

၅။ အန္တရာယ်ဖြစ်စေနိုင်လောက်သည့် ခရီးသည်၊ ပစ္စည်းများ မတင်ဆောင်ရ၊

၆။ ဘေးကပ်ရပ်၍ ပစ္စည်း၊ ခရီးသည် အတင်အချပြုလုပ်ရမည်၊

၇။ ညအချိန် သွားလာသည့်အခါ ရှေ့တွင်မီးများနှင့် နောက်တွင် အရောင်ပြန်ပြားအနီရှိရမည်၊

၈။ လူသွားစင်္ကြံပေါ်မသွားလာရ၊

## တိရစ္ဆာန်ဆွဲယာဉ်များလိုက်နာရန်စည်းကမ်းများ

၁။ မော်တော်ယာဉ်များနည်းတူ သတ်မှတ်ထားသည့်လမ်းစည်းကမ်းများကို လိုက်နာရမည်၊

၂။ လက်ယာဘက်ဘေးမှ ကပ်၍ မောင်းနှင်ရမည်၊

၃။ တိရစ္ဆာန်ဆွဲလှည်းယာဉ်များ မဝင်ရကန့်သတ်ထားသောလမ်းများနှင့်နယ်နမိတ်များရှိလျှင်ထိုကန့်သတ်ချက်အတိုင်းလိုက်နာရမည်၊

၄။ သံခွေတပ်ဘီးပါသော လှည်းများ မော်တော်ယာဉ်လမ်းပေါ်တွင် သွားလာခွင့်မရှိစေရ၊


၅။ ခွင့်ပြုထားသောလမ်းများပေါ်တွင်သွားလာရာ၌တိရစ္ဆာန် မှစွန့်ပစ်သည့်အညစ်အကြေးများ လမ်းပေါ်တွင် မကျရောက် စေရန် စီမံဆောင်ရွက်ရမည်၊

၆။ ညအချိန် တိရစ္ဆာန်ဆွဲလှည်းယာဉ်၏ ရှေ့တွင် မီးအိမ်နှင့် နောက်တွင်ရောင်ပြန်ပြားအနီ ပါရှိရမည်၊

၇။ ခနီးသည် (သို့မဟုတ်) လိုက်ပါစီးနင်းသူနှင့် ကုန်ပစ္စည်း များအား အန္တရာယ်ဖြစ်စေနိုင်လောက်အောင် တင်ဆောင်ခြင်းမပြုရ၊

၈။ တိရစ္ဆာန်ဆွဲလှည်းယာဉ်အနေဖြင့်နိုင်ခန့်မှုစစ်ဆေးပြီးမှဆွဲရမည်၊

၉။ အဝေးပြေးလမ်းမကြီးပေါ်တွင်မည်သည့်အနှေးယာဉ်မျှဝင်ရောက် မောင်းနှင်ခြင်းမပြုရ၊



### လမ်းပေါ်တိရစ္ဆာန်ထိန်းကျောင်းသူများ လိုက်နာရန်စည်းကမ်းများ

၁။ ထိန်းကျောင်းသူမပါဘဲ လမ်းပေါ်တွင်တိရစ္ဆာန်များ လွှတ်မထားရ။

၂။ လမ်းပေါ်တွင်တိရစ္ဆာန်များ မောင်း နှင် သွားလိုလျှင် ၎င်း တို့ကို အုပ်စုဖွဲ့၍ ထိန်းကျောင်းသူ အလုံအလောက်ဖြင့် တတ်နိုင်သမျှ လမ်းလက်ဝဲဘက် နံဘေးကပ်၍ ထိန်းကျောင်းသွားရမည်။

၃။ လမ်းဖြတ်ကူးလိုလျှင် ထိန်းကျောင်းသူသည် ယာဉ်အသွားအလာ ရှင်းမှ တိရစ္ဆာန်များကို ဖြတ်ကူးစေပါ။

၄။ ယာဉ်အသွားအလာ များပြားသည့်အချိန်တွင် တိရစ္ဆာန်များကို လမ်းပေါ်သို့ မောင်းနှင်မသွားရ။

## မော်တော်ယာဉ် နံပါတ်ပြားများ သတ်မှတ်ချက်

၁။ ကိုယ်ပိုင်ယာဉ်- နံပါတ်ပြား အောက်ခံအနက်၊ စာသားအဖြူ ။

၂။ အငှားယာဉ်- နံပါတ်ပြား အောက်ခံအနီ၊ စာသားအဖြူ။

၃။ သံတမန်ယာဉ်- နံပါတ်ပြား အောက်ခံအဖြူ ၊ စာသားအနက်။

၄။ သာသနာပိုင်ယာဉ် - နံပါတ်ပြား အောက်ခံအဝါ စာသားအနက်

၅။ ခရီးသွားလုပ်ငန်းသုံးယာဉ် - နံပါတ်ပြား အောက်ခံအပြာ - စာသားအနက်

၆။ မော်တော်ယာဉ်တိုင်းတွင် ရှေ့နံပါတ်ပြား တစ်ချပ်၊ နောက်နံပါတ်ပြားတစ်ချပ် ထင်ရှားမြင်သာစေရန် ခိုင်ခံ့စွာ တပ်ဆင်ရမည်။

၇။ နံပါတ်ပြားများကို မည်သည့်အရာနှင့်မျှ ဖုံးကွယ် မနေစေရ။

၈။ ခရီးသည်တင် ဘတ်စ်ကားနှင့် (၂) တန်အထက် ယာဉ်များ၏ ကိုယ်ထည် လက်ဝဲနှင့်လက်ယာ ဘေးများတွင်ပါ သတ်မှတ်ချက် အတိုင်း မှတ်ပုံတင်နံပါတ်ကို ရေးသားထားရမည်။

၉။ မော်တော်ဆိုင်ကယ်၏ရှေ့ ရွံ့ကာပေါ်တွင် အလျားလိုက်တပ်ဆင်လိုပါက မှတ်ပုံတင်နံပါတ်ကို နှစ်ဘက်စလုံး ရေးရမည်။

၁၀။ ဘေးတွဲတွင် ဘေး၌လည်းကောင်း၊ နောက်တွဲယာဉ် များတွင် နောက်ဘက်၌လည်းကောင်း ချိတ်ဆွဲမည့်ယာဉ်၏မှတ်ပုံတင်နံပါတ်ကို သတ်မှတ်ထားသည့်အတိုင်း ရေးသားထားရမည်။

၁၁။ ယာဉ်၏ရွံ့ကာ၊ ဘန်ပါပေါ်တွင်ယာဉ်နံပါတ် ရေးသားခွင့် မရှိပါ။

၁၂။ အက္ခရာစာလုံးနှင့် နံပါတ်ဂဏန်းများကို အတိုင်းမှလွဲ၍ အခြားပန်းချီဆန်ဆန်နှင့် စေးထောင့်ရေးသားခြင်း၊ အက္ခရာနှင့် ဂဏန်းကြား တုံးခံခြင်း၊ မျဉ်းစောင်းများကို တကြောင့်တည်းအစား တွန့်ခေါက်ဆွဲခြင်း၊ နံပါတ်ပြားများကို အခြားအရောင်ဖြင့် ကွပ်ခြင်း စသည်များ ရေးသားခွင့် မရှိပါ။

၁၃။ နံပါတ်ပြား အရွယ်နှင့် အက္ခရာ စာလုံးတို့၏ အနည်းဆုံး ရှိရမည့်အတိုင်းအတာများမှာ ဇယားပုံ (၁) တွင် ဖော်ပြထားပါသည်။

မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တွင် တပ်ဆင်ရန်နံပါတ်ပြားတွင် ရေးသားရမည့်အက္ခရာနှင့် ဂဏန်းများ၏
"စာနည်းစုံ" ရှိရမည့်အတိုင်းအတာ

ဇယားပုံ (၁)

| အမှတ်စဉ် | အကြောင်းအရာ | ၂ တန်အောက် | | ၂ တန်၊ ၂ တန်အောက် | | မော်တော်ဆိုင်ကယ် | |
|---|---|---|---|---|---|---|---|
| | | အမြင့် | အလျား | အမြင့် | အလျား | အမြင့် | အလျား |
| ၁ | အက္ခရာ (ဓ ဂ ဌ ဓ ဝ) နှင့် (ဒ ဂ ဝ) ဂဏန်းများ | ၂ ၁/၂" | ၂ ၁/၂" | ၁ ၃/၈" | ၁ ၃/၈" | ၁" | ၁" |
| ၂ | အက္ခရာ (က၊ ဃ၊ ဆ၊ ဟ၊ ယ) စသည်များ — | ၂ ၁/၂" | ၄ ၁/၂" | ၁ ၃/၈" | ၂ ၁/၄" | ၁" | ၁ ၃/၄" |
| ၃ | အက္ခရာ (က) — | ၂ ၁/၂" | ၄ ၁၅/၁၆" | ၁ ၃/၈" | ၃" | | |
| ၄ | အက္ခရာ (ဖ ဓ) နှင့် (၂ ၃ ၅ ၆ ၇ ၉) ဂဏန်းများ — | ၅" | ၂ ၁/၂" | ၂ ၁/၄" | ၁ ၃/၈" | ၁ ၅/၈" | ၁" |
| ၅ | အက္ခရာ (ဈ ည) — | ၅" | ၄ ၁/၂" | ၂ ၁/၄" | ၂ ၁/၄" | | |
| ၆ | မျဉ်းစောင်း ( / ) — | ၆" | ၁/၂" | ၃" | ၁/၄" | ၂" | ၃/၁၆" |
| ၇ | အက္ခရာ၊ ဂဏန်းကြားခြားရန်အကွာ — | ၁/၂" | | ၁/၄" | | ၃/၁၆" | |
| ၈ | နံပါတ်ပြား အတိုင်းအတာပမာဏ — | ၆ ၁/၂" | ၂၂ ၃/၄" | ၆" | ၁၂" | ၂ ၃/၄" | ၆ ၁/၄" |

မှတ်ချက်။ အက္ခရာ ဂဏန်းတို့၏ အတိုင်းအတာသည် အပြင်နယ်ကုန်အတိုင်းအတာဖြစ်သည်။

၁။ မှတ်ပုံမတင်ထားသော၊ ရပ်စဲထားသော၊ ဖျက်သိမ်း ထားသော၊ မှတ်ပုံတင်သက်တမ်းကုန်သောမော်တော်ယာဉ်များသည် ပြည်သူတို့ဆိုင်ရာ နေရာတစ်ခုခုတွင် မောင်းနှင်ခြင်း မပြုရ၊ (ပုဒ်မ-၃)။

၂။ သတ်မှတ်သည့် နည်းလမ်းအတိုင်း မော်တော်ယာဉ်များ ယာယီ မှတ်ပုံတင်ရန် လိုအပ်သည်၊ သတ်မှတ်သည့် ယာယီ မှတ်ပုံတင် သက်တမ်းတွင်သာ မောင်းနှင်ခွင့်ရှိသည်၊ အသစ်လဲခွင့် မရှိပါ၊ (ပုဒ်မ-၄)။

၃။ မော်တော်ယာဉ်ကို မောင်းနှင်သည့်အခါ ထိရောက်စွာ ထိန်းသိမ်းနိုင်အောင် အခါခပ်သိမ်း ပြုပြင်ထားရမည်၊ (ပုဒ်မ-၅)။

၄။ ဥပဒေ နည်းဥပဒေများနှင့်မညီညွတ်သော မော်တော်ယာဉ်များ မှတ်ပုံတင်ခွင့်ပြုမည်မဟုတ်၊ (ပုဒ်မ-၆)။

၅။ မော်တော်ယာဉ်ပိုင်ရှင် ပြောင်းလဲလိုလျှင် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြား ဆောင်ရွက်ရန် လိုသည်၊ (ပုဒ်မ-၇)။

၆။ ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်ကို ပြောင်းလဲ ပြင်ဆင်ခွင့် မရှိ၊ (ပုဒ်မ-၈)။

၇။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (သို့မဟုတ်) အာဏာအပ်နှင်းထားသူက သတ်မှတ်နည်းလမ်းအတိုင်း မော်တော်ယာဉ်၏ မှတ်ပုံတင်ကို ခေတ္တရပ်စဲနိုင်သည်၊ (ပုဒ်မ-၉)။

၈။ မော်တော်ယာဉ်သည် သုံးမရလျှင် (သို့မဟုတ်) ပြည်ပသို့ ထုတ်ယူလျှင် မှတ်ပုံတင်ဖျက်သိမ်းမည်၊ (ပုဒ်မ-၁၀)။

၉။ မော်တော်ယာဉ်ပိုင်ရှင်သည် မှတ်ပုံတင် ဖျက်သိမ်းသည့် အမိန့် ရရှိသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာသို့ အယူခံဝင်နိုင်သည် (ပုဒ်မ-၁၁)။

၁၀။ အာမခံမထားဘဲ မော်တော်ယာဉ်ကို အသုံးပြု မောင်းနှင်ခြင်း မပြုလုပ်ရ၊ (ပုဒ်မ–၁၂)။

၁၁၊ အာမခံလုပ်ငန်းမှ မော်တော်ယာဉ်နှင့်ပတ်သက်၍ ပေးလျော်ရန် တာဝန်ရှိသည်၊ (ပုဒ်မ–၁၃)။

၁၂။ မည်သူမျှ ယာဉ်မောင်းလိုင်စင်မရှိဘဲ (သို့မဟုတ်) မပါဘဲ မောင်းနှင်ခြင်း (သို့မဟုတ်) မောင်းနှင်ခွင့် မပြုရ၊ (ပုဒ်မ–၁၅)။

၁၃။ လိုင်စင် ထုတ်ပေးသည့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနက လိုင်စင်ထုတ် ပေးရန် ငြင်းဆို နိုင်သည်၊ ရုပ်သိမ်း နိုင်သည်။ (ပုဒ်မ–၁၆)။

၁၄။ ပြည်သူတို့ဆိုင်ရာ နေရာတစ်ခုခုတွင် သတ်မှတ်ထားသော အမြန်နှုန်းထက် ပိုမမောင်းရ၊ (ပုဒ်မ–၁၇)။

၁၈။ ယာဉ်တိုက်မှုကြောင့်ဒဏ်ရာရပါက ဒဏ်ရာရသူကို ယာဉ်မောင်းသူက ဆေးရုံသို့ပို့ရန် တာဝန်ရှိသည်၊ (ပုဒ်မ–၁၈)။

၁၉။ ယာဉ်တိုက်မှုဖြစ်သောယာဉ်ကို အာဏာအပ်နှင်းထားသော အရာရှိက ကြည့်ရှုစစ်ဆေးနိုင်သည်၊ (ပုဒ်မ–၁၉)။

၂၀။ လိုင်စင်မရှိဘဲ လက်မှတ်ရောင်း/စပယ်ယာဆောင်ရွက်လျှင်၊
မော်တော်ယာဉ်ကို စိတ်/ကိုယ်အားဖြင့် မောင်းနှင်ရန် မသင့်သည့်အခါ မောင်းနှင်လျှင်၊

ခွင့်ပြုအလေးချိန်ထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်လျှင်၊ ခြေကျင်လမ်းကူးနေရာများနှင့် သက်ဆိုင်သည့် နည်းဥပဒေ ပြဋ္ဌာန်းချက်တစ်ခုခုကို ချိုးဖောက်လျှင်၊

ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ စက်ကိရိယာ တစ်ခုခုကို အနေအထား ပျက်အောင်ပြုလျှင်၊

၁၀၀ိ/–ထက်မနည်း ၁၀၀၀ိ/–ထက်မပိုသည့်ငွေဒဏ်၊

၁ နှစ်အတွင်း ထပ်မံကျူးလွန်လျှင်၊
၂၀ဝိ/-ထက်မနည်း ၁၅၀ဝိ/- ထက်မပိုသော ငွေဒဏ် ကျခံရမည်။ (ပုဒ်မ-၂၀)။

၂၁။ မော်တော်ယာဉ်ကို မှတ်ပုံမတင်လျှင်၊
မော်တော်ယာဉ်ကို အာမခံမထားဘဲ အသုံးပြုလျှင်၊
ယာဉ်မောင်းလိုင်စင်မရှိဘဲ ယာဉ်မောင်းနှင်လျှင်၊
ယာဉ်ကို အရမ်းမဲ့ ဘေးဖြစ်စေလောက်အောင် မောင်းနှင်လျှင်၊
သေရည်သေရက်၊ မူးယစ်ဆေးသုံးစွဲ၍ ယာဉ်ကိုမထိန်းနိုင်လောက်အောင် မောင်းနှင်လျှင်၊
၆ လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀ဝိ/-ထိငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ
၁ နှစ်အတွင်း ထပ်မံကျူးလွန်လျှင်၊
၁ နှစ်အထိ ထောင်ဒဏ်ကျပ် ၅၀ဝိ/–မှ ၁၅၀ဝိ/–ထိ ငွေဒဏ် သို့မဟုတ် ဒဏ် ၂ ရပ်စလုံးကျခံရမည်၊ (ပုဒ်မ–၂၁)။

၂၂၊ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေပါ ပြဋ္ဌာန်းချက်၊ ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ခုခုကို ကျူးလွန်လျှင် (သီးခြားသတ်မှတ်သည့် ပြစ်ဒဏ် မဖော်ပြလျှင်)
၂၀ဝိ/-မှ ၁၅၀ဝိ/-ထိ ငွေဒဏ်ကျခံရမည်၊ (ပုဒ်မ–၂၂)။

၂၃။ ယာဉ်တိုက်မှုဖြစ်ပါက ဥပဒေအရ အရေးယူခံရမည့်အပြင် သတ်မှတ်သည့် လျော်ကြေးငွေပါ ပေးရန်တာဝန်ရှိသည်၊ (ပုဒ်မ–၂၃)။

၂၄။ မော်တော်ယာဉ် ဥပဒေပါ ပြစ်မှုကျူးလွန် အားပေးကူညီသူအား ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်စီရင်ခြင်းခံရမည်၊ (ပုဒ်မ–၂၄)။

၂၅။ ကုမ္ပဏီပိုင်ယာဉ်များ ကျူးလွန်သည့် ပြစ်မှုအတွက် ကုမ္ပဏီလူကြီးများတွင် တာဝန်ရှိသည်၊ (ပုဒ်မ–၂၅)။

၂၆။ အရမ်းမဲ့မောင်းသူနှင့် မူးယစ်၍ မောင်းသူကို ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်၊ (ပုဒ်မ–၂၆)။

၂၇။ မမှန်ဟု ယုံကြည်သည့် လိုင်စင်၊ မှတ်ပုံတင် သက်သေခံ လက်မှတ်၊ အာမခံ သက်သေခံလက်မှတ်နှင့် အခြားစာသားအမှတ်အသားများကို လိုအပ်ပါက သိမ်းယူခွင့်နှင့် ပြစ်မှုကျူးလွန်သည့် ယာဉ်မောင်းကို ယာဉ်မောင်းလိုင်စင် သိမ်းယူနိုင်သည့်အပြင် ထိုသို့ သိမ်းယူကြောင်း ယာယီလက်မှတ် ထုတ်ပေးခွင့်ကို ရဲအရာရှိအား အာဏာအပ်နှင်းထားကြောင်းနှင့် ထို ယာယီလက်မှတ်ဖြင့် ယာဉ်မောင်းနှင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်၊ (ပုဒ်မ–၂၇)။

၂၈။ မှတ်ပုံတင် သက်သေခံလက်မှတ်မပါဘဲ အသုံးပြုသည့် မော်တော်ယာဉ်ကို သိမ်းယူထားဆီးနိုင်သည်၊ (ပုဒ်မ–၂၈)။

၂၉။ ရဲဝန်ထောက်ထက် တစ်ဆင့်မနိမ့်သော ရဲအရာရှိအား သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ပြေငြိမ်းနိုင်သည့် ပြစ်မှုများကို ပြေငြိမ်းခွင့်ပြုထားသည်၊ (ပုဒ်မ–၂၉)။

၃၀။ ပုဒ်မ–၂၁ အရ ပြစ်ဒဏ်မှလွဲလျှင် အကျဉ်းနည်းဖြင့် လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ခွင့်ကိုလည်းကောင်း၊ ဒဏ်ငွေကို စာတိုက်မှ ပို့ခွင့်ကိုလည်းကောင်း ခွင့်ပြုထားသည်၊ (ပုဒ်မ–၃၀)။

၃၁။ မော်တော်ယာဉ် ဥပဒေအရ ကျူးလွန်သော ပြစ်မှုများကို ဒုတိယတန်း တရားသူကြီးအောက်မနိမ့်သော တရားရုံးကသာ စစ်ဆေးစီရင်ခွင့်ရှိသည်၊ (ပုဒ်မ–၃၁)။

၃၂။ အစိုးရက သတ်မှတ်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ကင်းလွတ်ခွင့် ပြုနိုင်သည်၊ (ပုဒ်မ-၃၂)။

၃၃။ အစိုးရသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို အထမြောက်စေရန် နည်းဥပဒေများ ပြုနိုင်သည်၊ (ပုဒ်မ–၃၃)။

## ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေ

(၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ်–၁၈)

၁။ မည်သူမျှ လိုင်စင်မရှိဘဲ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို မလုပ်ကိုင်ရ၊ (ပုဒ်မ–၃)။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံသားမဟုတ်လျှင် မည်သူ့ကိုမျှ လုပ်ငန်း လိုင်စင် ထုတ်မပေးရ၊ (ပုဒ်မ–၄)။

၃။ သတ်မှတ်သည့် နည်းလမ်းမှတစ်ပါး မည်သူမျှ လုပ်ငန်းလိုင်စင်ကို အာဏာပိုင်အဖွဲ့၏ ကြိုတင် ခွင့်ပြုချက်မရဘဲ မလွှဲပြောင်းရ၊ (ပုဒ်မ–၁၃)။

၄။ လိုင်စင်ရသူသည် လိုင်စင်ထုတ်ပေးထားသည့် မော်တော်ယာဉ်၊ စက်ရေယာဉ်ကိုအာဏာပိုင်အဖွဲ့၏ ကြိုတင် သဘောတူညီချက်မရဘဲ မရောင်းချရ (သို့မဟုတ်) မလွှဲပြောင်းရ၊ (ပုဒ်မ–၁၄)။

၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ခုခုကို ချိုးဖောက်လျှင်၊ ပျက်ကွက် လျှင် အာဏာပိုင်အဖွဲ့သည် တရားစွဲဆိုနိုင်သည်၊ ကြိုတင်အကြောင်း ကြား၍ ဖြစ်စေ၊ အကြောင်းမကြား၍ဖြစ်စေ လုပ်ငန်းလိုင်စင်ကို ခေတ္တဆိုင်းငံ့နိုင်သည် (သို့မဟုတ်) ဖျက်သိမ်းနိုင်သည်၊ (ပုဒ်မ–၁၅)။

၆။ မည်သူမဆို လိုင်စင်မရှိဘဲ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်လျှင်—

(က) ပထမအကြိမ် ကျူးလွန်သည့် ပြစ်မှုအတွက် ကျပ် ငါးရာ အောက်မနည်း ငွေဒဏ်၊

(ခ) တစ်နှစ်အတွင်း ထပ်မံကျူးလွန်ပါက ၆ လအထိ ထောင် ဒဏ်အပြင် ကျပ်တစ်ထောင်အောက်မနည်း ငွေဒဏ်စီရင်ခြင်း ခံရမည်၊ (ပုဒ်မ–၁၆)

F.4.A

၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ခုခု (ပုဒ်မ–၃ မ၊ ဂါ) ကို ချိုးဖောက်လျှင်—

(က) ပထမအကြိမ် ကျူးလွန်သည့် ပြစ်မှုအတွက် ကျပ် ငါးရာထိ ငွေဒဏ်၊

( ခ ) နောက်ထပ် ကျူးလွန်သည့် ပြစ်မှုအတွက် ကျပ် တစ်ထောင်ထိ ငွေဒဏ် (သို့မဟုတ်) ၆ လအထိ ထောင်ဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံး၊ (ပုဒ်မ–၁၇)။

၈။ အာဏာပိုင် (သို့မဟုတ်) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် အယူခံဝင်နိုင်သည်၊ (ပုဒ်မ–၂၂)။

## ၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ စည်းကမ်းဥပဒေများ

| | | |
|---|---|---|
| ၁။ ပြည်သူတို့အတွက်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ | ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း။ | (က-လိုင်စင်) |
| | ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း။ | (ခ-လိုင်စင်) |
| | စင်းလုံးငှားခရီးသည်သယ်ယူပို့ဆောင်ရေး လုပ်ငန်း။ | (ဂ-လိုင်စင်) |
| ၂။ ပဋိညာဉ်အရသယ်ယူပို့ဆောင်ရေးလုပ်ငန်း | ယာဉ်အား တစ်စီးတည်း အသုံးပြုရန် အဆက်မပြတ် အချိန် ကာလ အပိုင်း အခြားအတွက် ငှားရမ်းပေးအပ်လျက် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း။ | (ဃ-လိုင်စင်) |
| ၃။ ကိုယ်ပိုင်စီးပွားရေးအတွက်သယ်ယူပို့ဆောင်ရေးလုပ်ငန်း | မိမိ အ ရောင်း အ ဝယ် (သို့မဟုတ်) မိမိစီးပွားရေးလုပ်ငန်း တစ်ခုခုအတွက် ကုန်စည် သယ်ယူပို့ဆောင်ရန် အတွက် ယာဉ်အသုံးပြုခြင်း။ | (င-လိုင်စင်) |
| ၄။ ယာယီပို့ဆောင်ခွင့် | အရေးတကြီး (သို့မဟုတ်) အထူး လိုအပ်ချက်များကို ဖြည့် တင်း ရန် အ တွက် လည်းကောင်း၊ လိုင် စင် အသစ် လဲချိန်တွင် မလွဲ | (စ-ခွင့် ပြု လက်မှတ်) |

မရှောင်သာကြန့်ကြာနေ၍
လိုင်စင်ကုန်ဆုံး ရက်လွန်နေ
ချိန်တွင် လုပ်ငန်း ဆောင်
ရွက်နိုင်ရန်အတွက် လည်း
ကောင်း ယာယီခွင့်ပြုလက်
မှတ်ဖြင့်ပို့ဆောင်ခြင်း။

၅။ လိုင်စင်သက်တမ်း မကုန်မီအနည်းဆုံး ၁ လ ကြိုတင်၍ အသစ်လဲလှယ်ရန် တင်သွင်းရမည်၊ (ပုဒ်မ–၁၆)။

၆။ လုပ်ငန်းကို ကျေနပ်လောက်ဖွယ်ရာ ဆောင်ရွက်ကြောင်းနှင့် ယင်းလုပ်ငန်းကိုဆက်လက်၍ကျေနပ်လောက်ဖွယ်ရာ ဆောင်ရွက်နိုင်သည့် အခြေအနေရှိကြောင်း အာဏာပိုင်အဖွဲ့က ယူဆလျှင် လိုင်စင်အသစ်လျှောက်ထားသူထက် လက်ရှိ လိုင်စင် ရှိသူကို ဦးစား ပေးရမည် (ပုဒ်မ–၂၂)။

၇။ လိုင်စင်ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ ပါရှိသော အချက်အလက်များ မပီသခြင်းရှိလျှင် အာဏာပိုင်အဖွဲ့ထံ ချက်ချင်း အကြောင်းကြားရမည်၊ [ပုဒ်မ–၂၄ (၁) ]။

၈။ လိုင်စင်ရရှိသူသည် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေများ ( ဥပမာ – မော်တော်ယာဉ်ဥပဒေ၊ မော်တော်ယာဉ်နည်းဥပဒေ စသည်များ) အားလုံးကို လိုက်နာဆောင်ရွက်မှသာလျှင် လိုင်စင်အတည် ဖြစ်စေရမည်၊ (ပုဒ်မ–၂၈)။

၉။ ညစ်ပေနံစော်သော၊ ကျန်းမာရေးနှင့် မညီညွတ်သော ကုန်ပစ္စည်းများကို ခရီးသည် ပို့ဆောင်သည့်အချိန်တွင် သယ်ယူပို့ဆောင်ခြင်း မပြုရ၊ [ပုဒ်မ–၂၉ (၁) ]။

၁၀။ ခရီးသည်ပို့ဆောင်စဉ် သယ်ယူခွင့်မပြုသည့် ကုန်စည်နှင့် သယ်ယူခွင့်ပြုသော ကုန်စည်များအတွက်စည်းကမ်းချက်များသတ်မှတ်ပြဋ္ဌာန်းနိုင်သည်၊ ပုဒ်မ–၂၉ (၂)။

၁၁။ ခရီးသည် ပို့ဆောင်ရေးယာဉ်တွင် ကုန်စည်သယ်ယူနိုင်သော်လည်း
လိုင်စင်တွင် ပါရှိသော ခရီးသည် ပို့ဆောင်ရေးနှင့် စပ်လျဉ်းသည့်
စည်းကမ်းချက်များကို လိုက်နာရမည်၊ [ပုဒ်မ–၂၉ (၃) ]။

၁၂။ ကုန်ပစ္စည်းများကြောင့် ခရီးသည်တစ်ဦးဦးအား အန္တရာယ်
ဖြစ်စေခြင်း၊ သက်သာမှုကို ထိခိုက်ခြင်း၊ မချောင်လည်စေခြင်း
မရှိစေရ၊
[ပုဒ်မ–၂၉ (၄)]။

၁၃။ ကုန်စည်ပို့ဆောင်ရေးယာဉ်တွင် ပိုင်ရှင် (သို့မဟုတ်) ငှားရမ်းသူ
(သို့မဟုတ်) တရားဝင် အလုပ်သမား စုစုပေါင်း ၃ ဦးအထိသာ
တင်ဆောင်ခွင့်ပြုသည်၊[ပုဒ်မ–၃၀ (၁)]။

၁၄။ အာဏာပိုင်အဖွဲ့သည် လိုအပ်လျှင် ကုန်စည်ပို့ဆောင်ရာ၌ ကန့်သတ်
ထားသော လူဦးရေထက် ပိုမိုတင်ဆောင်ခွင့် ပြုနိုင်သည်။ [ပုဒ်မ–
၃၀ (၂)]။

၁၅။ လိုင်စင်အရခွင့်ပြုချက် မရှိလျှင် နောက်တွဲယာဉ် ချိတ်တွဲ ခွင့်မရှိ၊
[ပုဒ်မ–၃၁ (၁)]။

## ၁၉၈၉ ခုနှစ် မော်တော်ယာဉ် နည်းဥပဒေများ

၁၉၈၉ ခုနှစ်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီး အောက်ဖော်ပြပါ အခန်းများပါဝင်သည်—

(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ (နည်းဥပဒေ ၁ နှင့် ၂)၊

(၂) မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း (နည်းဥပဒေ ၃ မှ ၂၃ ထိ)။

(၃) မော်တော်ယာဉ်များ တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ (နည်းဥပဒေ ၂၄ မှ ၅၅ ထိ)။

(၄) မော်တော်ယာဉ်မောင်းသူ၊ အခြားစက်တပ်ယာဉ်မောင်းသူများနှင့် လက်မှတ်ရောင်း/စပယ်ယာများအား လိုင်စင်ထုတ်ပေးခြင်း၊ (နည်းဥပဒေ ၅၆ မှ ၈၂ ထိ)။

(၅) မော်တော်ယာဉ် မောင်းသူအတတ်သင်ကြားပေးသည့် လုပ်ငန်း လုပ်ကိုင်ခြင်း (သို့မဟုတ်) မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်း လုပ်ငန်းလုပ်ကိုင်ခြင်း၊ (နည်းဥပဒေ ၈၃ မှ ၉၉ ထိ)။

(၆) အငှားမော်တော်ယာဉ်စည်းကမ်းများ၊ (နည်းဥပဒေ ၁၀၀ မှ ၁၃၁ ထိ)။

(၇) မော်တော်ယာဉ် သွားလာမှုစည်းကမ်းများ၊ (နည်းဥပဒေ ၁၃၂ မှ ၁၇၅ ထိ)။

(၈) ခြေကျင်လျှောက်သူများလိုက်နာရန်စည်းကမ်းများ၊(နည်းဥပဒေ ၁၇၆ မှ ၁၈၁ ထိ)။

(၉) စက်ဘီးစီးသူများလိုက်နာရန်စည်းကမ်းများ၊ (နည်းဥပဒေ ၁၉၂ မှ ၂၁၀ ထိ)။

(၁၀) လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ၊ (နည်းဥပဒေ ၂၁၁ မှ ၂၁၃ ထိ)။

(၁၁) အထွေထွေ၊ (နည်းဥပဒေ ၂၁၄ နှင့် ၂၁၅)။

ပုဒ်မ ၂၆ မည်သူမျှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ

(က) လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဆောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း မပြုရ။

(ခ) လမ်းမကြီးများ၏ နယ်နမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုရ။

(ဂ) လမ်းမကြီး၏ နယ်နမိတ်အတွင်း ကန်တူးဖော်ခြင်း မပြုရ။

ပုဒ်မ ၂၇ မည်သူမျှ

(က) လမ်းမကြီး ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသူများအား နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

(ခ) လမ်းမကြီး၏ နယ်နမိတ်အတွင်း သက်ဆိုင်ရာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင် သီးနှံ များကို စိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုရ။

(ဂ) လမ်းမကြီးများ ပျက်စီးခြင်းမှ ကာကွယ်ရန် သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ပစ္စည်းနှင့် သစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

(ဃ) လမ်းမကြီးတာဘောင်တလျှောက် ရေမြောင်းကို တာပိတ်ဆို့၍ ရေလွှာင်ခြင်း မပြုရ။

(င) နည်းဥပဒေ ၂၃ နှင့် ၂၄ တို့တွင် သတ်မှတ်ထားသည့် ယာဉ်နှင့် ယှဉ်တွဲဖော်ပြထားသည့် တာယာအကျယ် (အနံ)ထက် ငယ်သော တာယာတပ်ဆင်ထားသည့် ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(စ) လမ်းမကြီး၏ လမ်းမျက်နှာပြင်ပေါ်တွင် သံဘီးကွပ်ထားသည့် လှည်းကို မောင်းနှင်ခြင်း မပြုရ။

(ဆ) လမ်းမကြီးဘေးတွင်လှည်းများ ဖြတ်သန်းသွားလာရမည့် လမ်း ဓရိုး၌ လျှိုမြောင် ၊ ချောက်ကမ်းပါး သို့မဟုတ် ချောင်းတည်

ရှိနေသဖြင့် လမ်းမကြီးပေါ်တွင် လှည်းကို မလွှဲမရှောင်သာ မောင်းနှင် ရသည့်အခါ လှည်းဘီး၌ တာယာအုပ်ထားသည့် လှည်း သို့မဟုတ် မော်တော်ကား တာယာဘီးတပ်ဆင်ထားသည့် လှည်းဘီးမှ အပ အခြား ဘီးမှအပ အခြားဘီး တပ်ဆင်ထားသည့် လှည်းကို မောင်းနှင်ခြင်း မပြုရ။

(စ) လမ်းမကြီး၏ လမ်းမျက်နှာပေါ်တွင် သံချိန်း သို့မဟုတ် သံသွား တပ်ဘီးတပ်ဆင်ထားသည့် ယာဉ်ကိုလည်းကောင်း၊ ရှေ့ဘီးယက် ခေါင်းပါးသော တာယာဘီးတပ်ဆင်ထားသည့် ယာဉ်ကို လည်းကောင်း၊ လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်မရှိဟု သတ်မှတ်ထားသော တာယာဘီးတပ်ဆင်ထားသည့် ယာဉ်ကိုလည်းကောင်း မောင်းနှင်ခြင်း မပြုရ။

ပုဒ်မ ၂၈ မည်သူမျှ

(က) လမ်းမကြီး၏ လမ်းမျက်နှာပြင်ပေါ်တွင် ယာဉ်သွားလမ်းကို ပိတ်ဆို့ခြင်း၊ ယာဉ်သွားလာမှုကို အနှောင့်အယှက် ဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ကျရောက်စေနိုင်သည့် ပစ္စည်းကို တမင်ထား ရှိခြင်း မပြုရ။

(ခ) လမ်းမကြီးရှိ မိုင်တိုင်၊ လမ်းနယ်နမိတ်မှတ်တိုင်၊ လမ်းညွှန် အမှတ်အသားနှင့် သတိပေးဆိုင်းဘုတ်များကို ဖျက်ဆီးခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်း၊ မပြုရ။

(ဂ) လမ်းမကြီး၏ နယ်နမိတ်အတွင်းသက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ မြေဆုတ်၊ သဲ၊ ကျောက်၊ ကျောက်စရစ် သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို စုပုံထားရှိခြင်း မြေကိုတူးဆွခြင်း၊ တူးယူခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် မြေအနေအထား ပြောင်းလဲစေခြင်း မပြုရ။

(ဃ) လမ်းမကြီး၏ နယ်နမိတ်အတွင်းသက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာ ဆိုင်းဘုတ် စိုက်ထူခြင်း မပြုရ။

ပုဒ်မ ၂၉ မည်သူမျှ

(က) လမ်းမကြီး၏ လမ်းမျက်နှာပြင်ပေါ်တွင် တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း၊ ချည်ထားခြင်း ထိန်းကျောင်းခြင်း၊

လွှတ်ကျောင်းခြင်း မပြုရ။

(ခ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ တိရစ္ဆာန်မွေးမြူခြင်းမပြုရ။

(ဂ) လမ်းမကြီး၏ လမ်းမျက်နှာပြင်နှင့် လမ်းပခုံးပေါ်တွင် ယာဉ်ကို လိုအပ်သည်ထက်ပို၍ အချိန်ကြာမြင့်စွာ ရပ်နားထားခြင်း သို့မဟုတ် ရပ်တန့်ပြုပြင်ခြင်း မပြုရ။

(ဃ) လမ်းမကြီး၏ လမ်းမျက်နှာပြင်နှင့် လမ်းပခုံးကို ဖျက်ဆီးခြင်း၊ မြှုပ်ချက်ခြင်း၊ ပိုင်းဖြတ်ခြင်းသို့မဟုတ် အရှိန်သတ်ခုံးငယ်များပြုလုပ်ခြင်း မပြုရ။

(င) လမ်းမကြီး၏ လမ်းမျက်နှာပြင်နှင့် လမ်းပခုံးပေါ်တွင် ယာဉ်ကို လိုအပ်သည်ထက်ပို၍ အချိန်ကြာမြင့်စွာ ရပ်နားထားခြင်း သို့မဟုတ် ရပ်တန့်ပြုပြင်ခြင်း မပြုရ။

(စ) လမ်းမျက်နှာပြင်၊ လမ်းပခုံးနှင့် တံတားလက်ရမ်းများတွင် ယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေမည့် ပစ္စည်း တစ်စုံတစ်ရာကို နေလှန်းခြင်း၊ ထားရှိခြင်း မပြုရ။

(ဆ) လမ်းမကြီးများ ပျက်စီးခြင်းမှ ကာကွယ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သဘောတူညီချက်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အခါအားလျော်စွာ သတ်မှတ်ထားသည့် တားမြစ်ချက်များကို ဖောက်ဖျက်ခြင်း မပြုရ။

ပုဒ်မ ၃၀မည်သူမဆို

(က) နည်းဥပဒေ ပုဒ်မ ၂၆ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ထောင်ဒဏ် (၃)နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခ) နည်းဥပဒေပုဒ်မ ၂၇ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ထောင်ဒဏ် (၆)လအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

(ဂ) နည်းဥပဒေပုဒ်မ ၂၈နှင့် ၂၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ထောင်ဒဏ် (၃)လအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

ရန်ကုန်အငှားယာဉ်အက်ဥပဒေ (The Rangoon Hackney Carriages Act, Burma Act IV-1917) (Burma Act IV, 1917 19th May, 1917)

၁။ အငှားလိုက် အငှားယာဉ်များသည် မှတ်ပုံတင်လိုင်စင် မရှိလျှင် အငှားမလိုက်ရ၊ ပုဒ်မ ၄။

၂။ အငှားလိုက်အငှားယာဉ်များ နှင်းမည့်သူတွင် အနှင်းလိုင်စင်မရှိလျှင် မနှင်းရ၊ ပုဒ်မ ၅။

၃။ အငှားလိုက် အငှားယာဉ်ပိုင်ရှင်သည် ပုဒ်မ ၄ ကိုဖောက်ဖျက်လျှင် တစ်ရက်အတွက် ဒဏ်ငွေ(၅၀)ထိ တပ်ရိုက်ခံရမည်၊ ပုဒ်မ ၆ (၁)။

၄။ အငှားယာဉ် ပိုင်ရှင်ပြောင်းလဲပါက ပိုင်ရှင်သစ်အမည်ပြောင်း လျှောက်ရမည်၊ မလျှောက်ဘဲ အငှားလိုက်လျှင် တစ်နေ့အတွက် ဒဏ်ငွေ (၂၅) ထိ တပ်ရိုက်ခံရမည်၊ ပုဒ်မ ၆ (၂)။

၅။ ပုဒ်မ ၄ အရ ကျူးလွန်သည့် ယာဉ်များအား ရဲအရာရှိက အမှုအတောအတွင်း သိမ်းဆည်းချုပ်နှောင်ထားနိုင်သည်၊ ပုဒ်မ ၇။

၆။ ပုဒ်မ ၅ ကို ဆန့်ကျင်လျှင် တိရစ္ဆာန်ဆွဲယာဉ်မောင်းသူကို ငွေဒဏ် (၅၀)ထိ လည်းကောင်း၊ ဆိုက်ကားနှင်းသူကို ငွေဒဏ် (၁၀)ထိ လည်းကောင်း တပ်ရိုက်ခံရမည်၊ ပုဒ်မ ၈။

၇။ ပုဒ်မ ၄ ကို ဆန့်ကျင်လျှင် လိုင်စင်ရှိသူ ယာဉ်မောင်းသူ (သို့မဟုတ်) ယာဉ်ပိုင်ရှင်သည် မောင်းနှင်လိုင်စင်မရှိသူအား မောင်းခိုင်းလျှင် တိရစ္ဆာန်ဆွဲယာဉ်ဖြစ်က ငွေဒဏ်(၅၀)ထိလည်းကောင်း၊ ဆိုက်ကားဖြစ်က ငွေဒဏ် (၁၀)ထိ လည်းကောင်း တပ်ရိုက်ခံရမည်၊ ပုဒ်မ ၉။

၈။ မည်သူမဆိုနံပါတ်ပြားတု၊ တံဆိပ်တုများနှင့် အငှားယာဉ်လုပ်ငန်း လုပ်ကိုင်လျှင်ဒဏ်ငွေ (၅၀)ထိလည်းကောင်း၊ ထပ်မံကျူးလွန်လျှင် ဒဏ်ငွေ(၁၀၀)ထိ လည်းကောင်း တပ်ရိုက်ခံရမည်၊ ပုဒ်မ ၁၀။

၉။ အငှားယာဉ်မောင်းသူတိုင်းသည်—

(က) သောက်စားမူးယစ်ပြီး အငှားလိုက်မောင်းနှင်ခြင်း၊

(ခ) ခရီးသည်များအားရိုင်းပြစွာဆက်ဆံဆဲဆိုကြိမ်းမောင်းခြင်း၊

(ဂ) အခြားယာဉ်များသွားလာရာလမ်းကို လမ်းဖယ်မပေးခြင်း၊

(ဃ) အခြားယာဉ်များ ခရီးသည် တက်ခြင်း၊ ဆင်းခြင်းတွင် အနှောင့်အယှက်ပေးခြင်း၊ ဟန့်တားခြင်း၊

(င) ခရီးသည်များက အခြားယာဉ်ကို ငှားရမ်းသည့်ကိစ္စတွင် နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊

(စ) အခကြေးငွေ ပိုယူခြင်း၊ ပိုတောင်းခြင်း၊

(ဆ) သတ်မှတ်ထားသည့် ခရီးသည်ဦးရေအတိုင်း တင်ဆောင်ရန် ငြင်းဆိုခြင်း၊

(ဇ) ခရီးသည်ပါ တင်ဆောင်ခွင့်ပြုသည့်ပစ္စည်းများကို တင်ဆောင်ရန် ငြင်းဆန်ခြင်း၊

(ဈ) အချိန်ပိုင်းခြားနှင့်ငှားလျှင် အချိန်မပြည့်မီအကြောင်းတစ်စုံတစ်ရာမရှိဘဲ ထွက်ခွာသွားခြင်း၊

(ည) မူလငှားသည့်ခရီးသည်၏ သဘောတူညီချက် မရဘဲ အခြားခရီးသည် တင်ဆောင်ခြင်း၊

(ဋ) အများပြည်သူသုံးရန် မသင့်သော အခြေအနေရှိ ယာဉ်တိရစ္ဆာန်ဖြင့် အငှားလိုက်ခြင်း၊

တစ်ခုခုကို ပြုလုပ်ပါကငွေဒဏ် (၅၀ိ) ထိ လည်းကောင်း ထပ်မံကျူးလွန်ပါက ဒဏ်ငွေ (၁၀ိ) ထိ လည်းကောင်း တပ်ရိုက်ခံရမည်၊ ပုဒ်မ ၁၁။

# ယာဉ်မောင်းလိုင်စင်များအကြောင်း

ယာဉ်မောင်းလိုင်စင်များအကြောင်း

"က" ယာဉ်မောင်းလိုင်စင် - မော်တော်ဆိုင်ကယ် မောင်းနှင်ခွင့်လိုင်စင် ဖြစ်သည်။

"ခ" ယာဉ်မောင်းလိုင်စင် - (၃)တန်အထိတင်ဆောင်နိုင်သော ကိုယ်ပိုင် မော်တော်ယာဉ်နှင့် ကိုယ်ပိုင်ဘတ်စ်ကားငယ်တို့ မောင်းနှင်ခွင့်လိုင်စင် ဖြစ်သည်။

"ဂ" ယာဉ်မောင်းလိုင်စင် - မှတ်ပုံတင်ထားသော အခြားစက်တပ်ယာဉ်များ (ထရက်တာ၊ ထော်လာဂျီ စသည်)မောင်းနှင်ခွင့် လိုင်စင်ဖြစ်သည်။

"ဃ" ယာဉ်မောင်းလိုင်စင် - အငှားကုန်တင်ယာဉ်နှင့် အငှားဘတ်စ်ကား ယာဉ်များမှလွဲ၍ ကျန်မှတ်ပုံတင်ယာဉ်များ မောင်းနှင်ခွင့် လိုင်စင် ဖြစ်သည်။

"င" ယာဉ်မောင်းလိုင်စင် - မှတ်ပုံတင်ထားသော မည်သည့်မော်တော်ယာဉ် ကိုမဆို မောင်းနှင်ခွင့်လိုင်စင် ဖြစ်သည်။

"စ" ယာဉ်နောက်လိုက် လိုင်စင် - စပယ်ယာ(သို့)လက်မှတ်ရောင်း လုပ်ကိုင်ဆောင်ရွက်ခွင့် လိုင်စင်ဖြစ်သည်။

## ၁-၁၁-၀၅ ရက်နေ့မှစ၍ စီမံခန့်ခွဲမှုနည်းလမ်းအရ တပ်ရိုက်သော ဒဏ်ငွေများ

| စဉ် | အမှုအမျိုးအစား | ဒဏ်ရိုက်ဒဏ်ငွေ | မှတ်ချက် |
|---|---|---|---|
| ၁ | ဟွန်းတီးခြင်း | ၁၀၀၀၀ | လိုင်စင်(၁)လပိတ် |
| ၂ | စက်မှုကုန်ထုတ်ကားများ ယာဉ် | ၁၀၀၀၀ | |
| | သက်တမ်းလွန်ခြင်း | | |
| ၃ | ယာဉ်စီးခိုးဆောင်ခြင်း | ၃၀၀၀၀ | (၁)လခြေချုပ်လုပ်ရန် |
| ၄ | အရက်မူးမောင်းခြင်း | ၅၀၀(ထောင် ၁ လ) | (၁)ကြိမ် |
| | | ၁၅၀၀(ထောင် ၆ လ) | (၂)ကြိမ် |
| ၅ | ဆောင်ပြောင်းမောင်းခြင်း | ၅၀၀(ထောင် ၁ လ)<br>၁၅၀၀(ထောင် ၆ လ) | (၁)ကြိမ်<br>(၂)ကြိမ် |
| ၆ | ဦးထုပ်သက်တမ်းလွန်ခြင်း(၅ နှစ်ကျော် သက်တမ်းကြွက်ခြင်း) | ၅၀၀(ထောင် ၁ လ)<br>၁၅၀၀(ထောင် ၆ လ) | (၁)ကြိမ်<br>(၂)ကြိမ် |
| ၇ | မီးနီ/မီးဝါဝင်ရောက်မောင်းနှင်ခြင်း | ၁၀၀၀၀ | လိုင်စင်(၆)လပိတ် |
| ၈ | သင်္ကြန်ကာလစည်းကမ်းချိုးဖောက်ခြင်း | ၅၀၀၀၀ | |
| ၉ | နံပါတ်တုတပ်ခြင်း | ၅၀၀၀၀ | အမှုဖွင့်ရန် |
| ၁၀ | ယာယီနံပါတ်တပ်ခြင်း(ခွင့်ပြုချက်မရှိ) | ၅၀၀၀၀ | |

## ၁-၁၁-၀၉ ရက်နေ့မှစ၍ စီမံခန့်ခွဲမှုနည်းလမ်းအရ တပ်ဖိုက်သော ဒဏ်ငွေများ

| စဉ် | အမှုအမျိုးအစား | သတ်မှတ်ဒဏ်ငွေ | မှတ်ချက် |
|---|---|---|---|
| ၁၁ | မဟောကာကပ်ခြင်း | ၅၀၀၀၀ | (၁)ကြိမ် |
| | | ၅၀၀၀၀ | (၂)ကြိမ် |
| | | ၁၀၀၀၀၀ | (၃)ကြိမ် |
| ၁၂ | ယာဉ်တိုက်မှုဖြစ်ပွားခြင်း | ၁၀၀၀၀ | (၁)လကြေးချုပ်လုပ်ရန် |
| ၁၃ | သစ်လုံးတင်ယာဉ်များ သံကြိုး(၃)ချောင်းမပါခြင်း | ၃၀၀၀၀၀ | |
| ၁၄ | တုန်ဆေးသွားယာဉ်များ လော့ဘုမတပ်ခြင်း | ၃၀၀၀၀၀ | |
| ၁၅ | ကြေးချဲ့ခြင်း | ၁၀၀၀၀၀ | (၆)လသိမ်း |
| | | ၂၀၀၀၀၀ | (၃)လသိမ်း |
| | | ၃၀၀၀၀၀ | (၁)လသိမ်း |
| ၁၆ | တရားမဝင်ယာဉ်ရောင်းဝယ်ရေး | ၁၀၀၀၀ | (၁)ကြိမ် |
| | | ၂၀၀၀၀ | (၂)ကြိမ် |
| | | ၃၀၀၀၀ | (၃)ကြိမ် |
| ၁၇ | ကြေးချဲ့ခြင်း | ၅၀၀၀ | (၇)ရက်အတွင်း |
| | | ၁၀၀၀၀ | (၇)ရက်မှ(၁)လအတွင်း |
| | | ၂၀၀၀၀ | (၆)လအတွင်း |
| | | ၃၀၀၀၀ | (၉)လအတွင်း |
| | | ၄၀၀၀၀ | (၁၂)လအတွင်း |
| | | ၅၀၀၀၀ | (၁၅)လအတွင်း |

# ၁-၁၁-၁၄ ရက်နေ့မှစ၍ စီမံခန့်ခွဲမှုနည်းလမ်းအရ တပ်ရိုက်သော ဒဏ်ငွေများ

| စဉ် | အမှုအမျိုးအစား | သတ်မှတ်ဒဏ်ငွေ | မှတ်ချက် |
|---|---|---|---|
| ၁၈ | ယာဉ်မောင်းလိုင်စင်(ထုံး၀)မရှိခြင်း | ၁၀၀၀၀ | (ပ)ကြိမ်(ထောင် ၁ လ) |
| ၁၉ | ယာဉ်မောင်းလိုင်စင်မပါခြင်း | ၁၀၀၀၀ | (ဒု)ကြိမ်(ထောင် ၆ လ) |
| ၂၀ | နောက်တွယ်/ဘေးတွယ်/အမိုးစီးတင်ခြင်း | ၁၀၀၀၀ | |
| ၂၁ | မီးခိုးထွက်ခြင်း | ၁၀၀၀၀ | |
| ၂၂ | အမှိုက်ပစ်ချခြင်း ကွမ်းတံတွေး ထွေးခြင်း | ၁၀၀၀၀ | |
| ၂၃ | မီးသီးအပိုတပ်ခြင်း | ၁၀၀၀၀ | |
| ၂၄ | အမိုးပေါ်တင်ကြိုးတင်၍ မဝင်ရလမ်းဝင်ခြင်း | ၁၀၀၀၀ | |
| ၂၅ | ရေနံတုန်ကြွမ်းကွားရပ်ခြင်း | ၁၀၀၀၀ | |
| ၂၆ | ရှေ့နောက်နံပါတ်မပါခြင်း | ၁၀၀၀၀ | |
| ၂၇ | ၆ လမ်းသွားစရုပ်ရပ်ခြင်း | ၁၀၀၀၀ | |
| ၂၈ | နံပါတ်သေးတပ်ခြင်း | ၁၀၀၀၀ | |
| ၂၉ | ကားဆီးပ်ရှော်ရပ်ခြင်း | ၁၀၀၀၀ | |
| ၃၀ | ဘေးထပ်ခါးစွန်ခြင်း | ၁၀၀၀၀ | |
| ၃၁ | မီးပွိုင့်အတင်းအစွာလုပ်ခြင်း | ၁၀၀၀၀ | |

## ၁-၁၁-၀၅ ရက်နေ့မှစ၍ စီမံခန့်ခွဲမှုနည်းလမ်းအရ တပ်ရိုက်သော ဒဏ်ငွေများ

| စဉ် | အမှုအမျိုးအစား | သတ်မှတ်ဒဏ်ငွေ | မှတ်ချက် |
|---|---|---|---|
| ၃၂ | ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း | ၁၀၀၀၀ | |
| ၃၃ | ဆိုင်ကယ်နယ်ကျော်စီးခြင်း | ၁၀၀၀၀ | |
| ၃၄ | ဆိုင်ကယ်နှစ်ဦးစီးခြင်း | ၅၀၀၀၀ | (၁၄)ရက်ခြေချုပ်လုပ်ရန် |
| ၃၅ | မနေ့မင်းဆက်ဆံခြင်း | ၁၀၀၀၀ | ခြေချုပ်လုပ်ရန် |
| ၃၆ | တောက်ပြောင်မြှိုက်ကျားစီမံချက် | ၁၀၀၀၀ | |
| ၃၇ | ခုံတောင်/မြောက် | ၁၀၀၀၀ | |
| | လမ်းဆုံမြှိုက်ကျားစီမံချက် | | |
| ၃၈ | ခုံမြောက် ၇/၈ လမ်းဆုံစီမံချက် | ၁၀၀၀၀ | |
| ၃၉ | စာတမ်းမနေ | ၁၀၀၀၀ | |
| ၄၀ | ကူဖွန်မလှုစီမံချက် | ၁၀၀၀၀ | (၁)လခြေချုပ်လုပ်ရန် |
| ၄၁ | အနေ့သော့ဦးစီမံချက် | ၁၀၀၀၀ | (၁၄)ရက်ခြေချုပ်လုပ်ရန် |
| ၄၂ | ညော်တမ်းမဲ့လမ်းကူးသူ | ၂၀၀၀ | |

## ၁-၁၁-၀၅ ရက်နေ့မှစ၍ စီမံခန့်ခွဲမှုနည်းလမ်းအရ လိုင်စင်ပိတ်သိမ်းကာလ

| စဉ် | အမှုအမျိုးအစား | ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းကာလ | မှတ်ချက် |
|---|---|---|---|
| ၄၃ | ယာဉ်ပုဒ်မ ၂၁/၆၄ | (၁)နှစ် | |
| ၄၄ | ပြစ်မှုပုဒ်မ ၂၇၉ | (၂)နှစ် | |
| ၄၅ | ပြစ်မှုပုဒ်မ ၃၃၇ | (၂)နှစ် | |
| ၄၆ | ပြစ်မှုပုဒ်မ ၃၃၈ | (၃)နှစ် | |
| ၄၇ | ပြစ်မှုပုဒ်မ ၃၀၄-က | (၅)နှစ် | |
| ၄၈ | နည်းဥပဒေ ၂၄ ကျွန်းတိုးခြင်း | (၁)လ | |
| ၄၉ | နည်းဥပဒေ ၁၃၅(ခ)မီးနီဝင်ခြင်း | (၆)လ | |

| စဉ် | ပုဒ်မ | အကြောင်းအရာ | ဒဏ်ငွေ |
|---|---|---|---|

၁။ ပုဒ်မ - ၂၁

ပုဒ်မ ၃၊ ၁၃၊ ၁၅၊ ၁၇ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်သော်လည်းကောင်း ယာဉ်ကိုအရန်မဲ့(သို့)အသ အန္တရာယ်ဖြစ်စေအောင် မောင်းနှင်လျှင်သော်လည်းကောင်း သေရည်သေရက်(သို့)မူးယစ်ဆေးဝါးသောက်စား၍ မော်တော်ယာဉ်ကို ကောင်းစွာ မထိန်းနိုင်လောက်အောင် မူးယစ်နေစဉ် မောင်းနှင်လျှင်သော်လည်းကောင်း ပထမအကြိမ် အဆိုပါပြစ်မှုကျူးလွန်သည့်အတွက် (၆)လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀ အထိဒဏ်ငွေ ဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးဖြစ်စေ၊ ချမှတ်နိုင်သည်။ တစ်နှစ်အတွင်း ထပ်မံကျူးလွန်ပါက (၁)နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ် ၁၅၀၀အထိ ဒဏ်ငွေဖြစ်စေ၊ ဒဏ်(၂)ရပ်စလုံး ဖြစ်စေ ချမှတ်နိုင်သည်။

ပုဒ်မ ၂၂ - (အခြားသတ်မှတ်ချက် ပြစ်ဒဏ်မပေါ်ပြူလျှင်) ဒဏ်ငွေ - ၂၀၀/မှ ၁၅၀၀/ ထိ ငွေဒဏ်ချမှတ်နိုင်သည်။

| | | | |
|---|---|---|---|
| ၂။ | ပုဒ်မ ၁၀၆(က) | - သတ်မှတ်ထားများ မှတ်တိုင်တွင် စနစ်တကျမရပ်ဆိုင်းခြင်း | ၁၅၀၀/- |
| ၃။ | ပုဒ်မ ၁၀၆(ခ) | - သတ်မှတ်ထားများ မှတ်တိုင်တွင် ယှဉ်၍ ရပ်ခြင်း | ၁၅၀၀/- |
| ၄။ | ပုဒ်မ ၁၀၇(က) | - သတ်မှတ်ထားများ မြို့တွင်း တစ်လမ်းမောင်းလမ်းပေါ်၌ သတ်မှတ် ထားသောယာဉ်ကြောတွင် မမောင်းနှင်ခြင်း | ၁၅၀၀/- |
| ၅။ | ပုဒ်မ ၁၀၇(ခ) | -မြို့တွင်း တစ်လမ်းမောင်းလမ်းများပေါ်၌ အခြားယာဉ်များသည် သတ်မှတ်ထားသောယာဉ်ကြောသို့ဝင်မောင်းခြင်း | ၁၅၀၀/- |
| ၆။ | ပုဒ်မ ၁၀၈(ဂ) | - ယာဉ်ထိန်းရဲ ကြိုးကြပ်မှု ညွှန်ကြားချက်ကို မလိုက်နာခြင်း | ၁၅၀၀/- |
| ၇။ | ပုဒ်မ ၁၀၉(က) | - လမ်းညွှန်လမ်းအမှတ်အသားများကို မလိုက်နာခြင်း | ၁၅၀၀/- |
| ၈။ | ပုဒ်မ ၁၀၉(ခ) | - အချက်ပြမီး၏ အချက်ပြမှုကို မလိုက်နာခြင်း | ၁၅၀၀/- |
| ၉။ | ပုဒ်မ ၁၁၂(က) | - အခြားယာဉ်များ ဝိတ်ဆိုနေသည့် နေရာကွေ့မှ မောင်းနှင်ခြင်း | ၁၅၀၀/- |
| ၁၀။ | ပုဒ်မ ၁၁၃(င) ပုဒ်မ ၁၅/၆၄ | - သတ်မှတ်သည့် အမြန်နှုန်းထက် ပို၍ မောင်းနှင်ခြင်း | ၁၅၀၀/- |
| ၁၁။ | ပုဒ်မ ၁၁၅ | - ရှေ့ယာဉ်အား ကပ်၍ မောင်းနှင်ခြင်း | ၁၅၀၀/- |
| ၁၂။ | ပုဒ်မ ၁၁၇(က) | - လူကူးမျဉ်းကျားအပေါ် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၁၃။ | ပုဒ်မ ၁၁၇(ခ) | - လမ်းဆုံလမ်းခွတွင် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၁၄။ | ပုဒ်မ ၁၁၇(ဂ) | - လမ်းကောက် လမ်းကွေ့တွင် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၁၅။ | ပုဒ်မ ၁၁၇(ဃ) | - ကုန်းတက် ကုန်းထိပ်တွင် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၁၆။ | ပုဒ်မ ၁၁၇(င) | - တံတားအဝင်ဝပေါ်တွင် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၁၇။ | ပုဒ်မ ၁၁၇(စ) | - လမ်းကျဉ်းတွင် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၁၈။ | ပုဒ်မ ၁၁၇(ဆ) | - ဥမင်လိုဏ်ခေါင်းတွင် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၁၉။ | ပုဒ်မ ၁၁၇(ဇ) | - အလယ်မျဉ်းဖြူမပြတ်မျဉ်းကြောင်းရှိသောနေရာတွင် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၂၀။ | ပုဒ်မ ၁၁၇(ဈ) | - မျဉ်းဝါနှစ်ချောင်းရှိသော ယာဉ်ကြောတွင် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၂၁။ | ပုဒ်မ ၁၁၇(ည) | - ဂိတ်ရှိ ဂိတ်မဲ့ရထားလမ်းနေရာတွင် ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၂၂။ | ပုဒ်မ ၁၁၇(ဋ) | - မြင်ကွင်းမကောင်းသည့် အချိန်မှ ယာဉ်ကျော်တက်ခြင်း | ၁၅၀၀/- |
| ၂၃။ | ပုဒ်မ ၁၁၇(ဌ) | - မျက်နှာချင်းဆိုင်ယာဉ်အား အနှောင့်အယှက်ဖြစ်စေနိုင်သည့်အခါယာဉ် ကျော်တက်ခြင်း | ၁၅၀၀/- |
| ၂၄။ | ပုဒ်မ ၁၁၈(ဂ) | - လမ်းမ၏လက်ဝဲဘက်မှ လမ်းသွယ်သို့ ကွေ့လိုလျှင် လမ်းမ၏လက်ဝဲ ဘက်သို့ ကပ်၍ ချိုးကွေ့ရန်၊ လက်ယာဘက်မှ လမ်းမ၏အလယ်သို့ ကွေ့လို လျှင်လမ်းမ၏ အလယ်သို့ကပ်၍ ချိုးကွေ့ရန် တည့်တည့်လာသော ယာဉ် မရှင်းဘဲရှိနေစဉ်ကွေ့ခြင်း မပြုရ | ၁၅၀၀/- |

စဉ် ပုဒ်မ အကြောင်းအရာ ဒဏ်ငွေ
၂၅။ ပုဒ်မ ၁၄၈(ဃ) - နှစ်လမ်းမောင်းမှ တစ်လမ်းမောင်းသို့ ကွေ့လိုလျှင် မိမိဘက်ခြမ်းရှိ ယာဉ်ကြောများကို ကျော်လွန်၍ ကွေ့ခြင်း(ပန်း၍ ချိုးမကွေ့ရ) ၁၅၀ိ/-
၂၆။ ပုဒ်မ ၁၄၈(င) - တစ်လမ်းမောင်းမှ နှစ်လမ်းမောင်းသို့ကွေ့သည့်အခါလက်ယာဘက် ၁၅၀ိ/-
သို့ ကွေ့လိုပါက တစ်လမ်းမောင်း၏ လက်ယာဘက်သို့ကပ်၍လည်း ၁၅၀ိ/-
ကောင်း၊လက်ဝဲဘက်သို့ ကွေ့လိုပါကတစ်လမ်းမောင်း၏လက်ဝဲဘက်
သို့ ကပ်၍လည်းကောင်းကွေ့ရန်။
၂၇။ ပုဒ်မ ၁၄၉(ခ) - လမ်းသွယ်မှယာဉ်သည်လမ်းမပေါ်မှယာဉ်ကို ဦးစားမပေးခြင်း ၁၅၀ိ/-
၂၈။ ပုဒ်မ ၁၄၉(ဂ) - အရေးပေါ် ယာဉ်ကို ဦးစားမပေးခြင်း(မီးသတ်ကား၊သက်ကယ်ကား၊လူနာတင် ကားအစရှိသောယာဉ်) ၁၅၀ိ/-
၂၉။ ပုဒ်မ ၁၄၉(ဃ) - အနိုင်းယက်လှည်းကို ဦးစားမပေးခြင်း ၁၅၀ိ/-
၃၀။ ပုဒ်မ ၁၅၀(က) - "ဝ"ကွေ့မကွေ့ရ သတ်မှတ်သော နေရာ၌ "ဝ"ကွေ့ ကွေ့ခြင်း ၁၅၀ိ/-
(၁) အလယ်မျဉ်းသေတစ်ကြောင်း(သို့) နှစ်ကြောင်းရှိသော လမ်း
(၂) လမ်းဆုံလမ်းခွ
(၃) လမ်းကောင်းလမ်းကွေ့
(၄) ကုန်းထိပ်နှင့် ၎င်းမှ(၃၂၈)ပေ အတွင်း
(၅) တံတားအဝင်နှင့် တံတားပေါ်၊
(၆) "ဝ"ကွေ့ မကွေ့ရဟု တားမြစ်သော နေရာ
၃၁။ ပုဒ်မ ၁၅၀(ခ) - ယာဉ်မရှင်းဘဲ "ဝ" ကွေ့ ကွေ့ခြင်း ၁၅၀ိ/-
၃၂။ ပုဒ်မ ၁၅၁(က) - အခြားယာဉ် ပိတ်ဆို့ဘေးဖြစ်စေရန် နောက်ဆုတ်ခြင်း ၁၅၀ိ/-
၃၃။ ပုဒ်မ ၁၅၁(ခ) - လမ်းသွယ်မှ လမ်းမသို့ နောက်ဆုတ်ခြင်း ၁၅၀ိ/-
၃၄။ ပုဒ်မ ၁၅၁(ဂ) - တစ်လမ်းမောင်း လမ်းပေါ် တွင် နောက်ဆုတ်ခြင်း ၁၅၀ိ/-
၃၅။ ပုဒ်မ ၁၅၁(ဃ) - ဥပစာ တစ်ခုအတွင်းမှ နောက်ဆုတ်ထွက်ခြင်း ၁၅၀ိ/-
၃၆။ ပုဒ်မ ၁၅၁(င) - ကြားမျဉ်းမှာ နောက်ဆုတ်ခြင်း ၁၅၀ိ/-
၃၇။ ပုဒ်မ ၁၅၂(က) - ယာဉ်ထိန်းရဲမှ ရပ်ခိုင်းရာ ရပ်မပေးခြင်း ၁၅၀ိ/-
၃၈။ ပုဒ်မ ၁၅၂(ခ) - လမ်းဆုံလမ်းခွတွင် ယာဉ်ရှင်းအောင်မစောင့်ဘဲ မောင်းနှင်ခြင်း (အချက်ပြမီး မရှိ) ၁၅၀ိ/-
၃၉။ ပုဒ်မ ၁၅၂(ဂ) - ဥပစာအတွင်းမှ ယာဉ်ရှင်းအောင် မစောင့်ဘဲ မောင်းထွက်ခြင်း ၁၅၀ိ/-
၄၀။ ပုဒ်မ ၁၅၂(ဃ) - လူကူးမျဉ်းကျားနေရာတွင် သတ်မှတ်စည်းကမ်း မလိုက်နာခြင်း ၁၅၀ိ/-
၄၁။ ပုဒ်မ ၁၅၂(င) - အချက်ပေးသောအခါ မီးသတ်၊ လူနာတင်နှင့် အခြားယာဉ်များ ဦးစားမပေးခြင်း ၁၅၀ိ/-
၄၂။ ပုဒ်မ ၁၅၂(စ) - ယာဉ်တန်းဦးစား မပေးခြင်း ၁၅၀ိ/-
၄၃။ ပုဒ်မ ၁၅၂(ဆ) - ယာဉ်တိုက်မှုတွင် ပါဝင်သည့် ယာဉ်မှ ချက်ချင်းရပ်မထားခြင်း ၁၅၀ိ/-
၄၄။ ပုဒ်မ ၁၅၃(က) - လမ်းနံဘေးနှင့် ဘေးပေါက်မှာရပ်မိခြင်း ၁၅၀ိ/-
၄၅။ ပုဒ်မ ၁၅၃(ဃ) - သတ်မှတ်ရှင်ပြထားသည့်နေရာတွင်သာ ရပ်နားရမည်ရပ်နား နားသည့်အခါ အခြားယာဉ်များ ပိတ်ဆို့မှုမဖြစ်စေရေးရပ်နား သည့်အခါ သတ်မှတ်သော စည်းကမ်း မလိုက်နာခြင်း ၁၅၀ိ/-
၄၆။ ပုဒ်မ ၁၅၃(င) - ယာဉ်ကြော ပြောင်းပြန်ရပ်ခြင်း ၁၅၀ိ/-

စဉ် ပုဒ်မ အကြောင်းအရာ

၄၇။ ပုဒ်မ ၁၅၃(ဆ) - ယာဉ်မရပ်ရ သတ်မှတ်ထားသော ၁၂ နေရာ၌ ယာဉ်ရပ်ခြင်း။ ၁၅၀၀/-

(၁) လမ်းဆုံ လမ်းခွအတွင်း
(၂) လမ်းကောက် လမ်းကွေ့အတွင်း
(၃) အနိုင်းအမောက်အတွင်း
(၄) ရထားလမ်းပေါ်။
(၅) လမ်းနံဘေးနှင့် ကပ်လျက်ရှိသော ယာဉ်ကြောမှအပ ကျန်ယာဉ် ကြောများအားလုံး
(၆) ကျောင်း ဆေးရုံ အဝင်ဝ
(၇) တံတား လမ်းကျဉ်းအဝင်ဝနှင့် အတွင်း။
(၈) ဘတ်စ်ကားမှတ်တိုင်အနီး
(၉) တောင်ကုန်း
(၁၀) ရပ်ဆိုင်း(သို့) ရပ်နားထားသော ယာဉ်နှင့် ဘေးချင်းယှဉ်သည့်နေရာ
(၁၁) မျဉ်းဖြူ နှစ်ကြောင်းရှိသော လမ်းနံဘေး
(၁၂) တစ်လမ်းမောင်း လမ်းသွယ်တွင် လမ်းလက်ဝဲဘက်

၄၈။ ပုဒ်မ ၁၅၃(ဈ) - လူကူးမျဉ်းကြား ဖြူနီကျားရှိသော နေရာတွင် ရပ်ဆိုင်းခြင်း မပြုရ ဝါ/နက်ကျားတွင် ရပ်နားခြင်း မပြုရ ၁၅၀၀/-

၄၉။ ပုဒ်မ ၁၅၃(ည) - ဘတ်စ်ကားများ သက်ဆိုင်သည့် မှတ်တိုင်တွင်သာ ရပ်ရန်နှင့်အခြား ယာဉ်များ ဘတ်စ်ကားမှတ်တိုင်တွင် ရပ်ခွင့်မပြုခြင်း။ ၁၅၀၀/-

၅၀။ ပုဒ်မ ၁၅၃(ဋ) - အခြားလမ်းအသုံးပြုသူများ ပိတ်ဆို့ ဖြစ်ကွင်းကျဉ်း အန္တရာယ်ရှိစေရန် မည်သည့်နည်းနှင့်မျှ မရပ်ရ ၁၅၀၀/-

၅၁။ ပုဒ်မ ၁၅၃(ဌ) - ပလက်ဖောင်းပေါ် မည်သည့်နည်းနှင့်မျှ ယာဉ်မရပ်ရ ၁၅၀၀/-

၅၂။ ပုဒ်မ ၁၅၃(ဎ) - ညအချိန် ရပ်သည့်အခါ ဘေးမီးလင်းမထွန်းခြင်း။ ၁၅၀၀/-

၅၃။ ပုဒ်မ ၁၅၃ - ပလက်ဖောင်းပေါ် မည်သည့်ယာဉ်မျှ ယာဉ်မရပ်ရ ၁၅၀၀/-

၅၄။ ပုဒ်မ ၁၆၃ - စက်ပျက်ယာဉ်အား လမ်းဘေးသို့ မရွှေ့ခြင်း။ ၁၅၀၀/-

၅၅။ ပုဒ်မ ၁၅/၆၄ - ယာဉ်မောင်းလိုင်စင် သက်တမ်းကျော်ခြင်း။ ၁၅၀၀/-

၅၆။ ပုဒ်မ ၂၃(က)/၆၄ - စပါယ်ယာ ယာဉ်နောက်လိုက် လိုင်စင်မရှိ/[illegible]သက်တမ်းကျော်ခြင်း။

၅၇။ ပုဒ်မ ၅၆(က) - တရားမဝင် ယာဉ်မောင်းလိုင်စင်အသုံးပြုခြင်း။ ၁၅၀၀/-

၅၈။ ပုဒ်မ ၆၀ - မိမိလိုင်စင်ပါ ခွင့်ပြုသောယာဉ်မှ အပမောင်းနှင်ခြင်း။ ၁၅၀၀/-

၅၉။ ပုဒ်မ ၆၁(က) - အမောင်းသင်စည်းကမ်းချက် ချိုးဖောက်ခြင်း။ ၁၅၀၀/-
(လူပိုတင်ခြင်း ၂နှစ်သက်တမ်းရှိသင်ကြားပေးသူ မပါခြင်း)

၆၀။ ပုဒ်မ ၆၁(ခ) - သင် အမှတ်အသား ဆိုင်းဘုတ်ယာဉ်ရှေ့/နောက်တွင်မတပ်ခြင်း။ ၁၅၀၀/

၆၁။ ပုဒ်မ ၆၁(ဂ) - သတ်မှတ်ထားသော နေရာနှင့် အချိန်တွင်သာ အမောင်းသင်ရန် ကန့်သတ်ချက်အား ချိုးဖောက်ခြင်း။ ၁၅၀၀/-

၆၂။ ပုဒ်မ ၆၄ - စပါယ်ယာ လက်မှတ်ရောင်းများ တာဝန်ချိန်တွင် သတ်မှတ်ထား သော စည်းကမ်းချက်များ ချိုးဖောက်ခြင်း။ ၁၅၀၀/-

| | | | |
|---|---|---|---|
| ၆၃။ | ပုဒ်မ ၆၄(စ) | - ယာဉ်၏ဘေး နောက်တွင် ခရီးသည်စီးနင်းသည်ကို မတားမြစ်ခြင်း | ၁၅၀၀/- |
| ၆၄။ | ပုဒ်မ ၆၄(ဆ) | - ယာဉ်ပေါ်တွင် ပစ္စည်းများဖိုင်ခန့်စေရန်နှင့် အစွန်းထွက်မှုမရှိစေရန် မဆောင်ရွက်ခြင်း | ၁၅၀၀/- |
| ၆၅။ | ပုဒ်မ ၆၄(ဇ) | - ခရီးသည်မေ့ကျန်ခဲ့သော ပစ္စည်းများ ရဲစခန်းသို့ မအပ်နှံခြင်း | ၁၅၀၀/- |
| ၆၆။ | ပုဒ်မ ၆၄(ဈ) | - ထိခိုက်ဒဏ်ရာရသူအား တင်ဆောင်ရန် ငြင်းဆိုခြင်း | ၁၅၀၀/- |
| ၆၇။ | ပုဒ်မ ၆၄(ည) | - မပြည့်မစုံ မသန့်မရှင်း ဝတ်ဆင်ခြင်း | ၁၅၀၀/- |
| ၆၈။ | ပုဒ်မ ၆၉ | - မိမိလိုင်စင်အား အခြားသူသုံးစွဲခွင့်ပြုခြင်း လွှဲပြောင်းပေးခြင်း | ၁၅၀၀/- |
| ၆၉။ | ပုဒ်မ ၇၀ | - တာဝန်ရှိသူမှ လိုင်စင်စစ်ဆေးရန် တောင်းသည့်အခါ ထုတ်မပေးခြင်း | ၁၅၀၀/- |
| ၇၀။ | ပုဒ်မ ၇၂(ခ) | - လိုင်စင်ပျက်စီး၍ မိတ္တူလျှောက်ရန် ပျက်ကွက်ခြင်း | ၁၅၀၀/- |
| ၇၁။ | ပုဒ်မ ၁၀၂(ခ)<br>ပုဒ်မ ၁၀၈(က) | - သတ်မှတ်ထားသည့် ခရီးသည် ကုန်ချိန်ထက်ပို၍ တင်ဆောင်ခြင်း | ၁၅၀၀/- |
| ၇၂။ | ပုဒ်မ ၁၁၈ | - ယာဉ်မောင်းမရှိဘဲ စက်နိုး၍ရပ်ထားခြင်း | ၁၅၀၀/- |
| ၇၃။ | ပုဒ်မ ၁၁၉(က) | - အငှားယာဉ်မောင်းသူ၏ နံဘေးတွင် ခရီးသည်တစ်ဦးထက်ပိုတင်ခြင်း | ၁၅၀၀/- |
| ၇၄။ | ပုဒ်မ ၁၁၉(ခ) | - ယာဉ်မောင်းသူ၏ ဘက်ပေါက်နံဘေးတွင် ခရီးသည်တင်ဆောင်ခွင့်ပြုခြင်း | ၁၅၀၀/- |
| ၇၅။ | ပုဒ်မ ၁၂၈(က) | - အငှားယာဉ်၏ ပြင်ပနံဘေးများတွင် ကုန်ပစ္စည်းများ တင်ဆောင်ချိတ်ဆွဲခြင်း | ၁၅၀၀/- |
| ၇၆။ | ပုဒ်မ ၁၂၂(ဃ) | - စိတ်ပေါ့သွပ်သူအား ဘတ်စ်ကားတွင် တင်ဆောင်ခြင်း | ၁၅၀၀/- |
| ၇၇။ | ပုဒ်မ ၁၂၂(င) | - တိရစ္ဆာန်များ ဘတ်စ်ကားတွင် တင်ဆောင်ခြင်း | ၁၅၀၀/- |
| ၇၈။ | ပုဒ်မ ၁၂၂(စ) | - ဘတ်စ်ပေါ်တွင် ညစ်ပတ်နံစော်သော ပစ္စည်းများ တင်ဆောင်ခြင်း | ၁၅၀၀/- |
| ၇၉။ | ပုဒ်မ ၁၂၂(ဆ) | - ဘတ်စ်ပေါ်တွင် မီးလောင်ပေါက်ကွဲသော ပစ္စည်းများတင်ဆောင်ခြင်း | ၁၅၀၀/- |
| ၈၀။ | ပုဒ်မ ၁၂၃ | - ဘတ်စ်ကားပေါ်တွင် မည်သူမျှ ဆေးလိပ်မသောက်ရ | ၁၅၀၀/- |
| ၈၁။ | ပုဒ်မ ၁၆၁(က) | - ညအချိန်(သို့)အလင်းရောင်နည်းသည့်အချိန် မီးမထွန်းဘဲ မောင်းခြင်း | ၁၅၀၀/- |
| ၈၂။ | ပုဒ်မ ၁၆၁(ခ) | - ညအချိန် ရှေ့မီးကြီးကို သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အသုံးမပြုခြင်း(မျက်နှာချင်းဆိုင်ယာဉ်ရှိက မီးအောက်စိုက်ရန် ရှုပါက ခေတ္တရပ်ပေးရန်၊ အခြားယာဉ်နောက်မှ မောင်းလာပါက မီးအောက်စိုက်ရန်) | ၁၅၀၀/- |
| ၈၃။ | ပုဒ်မ ၁၆၂ | - ယာဉ်ရပ်ထားစဉ် တံမီးထွန်းမထားရ | ၁၅၀၀/- |
| ၈၄။ | ပုဒ်မ ၁၆၄(က) | - ယာဉ်ပေါ်တာဝန်ရှိသူသည် ယာဉ်၏ ကိုယ်ထည်ပြင်ပတွင် ခရီးသည် မစီးစေရ ခရီးသည်များမှလည်းမစီးရ | ၁၅၀၀/- |
| ၈၅။ | ပုဒ်မ ၁၆၄(ခ) | - ယာဉ်မရပ်မီခရီးသည်များ မဆင်းရ(သို့)မဆင်းစေရ | ၁၅၀၀/- |
| ၈၆။ | ပုဒ်မ ၁၆၅(က) | - ကုန်တင်ယာဉ်တွင် ခိုင်မြဲစွာပစ္စည်းမတင်ဆောင်ခြင်း | ၁၅၀၀/- |
| ၈၇။ | ပုဒ်မ ၁၆၅(ခ) | - (၃)တန်အထက်ယာဉ်တွင် အမြင့်(၁၂)ပေထက်ပိုမတင်ရ၊(၃)တန် ထိယာဉ်တွင် အမြင့်(၁၀)ပေထက်ပိုမတင်ရ | ၁၅၀၀/- |
| ၈၈။ | ပုဒ်မ ၁၆၅(ဂ)(၂) | - သတ်မှတ်အလံနီ(သို့)မြန်မာဗိုင်းချိတ်မဆွဲဘဲ ၃ပေ ဥာဏ်ထက်ပို၍ အစွန်းထွက်စေရ | ၁၅၀၀/- |

| စဉ် | ပုဒ်မ | အကြောင်းအရာ | ဒဏ်ငွေ |
|---|---|---|---|
| ၈၆။ | ပုဒ်မ ၁၆၅(ဂ)(၃) | - ယာဉ်နောက်ကြိမ့် မှုမှန်အရှိန်ထွက်မှုသည် စီးပင်ပင်မည်ဟောက် ပြုမူညိမှု | ၁၅၀၀/- |
| ၈၇။ | ပုဒ်မ ၁၆၅(ဃ) | - ယာဉ်၏ ပြင်ပအောနစ်ကက်တွင် မည်သည့်မှုညှိမှု တင်ဆောင် နိုက်ချိုခြင်းအရှိန်ထွက်အောင် တင်ဆောင်ခြင်းမပြုရ | ၁၅၀၀/- |
| ၈၈။ | ပုဒ်မ ၁၆၅(စ) | - အရှိန်ထွက်မှုညှိမပါပါက နောက်ပိတ်ကို ပိတ်ရမည်။ | ၁၅၀၀/- |
| ၈၉။ | ပုဒ်မ ၁၆၅(ဆ) | - သတ်မှတ်(သို့)ခွင့်ပြုထားသည့် နေရာတွင်သာ ကုန်မှုညှိအတင် အချိုးညီစေမဲ့ပိတ်မိခြင်း အခြားသူများ အနှောက်အယှက် မဖြစ်စေရ | ၁၅၀၀/- |
| ၉၀။ | ပုဒ်မ ၁၆၅(ဈ) | - အနိုရာကပြစ်ထားသော မှုညှိများချုံပြုရှုက်မရသဲ မတင်ဆောင်ရ | ၁၅၀၀/- |
| ၉၁။ | ပုဒ်မ ၁၆၉ | - တံတားပေါ် သတ်မှတ်ကုန်ချိန်ထက်ပို၍ တင်ဆောင်မဖြတ်သန်းရ | ၁၅၀၀/- |
| ၉၂။ | ပုဒ်မ ၁၇၅ | - ယာဉ်တိုက်မှုတွင် ပါဝင်ပါက နံပါတ်သို့ အကြောင်းကြား၍ လူနာအား ဆေးရုံသို့ ပို့ရန် ပျက်ကွက်ခြင်း | ၁၅၀၀/- |
| ၉၃။ | ပုဒ်မ ၁၃ | - ယာဉ်လိုင်စင် ယာဉ်မောင်းလိုင်စင် အခြားစာရွက်စာတမ်းများနှင့် မော်သတ်၍မရှိမသော သိသာမဖြစ်ပါက ယာဉ်သိမ်းဆည်းခွင့် ပြုခြင်း | ၁၅၀၀/- |
| ၉၄။ | ပုဒ်မ ၁၃/၆၄ | - မော်တော်ယာဉ် မှတ်ပုံတင်(ဗွီဘက်)မပါရှိသော်တစ်မော်ခွန်ခြင်း | ၁၅၀၀/- |
| ၉၅။ | ပုဒ်မ ၁၃(စ) | - မှတ်ပုံတင်အမှိုင်(ဗွီဘက်)အား ယာဉ်၏ရှေ့တွင် ထင်ရှားစွာ ပြသမထားခြင်း | ၁၅၀၀/- |
| ၉၆။ | ပုဒ်မ ၂၄ | - အသောကိုင်အဖွဲ့မှ ထုတ်ပြန်သော ညွှန်ကြားချက်နှင့် မညီညွတ်ခြင်း (ယာဉ်၏တည်ဆောက်မှု) | ၁၅၀၀/- |
| ၉၇။ | ပုဒ်မ ၂၅(က) | - အချိတ်များအသုံးပြုနိုင်သည့် အနေအထားမရှိခြင်း | ၁၅၀၀/- |
| ၉၈။ | ပုဒ်မ ၂၆(က) | - သတ်မှတ်ထားသည့် မီးများ စုလင်စွာမတပ်ခြင်း | ၁၅၀၀/- |
| ၉၉။ | ပုဒ်မ ၂၆(ခ) | - ရှေ့မီးတစ်လုံးနှင့် မောင်းနှင်ခြင်း အရှည်အစားအနေနောက်မကျညီခြင်း | ၁၅၀၀/- |
| ၁၀၀။ | ပုဒ်မ ၂၆(ဂ) | - ယာဉ်၏နောက်မီးငယ်များ မတပ်ဆင်ခြင်း | ၁၅၀၀/- |
| ၁၀၁။ | ပုဒ်မ ၂၆(င) | - နောက်နံပါတ်ပြားမီးမပါ မလင်းခြင်း | ၁၅၀၀/- |
| ၁၀၂။ | ပုဒ်မ ၂၆(စ) | - ဘရိတ်မီးမပါခြင်း မလင်းခြင်း | ၁၅၀၀/- |
| ၁၀၃။ | ပုဒ်မ ၂၆(ဆ) | - အချက်ပြမီးမတပ်ဆင်ခြင်း | ၁၅၀၀/- |
| ၁၀၄။ | ပုဒ်မ ၂၆(ဇ) | - ညအချိန်နောက်မီးငယ်မှန်ကွဲ ရုပ်ထားခြင်း | ၁၅၀၀/- |
| ၁၀၅။ | ပုဒ်မ ၂၆(ဈ) | - ညအချိန်၄ပေထက်အရှည်ထွက် မှုညှိထိပ်တွင် မီးနီမတပ်ဆင်ခြင်း | ၁၅၀၀/- |
| ၁၀၆။ | ပုဒ်မ ၃၀(က) | - ဝန်ပါ အလေးချိန် သည် ၁၈ တန်ထက် မပိုစေရ | ၁၅၀၀/- |
| ၁၀၇။ | ပုဒ်မ ၃၀(ခ) | - ကုန်တင်ယာဉ်၏ နံပေးတွင် ကုန်တန်ချိန် ယာဉ်တန်ချိန်မရေးခြင်း | ၁၅၀၀/- |
| ၁၀၈။ | ပုဒ်မ ၃၂(ခ) | - အရှုပ်ယှက်ဖြစ်စေမည့် တာယာများ အသုံးမပြုရ | ၁၅၀၀/- |
| ၁၀၉။ | ပုဒ်မ ၃၃ | - စိတ်ချနိုင်မှုသော စတီးယာရင်မရှိဘဲ မောင်းနှင်ခြင်း | ၁၅၀၀/- |
| ၁၁၀။ | ပုဒ်မ ၃၄(က) | - ယာဉ်၏ကြွင်းခင်းသောဘာ အမိုးများရှိပြီး ကောင်းမွန်မှုမရှိခြင်း | ၁၅၀၀/- |
| ၁၁၁။ | ပုဒ်မ ၃၄(ဂ) | - ယာဉ်၏တံခါးပိုင်နှ လုံခြုံမှုမရှိခြင်း | ၁၅၀၀/- |
| ၁၁၂။ | ပုဒ်မ ၃၄(င) | - ယာဉ်၏ လှေကားများ ခိုင်ခံ့မှု — ပင်ဆင်ခြင်း | ၁၅၀၀/- |

မည်သူမဆို—

(၁) အများပြည်သူဆိုင်ရာ လမ်းတွင် အရမ်းမောင်းခြင်း၊ အရမ်းစီးခြင်း၊ ပြုလုပ်ပါက နှစ်နှစ်ထိ ထောင်ဒဏ် ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ် စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်၊
(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၂၇၉)

(၂) အခြားသူ၏ အသက်ကို (သို့မဟုတ်) လုံခြုံရေးကို ဘေးဖြစ်စေသော ပြုလုပ်မှု တစ်ခုခုကို ပြုခြင်းဖြင့် နာကျင်စေမှုကို ဖြစ်စေပါက (၂) နှစ်ထိ ထောင်ဒဏ် ဖြစ်စေ၊ တစ်ထောင်ကျပ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်၊
(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၃၇)

(၃) အခြားသူ၏ အသက်ကို (သို့မဟုတ်) လုံခြုံရေးကို ဘေးဖြစ်စေသော ပြုလုပ်မှု တစ်ခုခုကို ပြုခြင်းဖြင့် အပြင်းအထန် နာကျင်စေမှုကို ဖြစ်စေပါက (၅) နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်၊
(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၃၈)

(၄) အရမ်းပြုလုပ်မှုကို (သို့မဟုတ်) ပေါ့လျော့သော ပြုလုပ်မှုကိုပြု၍ လူကိုသေစေလျှင် (၇) နှစ်ထိ ထောင် ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင် သည်၊
[ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၀၄–(က)]

အထွေထွေစည်းကမ်းများ—

| | | |
|---|---|---|
| ၁။ | ဖြောင့်တန်းသော လမ်း | သာမန်အားဖြင့် လမ်း၏လက်ယာဘက်မှ မိမိယာဉ်ကြောအတိုင်း သတ်မှတ်အမြန်နှုန်းထက်မကျော်လွန်ဘဲ မောင်းနှင်ပါ။ |
| ၂။ | ကွေ့ကောက်သောလမ်းများ။ | အရှိန်ပြင်းစွာမမောင်းရ။ မိမိယာဉ်ကြောအတွင်းသွားလာနိုင်သည့် အမြန်နှုန်းဖြင့်သာ မောင်းပါ။ |
| ၃။ | တောင်ပေါ် လမ်းများ | တက်လာသော မော်တော် ယာဉ်ကို ဆင်းသော မော်တော်ယာဉ်မှ ဦးစားပေးပါ။ လိုအပ်လျှင် ရပ်ပေးပါ။ |
| ၄။ | လမ်း ၃ ခွဆုံလမ်း | ယာဉ်ထိန်းသိမ်းသူမရှိလျှင် လမ်းသွယ်မှ ဝင်သော မော်တော်ယာဉ်သည် လမ်းမကြီးပေါ်မှ မော်တော်ယာဉ်ကို ဦးစားပေးရမည်။ |
| ၅။ | လမ်း ၄ ခွဆုံလမ်း | ယာဉ်ထိန်းသိမ်းသူမရှိလျှင် တူညီလမ်းဆုံဖြစ်ပါက မျက်နှာချင်းဆိုင်ယာဉ်ကြောမှ လာသော ယာဉ်များအနက် တည့်တည့်သွားသော ယာဉ်ကို ဘယ်ကွေ့လိုသော ယာဉ်မှ ဦးစားပေးပါ။ လမ်းဆုံတွင် မိမိညာဘက်ကပ်လျက် လမ်းမှ ဝင်လာသော ယာဉ်ကို ဦးစားပေးပါ။ |
| ၆။ | လမ်း ၅ ခွဆုံလမ်း | ယာဉ်ထိန်းသိမ်းသူမရှိလျှင် မိမိညာဘက်ကပ်လျက် လမ်းမှ ဝင်လာသော ယာဉ်ကို ဦးစားပေးပါ။ |

၇။ **အဝိုင်း** — အဝိုင်းကို အတွင်းလိုင်းမှ ပတ်လျက်မောင်းနှင်နေသောမော်တော်ယာဉ်များကို အမြဲဦးစားပေးပါ။

၈။ **ဝင်ပေါက်/ထွက်ပေါက်လမ်းဝများ။** — ဝင်ပေါက် ထွက်ပေါက်များ လမ်းဝများမှ ထွက်လာသော မော်တော်ယာဉ်များသည် လမ်းမကြီးမှ ယာဉ်ကို အမြဲဦးစားပေးပါ။

## လမ်းအမှတ်အသားများ

၁။ လမ်းအလယ်ရှိ တလျှားလိုက်မျဉ်းမြွအမှတ်အသားများ

အလယ်မျဉ်းပြတ်




(က) နှစ်လမ်းမောင်းတွင် မျဉ်းပြတ်ကိုဖြတ်ကျော်၍ ကွေ့နိုင်သည်။ ဂ-ကွေ့လည်း ကွေ့နိုင်သည်။ တစ်လမ်းမောင်းလမ်းတွင်မူ မျဉ်းပြတ်ကိုဖြတ်၍ ယာဉ်ကြောကူးပြောင်းနိုင်သည်၊

(ခ) အန္တရာယ်ကင်းရှင်းလျှင် မျဉ်းပြတ်ကိုဖြတ်၍ ရှေ့ယာဉ်ကိုကျော်တက်နိုင်သည်၊

(ဂ) မျဉ်းပြတ်များကို ခွ၍မမောင်းရ၊

(ဃ) မျဉ်းပြတ်ပေါ်တွင်လမ်းမလျှောက်ရ၊ ရပ်မနေရ၊ စက်ဘီး မစီးရ။




အလယ်မျဉ်း

(က) ဤမျဉ်းကိုဖြတ်ကျော်၍ မကွေ့ရ၊ ဂ-ကွေ့မကွေ့ရ၊ ယာဉ်ကြောလည်း မကူးပြောင်းရ၊

(ခ) ဤမျဉ်းကိုဖြတ်၍ ရှေ့ယာဉ်ကိုကျော်မတက်ရ၊

(ဂ) ဤမျဉ်းကို ခွ၍မမောင်းရ၊

(ဃ) ဤမျဉ်းပေါ်တွင် လမ်းမလျှောက်ရ၊ ရပ်မနေရ၊ စက်ဘီး မစီးရ။



အလယ်မျဉ်းပြိုင်နှစ်ကြောင်း


(က) မျဉ်းပြိုင်နှစ်ကြောင်းကို အန္တရာယ်ဖြစ်နိုင်သည့် လမ်းကွေ့ လမ်းကောက်များ၊ တံတားကျယ်များ၊ မြင်ကွင်းကွယ် နေသော ကုန်းထိပ်များ စသည့်နေရာများတွင် အသုံးပြု သည်။

(ခ) မျဉ်းပြိုင်နှစ်ကြောင်းကို လုံးဝ ဖြတ်မကျော်ရ။ ဂ-ကွေ့ မကွေ့ရ။ ခွမမောင်းရ၊


(ဂ) မျဉ်းပြိုင်နှစ်ကြောင်းနေရာတွင် ရှေ့မှယာဉ်ကို လုံးဝကျော် မတက်ရ၊

(ဃ) မျဉ်းပြိုင်နှစ်ကြောင်း နေရာတွင် ယာဉ်ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရ၊

(င) မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင် လမ်းမလျှောက်ရ။ ရပ်မနေရ။ စက်ဘီးမစီးရ။



နှစ်လမ်းမောင်း



တစ်လမ်းမောင်း

အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို တစ်ဆက်တည်းမျဉ်းနှင့် မျဉ်းပြတ်များဖြင့် ရေးဆွဲထားခြင်း—


(က) မျဉ်းပြတ်ရှိသော ယာဉ်ကြောများဘက်မှ ယာဉ်သည် မျက်နှာချင်းဆိုင်လာသောဘက်မှယာဉ်အန္တရာယ်ကင်းရှင်းလျှင် အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို ဖြတ်ကျော်၍ ကွေ့နိုင်သည်။ သို့ရာတွင် ဂ-ကွေ့မကွေ့ရ၊

(ခ) မျဉ်းပြတ်ရှိသော ယာဉ်ကြောများအကြားမှ ယာဉ်သည် အလယ်မျဉ်းနှစ်ကြောင်းကိုဖြတ်၍ ရှေ့ယာဉ်ကို ကျော်မတက်ရ။ ခွမမောင်းရ၊


(ဂ) တစ်ဆက်တည်းမျဉ်းရှိသော ယာဉ်ကြောများ အကြားမှ ယာဉ်သည် တစ်ဆက်တည်းမျဉ်းကို လုံးဝဖြတ်မကျော်ရ၊

(ဃ) မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင် လမ်းမလျှောက်ရ။ ရပ်မနေရ။ စက်ဘီးမစီးရ။

## ယာဉ်ကြောများကို သတ်မှတ်သည့် အလျားလိုက် မျဉ်းစွဲ အမှတ်အသားများ



တစ်လမ်းမောင်းလမ်း



နှစ်လမ်းမောင်းလမ်း

(က) လမ်းတစ်လျှောက် ယာဉ်တစ်စီးချင်း ရှေ့နောက် လွယ်ကူစွာနှင့် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရန်အတွက် ယာဉ်ကြောများကို တစ်ဆက်တည်းမျဉ်း၊ မျဉ်းပြတ် တို့ဖြင့် သတ်မှတ်သည်၊

(ခ) လမ်းဆုံလမ်းခွတွင် ကန့်လန့်ဖြတ် ရေးဆွဲထားသော ရပ်မျဉ်းသို့မရောက်မီ အနည်းဆုံး မီတာ ၃၀ (ပေ ၁၀၀) မှ၍ ရပ်မျဉ်းအထိ တစ်ဆက်တည်းမျဉ်းဖြင့် ယာဉ်ကြောများကို ခွဲခြားထားသည်။

(ဂ) မျဉ်းပြတ်များဖြင့် ခွဲခြားထားသော ယာဉ်ကြောများတွင် ယာဉ်များသည် ယာဉ်ကြောတစ်ခုမှ တစ်ခုသို့ ကူးပြောင်း နိုင်သည်။ ယာဉ်ကြောကူးပြောင်းရာတွင် အလိုက်သင့် အလျှားသင့် တစ်ခုပြီးမှတစ်ခုကူးပြောင်းရမည်။ နောက်မှ လိုက်လာသောယာဉ်ကို အနှောင့်အယှက် မဖြစ်စေရ။ လမ်းဆုံလမ်းခွမရောက်မီ တစ်ဆက်တည်းမျဉ်းနေရာတွင် ယာဉ်ကြောလုံးဝ မကူးပြောင်းရ၊

(ဃ) မျဉ်းပြတ်နေရာတွင် ရှေ့ယာဉ်ကို ကျော်တက်နိုင်သည်။ တစ်ဆက်တည်းမျဉ်းနေရာတွင်မူ ကျော်မတက်ရ။


(င) မျဉ်းဝါဖြင့် သတ်မှတ်သော၊ ယာဉ်ကြောသည် ဘတ်စ်ကားများအတွက် သာဖြစ်သည်။

(စ) သာမန်အားဖြင့် လက်ယာဘက်ယာဉ်ကြောတွင် မောင်းနှင်ရမည်။ လက်ဝဲဘက်သို့ကွေ့လိုလျှင် မျဉ်းပြတ်နေရာများတွင်သာ လက်ဝဲယာဉ်ကြောသို့ ကူးပြောင်းပြီးမှ ကွေ့ရမည်၊

(ဆ) ရှေ့ယာဉ်ကို ကျော်တက်လိုလျှင် မျဉ်းပြတ်နေရာများတွင်သာ ကျော်တက်ရမည်၊


(ဇ) အလယ်မျဉ်းပြတ်ရှိသော နေရာများတွင်သာ ဂ-ကွေ့ ကွေ့နိုင်သည်။

## လမ်းပေါ်တွင်ညွှန်ပြသည့်မြှားပုံအမှတ်အသား




မြှားရှည်များ ( မြှားဝါများသည် ဘတ်စ်ကားများအတွက်သာ ဖြစ်သည်။ )

## ကန့်လန့်ဖြတ်ရပ် မျဉ်းဖြူ အမှတ်အသားများ



ရပ်မျဉ်းဖြူများ



ရပ်မျဉ်းအပြင် " ရပ် " စာသားဖြင့် ထပ်ဆင့်ဖော်ပြခြင်း၊

ယာဉ်ရပ်သောအခါ ရင်းမျဉ်း၏ နောက်တွင်သာ ရပ်ရမည်။

## လူကူးမျဉ်းဝါနေရာများတွင် ယာဉ်မောင်းသူများ လိုက်နာရမည့်အချက်များ

(က) လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်နေရာသို့ မရောက်မီ အနည်းဆုံးမီတာ ၅၀ (၁၆၅ ပေ) အကွာအဝေးမှ အရှိန်လျှော့၍ သတိဖြင့်မောင်းနှင်ချဉ်းကပ်ရမည်။ ဖြတ်ကူးသူများရှိနေလျှင် မျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်မှ အနည်းဆုံး ၅ မီတာ (၁၆ ပေ ၆ လက်မ) အကွာအဝေးတွင် ယာဉ်ကိုရပ်ပြီး လမ်းဖြတ်ကူးသူများ ရှင်းမှ ဆက်မောင်းရမည်၊

(ခ) လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်ပေါ်တွင် မည်သည့် အကြောင်းကြောင်းနှင့်မျှ ယာဉ်လုံးဝမရပ်ရ။ ထိုမျဉ်းများပေါ်တွင် ယာဉ်ပျက်စီးချတ်ယွင်း၍ ရပ်သွားပါက ထိုမျဉ်းများနှင့် လွတ်ကင်းသည့် လမ်းဘေးနေရာသို့ အမြန်ဆုံးရွှေ့ရမည်၊

(ဂ) လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်နေရာ၌ ရပ်ထားသောယာဉ်ကို ကျော်မတက်ရ။ သွားနေသောရွှေယာဉ်ကို လည်း ကျော်မတက်ရ၊

(ဃ) လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်နေရာ၌ ယာဉ်ထိန်းရဲ၊ သို့မဟုတ် တာဝန်ပေးအပ်ခံရသူက ကြီးကြပ်ထိန်းသိမ်းနေလျှင် ၎င်း၏ညွှန်ပြချက်အတိုင်း လိုက်နာရမည်၊


(င) လမ်းသုံးလမ်းခွတွင် ရပ်မျဉ်းနောက်၌သာ ယာဉ်ကို ရပ်ရမည်။ လူကူးမျဉ်းဝါပေါ်တွင် ယာဉ်မရပ်ရ၊

(စ) လမ်းဆုံလမ်းခွ၌ ယာဉ်ကွေ့လျှင် ကွေ့မည့်လမ်းပေါ်တွင် ဖြတ်ကူးသူများကို အထူးဂရုစိုက်ရမည်


## ခြေကျင်လျှောက်သူများအတွက် မျဉ်းဝါအမှတ်အသားများ



လူကူးမျဉ်းကျားအဝါ



လူကူးမျဉ်းဝါများ




လူကူးမျဉ်းဝါဖြတ်

(က) ခြေကျင်လျှောက်သူများ အန္တရာယ်ကင်းရှင်းစွာ လမ်းကို ဖြတ်ကူးနိုင်ရန် နေရာသတ်မှတ်ချက်ကို မျဉ်းကျားအဝါဖြင့် ဖော်ပြ၍ လူနှင့် ယာဉ်အသွားအလာများသောနေရာများတွင် အသုံးပြုသည်။


(ခ) ယာဉ်ထိန်းအချက်ပြမီး၊ သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူထိန်းသိမ်းသော လမ်းဆုံလမ်းခွတွင် လူဖြတ်ကူးရန်အတွက် မျဉ်းဝါနှစ်ကြောင်းကို ရပ်မျဉ်း၏ရှေ့တွင် ရေးဆွဲသည်။

(ဂ) လူကူးမျဉ်းဝါဖြတ်များကို ယာဉ်အသွားအလာများသော ကျောင်းရှေ့၊ ဆေးရုံရှေ့၊ ဘတ်စ်ကားမှတ်တိုင်အနီးစသည့် နေရာများ၌ အသုံးပြုသည်။

## လမ်းပေါ် မျဉ်းဝါ ကျွန်း အမှတ်အသားများ



လမ်းအလျားလိုက်ကျွန်း




လမ်းခွဲကျွန်းများ

(က) ယာဉ်များ ဖြတ်ကျော်ခြင်းမပြုစေလိုသည့် လမ်းပေါ် ကျွန်း အမှတ်အသားများကို မျဉ်းအဝါများဖြင့် ရေးဆွဲ သတ်မှတ်ရမည်၊

(ခ) ကျွန်းပေါ်တွင် ယာဉ်များရပ်ခြင်း၊ ဖြတ်ကျော်ခြင်း မပြုရ၊

(ဂ) ကျွန်းရှိသောလမ်းကို ဖြတ်ကူးသူသည် ကျွန်းပေါ်တွင် တစ်ထောက်နားပြီး ယာဉ်သွားလာမှုရှင်းမှ ဆက်လက် ဖြတ်ကူးနိုင်သည်။ ကျွန်းအတွင်း လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်းမပြုရ။

## မျဉ်းဝါပြတ် ဘတ်စ်ကားမှတ်တိုင်နေရာ အမှတ်အသားများ



လမ်းဘေးယာဉ်ကြောမှခွဲ၍ သီးခြားသတ်မှတ်ထားသော
ဘတ်စ်ကား မှတ်တိုင်နေရာများ



လမ်းဘေးယာဉ်ကြောအတွင်း သတ်မှတ်ထားသော
ဘတ်စ်ကား မှတ်တိုင်နေရာများ

## လမ်းဘေးကပ်တုံး အမှတ်အသားများ



အဖြူ/အနီ လမ်းဘေးကပ်တုံးများ

(က) အဖြူ/အနီလမ်းဘေးကပ်တုံးရှိသော လမ်းတစ်လျှောက်တွင် ယာဉ်များ လုံးဝရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ။ ၎င်းအမှတ်အသားကို အဝိုင်းပတ်များ၊ လမ်းခွဲကျွန်းများ၊

အန္တရာယ်ရှိသောလမ်းကွေ့များ၊ လမ်းဆုံလမ်းခွများ စသည့်နေရာများတွင် အသုံးပြုသည်။



အဝါ/အနက် လမ်းဘေးကပ်တုံးများ

(ခ) အဝါ/အနက်လမ်းဘေးကပ်တုံးရှိသော လမ်းတစ်လျှောက်တွင် ယာဉ်ကိုခေတ္တခဏသာ ရပ်ဆိုင်းနိုင်သော်လည်း လုံးဝရပ်မထားရ။ ၎င်းအမှတ်အသားကို လမ်းပိတ်ဆို့စေနိုင်သည့် ဈေး၊ ကျောင်း၊ ဆေးရုံ၊ လူအဝင်အထွက်များသောရုံး စသည်တို့၏နေရာများတွင် အသုံးပြုသည်။


အဖြူ/အနီကျား လမ်းဘေးတိုင်များ




(က) ၎င်းတိုင်များကို ချောက်ကမ်းပါးရှိသော လမ်းဘေး အန္တရာယ် ဖြစ်စေပါနိုင်သော လမ်းကွေ့လမ်းကောက် စသည့်နေရာများတွင် စိုက်ထူထားရမည်။

(ခ) ၎င်းတိုင်များရှိသောလမ်းဘေးတစ်လျှောက်တွင် ယာဉ်များ လုံးဝရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရသည့်အပြင် ယာဉ် အချင်းချင်း ကျော်မတက်ရ။ ၎င်းတိုင်များကိုတွေ့လျှင် ယာဉ်အရှိန်လျှော့၍ သတိပြုမောင်းနှင်ရမည်။

## (နှစ်လမ်းမောင်း)




## (တစ်လမ်းမောင်း)



## ဘတ်(စ်)ကား မျဉ်းဝါယာဉ်ကြောများ - ပုံ (၂)








အနော်ရထာလမ်း နှင့် ပန်းဆိုးတန်းလမ်းဆုံမှ ဘတ်(စ်)ကား မျဉ်းဝါယာဉ်ကြောပုံ

### ဘတ်(စ်)ကားမျဉ်းဝါယာဉ်ကြော

- ခရီးသည်တင်ယာဉ်ဘတ်(စ်)ကားများသည် သီးသန့်ရေးဆွဲပေးထားသော မျဉ်းဝါယာဉ်ကြောအတွင်းမှသာ မောင်းနှင်ရမည်။
- ခရီးသည်တင်ယာဉ်ဘတ်(စ်)ကားများသည် သီးသန့်ရေးဆွဲပေးထားသောမျဉ်းဝါယာဉ်ကြောမရှိပါက ညာဘက်အစွန်ဆုံးယာဉ်ကြောမှ မောင်းနှင်ရမည်။

**အဝါရောင်အကွက် (Yellow Box) ပုံ [illegible]**





ဆူးလေဘုရားလမ်းနှင့်စည်ပင်လမ်းဆုံ

## အဝါရောင်အကွက် (Yellow Box)

အဝါရောင်အကွက် (Yellow Box)အား ဖြတ်သန်းမောင်းနိုင်သော်လည်း လမ်းသွယ်မှယာဉ်မောင်းထွက်နိုင်ရေးအတွက် ၄င်းအဝါရောင်အကွက်အတွင်း ယာဉ်လုံးဝမရပ်ရ။


- ဦးစားပေးလမ်းနှင့် လမ်းသွယ်ဆုံရာတို့တွင် ဦးစားပေးလမ်းပေါ်၌အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားပါက လမ်းသွယ်မှ လာသည့်ယာဉ်ဝင်/ယာဉ်ထွက်နိုင်ရန် Yellow Box ရှိသကဲ့သို့ ချန်လှပ်ထားရမည်။

(Yellow Box) - ပုံ (၂)




ဓမ္မစေတီလမ်းနှင့်ဗားကရာလမ်းဆုံ

**အဝါရောင်အကွက် (Yellow Box) – ပုံ (၃)**





အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းဆုံ

**အဝါရောင်အကွက် (Yellow Box)**


အဝါရောင်အကွက် (Yellow Box) အား ဖြတ်သန်းမောင်းနိုင်သော်လည်း ယာဉ်လုံးဝမရပ်ရ။

**အလွတ်ယာဉ်ကြော (Free Lane) - ပုံ (၁)**





ကမ္ဘာအေးဘုရားလမ်းနှင့်ကံဘဲ့လမ်းဆုံ

## အလွတ်ယာဉ်ကြော (Free Lane) - ပုံ (၂)




အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းဆုံ
(Free Lane) ပုံ

အလွတ်ယာဉ်ကြော (Free Lane) ပုံ (၃)





ကမ္ဘာအေးဘုရားလမ်းနှင့်အုတ်ပုံဆိပ်လမ်းဆုံ (နဝဒေး) လမ်းဆုံ

**အလွတ်ယာဉ်ကြော** (Free Lane)

လမ်းဆုံများတွင် ယာဘက်အစွန်ဆုံးယာဉ်ကြောအား အလွတ်ယာဉ်ကြောရေးဆွဲပြုလုပ်ထားပါက ယာဘက်သို့ ကွေ့လိုသော ယာဉ်များသာ ဝင်ရောက်မောင်းနှင်ရမည်၊ ၎င်းယာဉ်ကြောမှ အတည့်မောင်းမထွက်ရ၊

ရထားလမ်းရှိ ကားလမ်းဆုံ




ဗဟိုလမ်းနှင့် ပါရမီလမ်းဆုံတွင်
ကားလမ်းနှင့်ရထားလမ်းတည်ရှိပုံ

ရထားလမ်းနှင့် ကားလမ်းဆုံ

- ရထားဖြတ်သန်းချိန်တွင် ယာဉ်ကိုတားထားသော သံတံခါး၏ နောက်တွင်ရပ်ထားရမည်။
- မီးပွိုင့်စရိယာအတွင်း မရပ်ရ။

# အချက်ပြမှုများ

၁။ မော်တော်ယာဉ်မောင်းသူ၊ မော်တော်ဆိုင်ကယ်စီးသူ၊ အခြေနင်းယာဉ်မောင်းသူ/စီးသူ / တွန်းသူ / ဆွဲသူနှင့် စက်ဘီးစီးသူများသည် လမ်းပေါ်တွင် သွားလာနေစဉ် မိမိသွားလိုရာဘက်သို့ လက်ဖြင့်လည်းကောင်း၊ ယာဉ်တွင် တပ်ဆင်ထားသော အချက်ပြမီးဖြင့်သော်လည်းကောင်း လမ်းအသုံးပြုသော အခြားသူများကြိုတင်သိရှိစေရန် သတ်မှတ်ထားသည့်အတိုင်း ကြိုတင်အချက်ပြရမည်။

၂။ ယာဉ်သွားလာမှု ချောမွေ့စေရန် ကြီးကြပ်ထိန်းသိမ်းပေးနေသည့် ယာဉ်ထိန်းရဲ သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသူက လက်ဖြင့်ဖြစ်စေ၊ ဝီစီသံနှင့် လက်တွဲ၍ ဖြစ်စေ၊ အချက်ပြကိရိယာဖြင့် ဖြစ်စေ၊ အခြားသင့်လျော်သော နည်းဖြင့်ဖြစ်စေ ပြသသည့် အချက်ပြမှုများကို လမ်းအသုံးပြုသူများက လိုက်နာရမည်။

၃။ ယာဉ်ထိန်းအချက်ပြမီးများ တပ်ဆင်ထားပါက အချက်ပြသည့်အတိုင်း လမ်းအသုံးပြုသူများက လိုက်နာရမည်။

မော်တော်ယာဉ်တွင်




လက်ယာဘက်သို့ ကွေ့ရန်၊ သို့မဟုတ် လက်ယာဘက် ယာဉ်ကြောသို့ ပြောင်းရန်၊ သို့မဟုတ် လက်ယာနံဘေးသို့ ကပ်ရန်အချက်ပြခြင်း။



လက်ဝဲဘက်ကွေ့ရန်၊ သို့မဟုတ် လက်ဝဲဘက် ယာဉ်ကြောသို့ပြောင်းရန်၊ သို့မဟုတ် လက်ဝဲ နံဘေးသို့ကပ်ရန် အချက်ပြခြင်း။



အရှိန်လျှော့နေသည်ဟု အချက်ပြခြင်း



ရပ်မည်ဟုအချက်ပြခြင်း



ကျော်တက်နိုင်ကြောင်းအချက်ပြခြင်း



တည့်တည့်သွားလိုကြောင်း အချက်ပြခြင်း

အနေးယာဉ်များအတွက်



လက်ယာဘက်သို့ကွေ့ရန် အချက်ပြပုံ




လက်ဝဲဘက်သို့ကွေ့ရန် အချက်ပြပုံ



ရပ်ရမည်ဟု အချက်ပြပုံ




ကျော်တက်နိုင်ကြောင်း အချက်ပြပုံ



တည့်တည့်သွားလိုကြောင်း အချက်ပြပုံ

စက်ဘီးစီးသူများ




လက်ယာဘက်သို့ကွေ့ရန် အချက်ပြပုံ



လက်ဝဲဘက်သို့ကွေ့ရန် အချက်ပြပုံ



အရှိန်လျှော့မည်ဟု အချက်ပြပုံ



ရပ်မည်ဟု အချက်ပြပုံ



ကျော်တက်နိုင်ကြောင်း အချက်ပြပုံ



တည့်တည့်သွားလိုကြောင်း အချက်ပြပုံ

ယာဉ်ထိန်း ရဲ၊



(က) ရှေ့၊ နောက်၊ ဝဲ၊ ယာရှိ ယာဉ်အားလုံးရပ်ရန်။



(ခ) ရှေ့၊ နောက်၊ ဝဲ၊ ယာရှိ ယာဉ်အားလုံးကို ရပ်ထားရာမှ
လက်ယာဘက်ရှိယာဉ်များကို သွားခွင့်ပြုခြင်း။



(ဂ) ရှေ့၊ နောက်၊ ဝဲ၊ ယာရှိ ယာဉ်အားလုံးကို ရပ်ထားရာမှ
လက်ဝဲဘက်ရှိယာဉ်များကိုသွားခွင့်ပြုခြင်း။



(ဃ) ရှေ့၊ နောက် ယာဉ်များရပ်ရန်၊
ဝဲ၊ ယာ ယာဉ်များသွားရန်။



(င) ခြေကျင်လျှောက်သူများ၊
ဖြတ်ကူးရန်အတွက် ယာဉ်များ
ရပ်စေခြင်း။





**ယာဉ်ထိန်းအချက်ပြမီးများ**

ယာဉ်ထိန်းအချက်ပြ မီးရောင်များ၏ သတ်မှတ်ချက်

(က) **အနီ။** အနီရောင်ပြလျှင် ရပ်မျဉ်းနောက်တွင် ယာဉ်ကို ရပ်ရမည်။ ရပ်မျဉ်းမရှိက အချက်ပြမီးတိုင် မရောက်မီ ရပ်ရမည်။ လူကူးမျဉ်းပေါ်တွင် မရပ်ရ၊

(ခ) **အဝါ။** ရပ်မျဉ်း သို့မဟုတ် အချက်ပြမီးတိုင်သို့ မရောက်မီ အဝါရောင်ပြလျှင် ယာဉ်ကို ရပ်မျဉ်းနောက်၊ သို့မဟုတ် အချက်ပြမီးတိုင်မရောက်မီ ရပ်ရမည်၊


(ဂ) **အစိမ်း။** အစိမ်း ရောင် ပြ လျှင် မောင်း နှင် နိုင် သည်၊ သို့ရာတွင် လမ်းရှင်းမှ မောင်းနှင်ရမည်။ မီးစိမ်းကိုမီရန် အရှိန်မြှင့်၍ လုမမောင်းရ၊

(ဃ) **မှိတ်တုတ် အနီ၊ သို့မဟုတ် တစ်လှည့်စီလင်းသော အနီ။** ၎င်းအရောင်ပြလျှင် ရပ်မျဉ်းနောက်၊ သို့မဟုတ် အချက်ပြ မီးတိုင်သို့ မရောက်မီ ယာဉ်ကို ရပ်ရမည်၊ ထိုအချက်ပြမှု ရပ်လျှင် မောင်းနှင်နိုင်သည်။

(င) **မှိတ်တုတ် အဝါ၊ သို့မဟုတ် တစ်လှည့်စီလင်းသောအဝါ။** ၎င်းအရောင်ပြလျှင် သတိဖြင့် အရှိန်လျှော့၍ မောင်းနှင် ရမည်။

(စ) **လူဖြတ်ကူးရန် အနီ/အစိမ်း။** ခြေကျင် လျှောက်သူများ အတွက် အစိမ်းပြလျှင်၊ သတိဖြင့် အမြန်ဖြတ်ကူးရမည်။ အနီပြလျှင် ဖြတ်မကူးရ။

မီးလုံးသုံးမျိုး၏ အနေအထားများ



အချက်ပြမီးလင်း အစီအစဉ်မှာ အနီ-အစိမ်း-အဝါ-အနီ ဖြစ်သည်။

မြှားပုံပါ မီးစိမ်း



မြှားသည် သွားခွင့်ပြုသည့်ဘက်သို့ပြသည်။



လမ်းဆုံ၌ လမ်းခွဲပုံ အခြေအနေပေါ်
မူတည်၍ အသုံးပြုသည်။




လမ်းလေးခုထက်ပို၍ ဆုံသော
နေရာတွင် မီးစိမ်း အစား
မြှားပုံများကို ပြသသည်။



ယာဉ်သွားလာမှုနည်းပါးချိန်တွင်
မီးနီနှင့် မီးစိမ်းကိုပိတ်ပြီး မီးဝါကို
မှိတ်တုတ်မီးအဖြစ် ပြောင်းလဲပြသည်။

### (ဃ) မှိတ်တုတ်မီးဝါနှင့် တစ်လှည့်စီလင်းသော မီးဝါများ








**မှိတ်တုတ်မီးဝါတစ်လုံး**

**တစ်လှည့်စီလင်းသော မီးဝါနှစ်လုံး**



ရွှေဂုံတိုင်လမ်းဆုံမှ အချက်ပြမီးပွိုင့်ပုံ


ဝဲဘက်ချိုးကွေ့သော ယာဉ်များဦးစားပေးလွှတ်သည့် မီးပွိုင့်ပုံ

- ဝဲဘက်သို့ ကွေ့မည့်ကားများအတွက် ဦးစွာမီးစိမ်းထားပေးခြင်းဖြစ်၍ အတည့်သွားမည့်ကားများသည် အတည့်မီးစိမ်းပြမှသာထွက်ရမည်။

- အတည့်မီးစိမ်းပြချိန်တွင် ကွေ့မည့်ကားများ စောင့်ဆိုင်းရမည်။



မှိတ်တုတ်မီးနီတစ်လုံး



တစ်လှည့်စီလင်းသော မီးနီနှစ်လုံး

၎င်းအရောင်ပြလျှင် ရပ်မျဉ်းနောက်၊ သို့မဟုတ် အချက်ပြ မီးတိုင်သို့ မရောက်မီ ယာဉ်ကို ရပ်ရမည်၊ ထိုအချက်ပြမှု ရပ်လျှင် မောင်းနှင်နိုင်သည်။

(စ) ခြေကျင်လျှောက်သူများအတွက် သီးခြားအချက်ပြမီးများ



လူမတ်တတ်ရပ်နေပုံ မီးနီပြစဉ် လမ်းဖြတ်မကူးရ။



လူလမ်းလျှောက်နေပုံ မီးစိမ်းပြစဉ် လမ်းဖြတ်ကူး နိုင်သည်။

လူလမ်းလျှောက်နေပုံ မီးစိမ်းပြစဉ် ဘေးမှ မီးစိမ်းများ မှိတ်တုတ်ဖြစ်လာပါက မီးစိမ်းမှ မီးနီသို့ မကြာမီကူးပြောင်း မည်ဖြစ်ကြောင်း အချက်ပေးခြင်းဖြစ်ရာ—

(က) လမ်းဖြတ်ကူးပြီး ဖြစ်နေလျှင် တစ်ဘက်သို့ အမြန်ဆုံး ရောက်အောင် ဖြတ်ကူးပါ၊ သို့မဟုတ်

(ခ) လမ်းဖြတ်ကူးစ အခြေအနေတွင်ရှိနေပါက မဖြတ်ကူး တော့ဘဲ စောင့်ဆိုင်းနေပါ။

## လမ်းညွှန်းများ

**အန္တရာယ်သတိပေးလမ်းညွှန်းများ။**



ရှေ့တွင် လက်ဝဲ လမ်းကွေ့ရှိသည် | ရှေ့တွင် လက်ယာ လမ်းကွေ့ရှိသည် | ရှေ့တွင် လက်ဝဲနှစ်ထပ်ချိုး လမ်းကွေ့ရှိသည်



ရှေ့တွင် လက်ယာနှစ်ဆစ်ချိုး
လမ်းကွေ့ရှိသည်



ရှေ့တွင်
ကုန်းဆင်းရှိသည်



ရှေ့တွင်
ကုန်းတက်ရှိသည်



ရှေ့တွင် လမ်းကျဉ်းရှိသည်



ရှေ့တွင် လက်ဝဲသို့
လမ်းကျဉ်းသည်



ရှေ့တွင် လက်ယာသို့
လမ်းကျဉ်းသည်



ရှေ့တွင် လမ်းမညီ
(လှိုင်းထသည်)



ရှေ့တွင် လမ်းခုံးနေသည်



ရှေ့တွင် လမ်းချိုင့်နေသည်
လမ်းရေကျော်သည်



ရှေ့တွင် လမ်းချော်သည်



ရှေ့တွင် တောင်/ကမ်းပါး
ပြိုလေ့ရှိသည်



ရှေ့တွင် လူကူးလမ်းရှိသည်



ရှေ့တွင် ကျောင်းရှိသည်



ရှေ့တွင် လမ်းပြင်နေသည်



ရှေ့တွင် မီးပွိုင့်ရှိသည်



ရှေ့တွင်
လေယာဉ်ကွင်းရှိသည်



ရှေ့တွင်
တစ်လမ်းမောင်းရှိသည်



ရှေ့တွင်
နှစ်လမ်းမောင်းရှိသည်



ရှေ့တွင် တူညီသော
လမ်းလေးခွဆုံ ရှိသည်



ရှေ့တွင် လက်ဝဲဘက်
လမ်းသွယ်ရှိသည်



ရှေ့တွင် လက်ယာဘက်
လမ်းသွယ် ရှိသည်



ရှေ့တွင် "တီ"
ပုံသဏ္ဍာန်လမ်းဆုံရှိသည်



ရှေ့တွင် လက်ဝဲဘက်
လမ်းခွဲရှိသည်



ရှေ့တွင် လက်ယာဘက်
လမ်းခွဲရှိသည်



ရှေ့တွင် "ဝိုင်"
ပုံသဏ္ဍာန်လမ်းဆုံ ရှိသည်



ရှေ့တွင် လက်ဝဲနှင့်
လက်ယာ လမ်းသွယ်များ
နီးကပ်စွာရှိသည်



ရှေ့တွင် လက်ယာနှင့်
လက်ဝဲ လမ်းသွယ်များ
နီးကပ်စွာရှိသည်



ဆုံမည့်ယာဉ်ကြောများကို
ဦးစားပေးရန် ရှေ့တွင် လမ်းရှိသည်



ရှေ့တွင်ရပ်ရမည်



ရှေ့တွင်
အဝိုင်းပတ်ရှိသည်



ရှေ့တွင် တံခါးရှိရထားလမ်းရှိသည်



ရှေ့တွင် တံခါးမဲ့ရထားလမ်းရှိသည်

တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်း လမ်းညွှန်များ



မော်တော်ကား
မဝင်ရ



မော်တော်ဆိုင်ကယ်
မဝင်ရ



စက်ဘီးမဝင်ရ



၃ တန်ကျော်ကုန်တင်ယာဉ်
မဝင်ရ



နောက်တွဲပါယာဉ်
မဝင်ရ



တိရစ္ဆာန်ဆွဲယာဉ်
မဝင်ရ



လက်တွန်း/လက်ဆွဲလှည်း
မဝင်ရ



ထရက်တာ (လယ်ထွန်စက်)
မဝင်ရ



မော်တော်ယာဉ်များ
မဝင်ရ



လက်ဝဲမကွေ့ရ



လက်ယာ မကွေ့ရ



ဂ-ကွေ့ မကွေ့ရ



ဟွန်းမတီးရ



ကျော်မတက်ရ




အမြန်နှုန်း ကန့်သတ်ချက်
(ပိုမမောင်းရ)




ကုန်နှင့် ယာဉ်(     )တန်ကျော်
မဝင်ရ




အလျား(     )ကျော်
ယာဉ်မဝင်ရ




အနံ(     )ကျော်
ယာဉ်မဝင်ရ




အမြင့်(     ) ကျော်ယာဉ်
မဝင်ရ




အနှေးယာဉ်များ
မဝင်ရ



မည်သည့်ယာဉ်မျှ
မဝင်ရ



**မရပ်နားရ (ကြာကြာမရပ်ဆိုင်းရ)**

ခရီးသည် သို့မဟုတ် ကုန်ပစ္စည်းတင်ရန်ချရန်အတွက် ယာဉ်ကို ခေတ္တ ရပ်ဆိုင်းခွင့်ပြုသည်။




**ကန့်သတ်ချက်ရှိသော မရပ်နားရနေရာ**



**မဆိုင်းရ၊ မရပ်နားရ**



**ရှေ့တွင်ဆုံမည့်ယာဉ်ကြောများကို ဦးစားပေးရန်**

ဤဆိုင်းဘုတ်နေရာသို့ရောက်ရှိပြီး ယာဉ်သွားလာမှုရှင်းပါက ဆက်မောင်းသွားနိုင်သည်။ ယာဉ်သွားလာမှုရှိနေပါက ၄င်းတို့ကို ဦးစားပေးရန် ဆိုင်းဘုတ်နေရာတွင်ရပ်ပြီး လမ်းရှင်းမှ ဆက်မောင်းသွားရမည်။





**ရပ်ရန်**

ယာဉ်သွားလာမှုများရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ် စေ ဤ ဆိုင်း ဘုတ် နေရာ တွင် ရပ် ရ မည်။ လမ်း ရှင်း မှ ဆက်မောင်းသွားရမည်။

**အမိန့်ပေးခြင်း လမ်းညွှန်းများ**



လက်ဝဲဘက်သို့ ကွေ့ရမည်



လက်ယာဘက်သို့ ကွေ့ရမည်



ရှေ့တည့်တည့်သို့ သွားရမည်



ရှေ့တည့်တည့် သို့မဟုတ် လက်ဝဲဘက်သို့
ကွေ့သွားရမည်



ရှေ့တည့်တည့် သို့မဟုတ် လက်ယာဘက်သို့
ကွေ့သွားရမည်



မြားပြရာဘက်သို့ သွားရမည်



အဝိုင်းပတ်တွင် လက်ယာဘက်မှစပြီး
ပတ်မောင်းရမည်




သတ်မှတ်သည့် အမြန်နှုန်းထက်
လျှော့မမောင်းရ

## စည်းကမ်းချက်များ

၁။ ခရီးသည်များသည် သတ်မှတ်ထားသော လေယာဉ်ထွက်ခွာချိန် မတိုင်မီ (၂)နာရီ ကြိုတင်၍ လေဆိပ်သို့ရောက်ရှိလာကြရမည်ဖြစ်ပြီးလေဆိပ်သို့ ရောက်လျှင်ရောက်ချင်း မိမိ ခရီးစဉ်နှင့် သက်ဆိုင်သည့် ကောင်တာသို့ သတင်းပို့၍ လူနှင့်ပစ္စည်းများ ချိန်တွယ်ပြီးပါက လေယာဉ်ပေါ် တက်ခွင့် ကပ်ပြားများ ရယူထားရမည်။

၂။ ပြည်တွင်းခရီးစဉ်တွင် သတ်မှတ်ထားသော လေယာဉ်ထွက်ခွာချိန်မတိုင်မီ (၁၅) မိနစ်ထက် နောက်ကျ သတင်းပို့သော ခရီးသည်များအား လေယာဉ်ဖြင့် လိုက်ပါခွင့်ပြုမည် မဟုတ်။

၃။ မှတ်ပုံမတင်သော ခရီးဆောင်ပစ္စည်းအဖြစ် (၁၀) ပေါင်ထက် မပိုသော လက်ဆွဲပစ္စည်းကို ခရီးသည်နှင့်တပါတည်း ချိန်တွယ်၍ ယူခွင့်ရှိပါသည်။ ယင်းခရီးဆောင် ပစ္စည်းများတွင် ကိုယ်သုံးပစ္စည်းများမှတပါး ရောင်းကုန်ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများ ယူဆောင်ခွင့်မပြုပါ။

၄။ ခရီးသည်များသည် တားမြစ်ထားသော ပစ္စည်းဘေးအန္တရာယ်ဖြစ်စေနိုင်သောပစ္စည်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် အနံ့အသက်ဆိုးရွားသော ပစ္စည်းများကို သယ်ဆောင်ခွင့် မရှိပါ။

၅။ ခရီးသည်များသည် မိမိတို့၏ ပစ္စည်းများကို လေဆိပ်ရှိ လုံခြုံရေး အဖွဲ့မှ ရှာဖွေ စစ်ဆေးနေချိန်တွင် ကိုယ်တိုင်ရှိနေရမည်။

၆။ ခရီးသည်များသည် ခဲယမ်းမီးကျောက်နှင့် သေနတ်များ ပါရှိခဲ့သော်လေယာဉ်ခရီးတလျှောက် လုံခြုံစွာ ထိန်းသိမ်းထားရန်အတွက် တာဝန်ကျအမှုထမ်းအားပေးအပ်၍ ခရီးလမ်းဆုံးရောက်လျှင် လေယာဉ်မှူးထံမှ ပြန်လည်ရယူရမည်။

၇။ (၂) နှစ်အောက် ကလေးများကို အခမဲ့ ဟင်ဆောင်ပေးမည်ဖြစ်၍ လက်မှတ်ဝယ်ချိန်တွင် ကလေးပါရှိကြောင်း ဖော်ပြရမည်။

သာ လေယာဉ်ခ ပေးဆောင်ရမည်ဖြစ်၍ ထိုကလေးများသည် လူကြီးအဖော်မပါဘဲတစ်ယောက်တည်းစီးနှင်းခွင့်မရှိပါ။တစ်ယောက်တည်းစီးနှင်းစေလိုပါက မိဘ(သို့) အုပ်ထိန်းသူက တာဖြင့်သဘောတူညီမှု ခံဝန်ချက်ပေးရမည်။

၉။ နာမကျန်းဖြစ်နေသူများ၊ ကိုယ်ဝန် (၇) လထက်ပိုသော ကိုယ်ဝန်ဆောင်များ လေယာဉ်စီးနှင်းလိုပါက လေယာဉ်ဖြင့် ခရီးသွားရန်သင့်လျော်ကြောင်း ဆရာဝန်၏ ထောက်ခံချက် ပါရှိရမည်။

၁၀။ မူးယစ်သောက်စားထားသူများ လေယာဉ်စီးနှင်းခွင့်မရှိပါ။

၁၁။ လေယာဉ်၏တင်ဆောင်နိုင်သောအလေးချိန်ထက် ကျော်လွန်တင်ဆောင်ခြင်း မရှိစေရန်အတွက်လိုက်ပါမည့်ခရီးသည်နှင့်ကုန်ပစ္စည်းတို့ကို သတ်မှတ်ရာ၌ တာဝန်ရှိသော ပို့ဆောင်ရေး ဝန်ထမ်းအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာကြရမည်။

၁၂။ လေဆိပ်အတွင်း ခရီးသည်များအတွက် သတ်မှတ်ပေးထားသည့်နေရာများ၌သာ လှုပ်ရှားသွားလာခွင့်ရှိသည်။

၁၃။ ကန့်သတ်နယ်မြေအတွင်းရှိ လေယာဉ်၊လူနှင့်ပစ္စည်းများအားဓာတ်ပုံရိုက်ခွင့်မပြု။

၁၄။ လေယာဉ်အမှုထမ်းများက သတ်မှတ်ထားသော ထိုင်ခုံ၌သာ ထိုင်ကြရမည်။

၁၅။ လေယာဉ်တက်ချိန်/ဆင်းချိန်နှင့် ရာသီဥတုဆိုးရွားနေချိန်များတွင် လေယာဉ်မှူး၏ "ထိုင်ခုံခါးပတ်များ ပတ်ထားကြရန်နှင့် ဆေးလိပ်မသောက်ကြရန်"သတိပေးစာတမ်းဖြင့်ညွှန်ကြားချက်ကို တိကျစွာ လိုက်နာကြရမည်။

၁၆။ အရေးပေါ် ဖြစ်ချိန်တွင် လေယာဉ်အမှုထမ်းများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာလုပ်ဆောင်ကြရမည်။

၁၁။ မီးလောင်လွယ်သောကုန်ပစ္စည်းများ [illegible] နှင့် ဆေးလိပ်သောက်ခြင်း၊ အကာအကွယ်မဲ့ မီးအသုံးပြုခြင်း မပြုလုပ်ရ။

၁၂။ ရေယာဉ်၏ဝဲ/ယာ တစ်ဘက်တစ်ချက်တွင်ခရီးသည်များသွားလာရန် သတ်မှတ်ပေးထားသည့်လူသွားစင်္ကြံလမ်းအား ပိတ်ဆို့၍နေရာယူခြင်း၊ ကုန်ပစ္စည်းတင်ဆောင်ခြင်း မပြုလုပ်ရ။

၁၃။ ရေယာဉ် ခုတ်မောင်းနေစဉ် ရေယာဉ်၏ တည်ငြိမ်မှုအား ထိခိုက်စေနိုင်သည့် အပြုအမူ အခြေအနေများ မပြုလုပ်ရ။

၁၄။ ရေယာဉ်ပေါ်တွင် ရေယာဉ်၏လုံခြုံရေးနှင့် ခရီးသည်များ၏အသက်အန္တရာယ် လုံခြုံမှုအတွက် သတ်မှတ်ထားသော ရေယာဉ်သုံး ပစ္စည်းများ၊ အသက်ကယ်ပစ္စည်းများအား အရေးပေါ် အခြေအနေမှ အပယူဆောင် အသုံးပြုခြင်း မပြုလုပ်ရ။

၁၅။ အရေးပေါ် အခြေအနေတွင် ရေယာဉ်ပေါ်တွင် ပါရှိသည့် တာဝန်ရှိသူများ၏ ညွှန်ကြားချက်ကို လိုက်နာရမည်။

# မီးရထားစီး ခရီးသည်များ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ ရထားလက်မှတ် ဝယ်ယူပြီးမှ ရထားစီးပါ။

၂။ (၃) နှစ်အထက် (၁၂) အောက် ကလေးများ ကလေးလက်မှတ်ဝယ်ယူပါ။

၃။ ရထားခုတ်မောင်းနေစဉ်အတက်/အဆင်းမပြုလုပ်ရ၊ ရထားကောင်းမွန်စွာရပ်ပြီးမှ အတက်/အဆင်း ပြုလုပ်ပါ။

၄။ တွဲအတက်၊အဆင်း တံခါးပေါက် နှင့် လူသွားလမ်းများအား ပိတ်ဆို့စီးနင်းခြင်း မပြုရ။

၅။ ရထားတွဲဘေး၊ တွဲကြား၊ တွဲအမိုးပေါ်များမှ စီးနင်းခြင်း မပြုရ။

၆။ လူစီးတွဲပေါ်တွင် မီးလောင်လွယ်သော၊ ပေါက်ကွဲလွယ်သော လောင်စာဆီများ တင်ဆောင်ခြင်း မပြုရ။

၇။ လူစီးတွဲပေါ်သို့ တိရစ္ဆာန်များ ခေါ်ဆောင်ခြင်း မပြုရ။

၈။ ရထားခုတ်မောင်းနေစဉ်နှင့်ရထားမရပ်တန့်မီကုန်ပစ္စည်းများအောက်သို့ချခြင်း၊ တွဲပေါ်သို့ တင်ခြင်းမပြုရ။

၉။ ဘူတာ၌ ရထားရပ်နေစဉ် အညစ်အကြေးနှင့်အမှိုက်များ စွန့်ပစ်ခြင်း မပြုရ။

၁၀။ တွဲတစ်တွဲ နှင့် တစ်တွဲ ကူးသန်းရန် သီးခြားတံခါးပေါက် မရှိသောရထားများတွင် တွဲကြားမှတွယ်၍ တစ်တွဲမှ တစ်တွဲသို့ ကူးသန်းခြင်းမပြုရ။

၁၁။ ရထားရပ်တန့်ထားစဉ် တွဲ(၂) ခုကြားမှ ဖြတ်ကူးခြင်းမပြုရ။

ညွှန်ပြခြင်းလမ်းညွှန်များ




လမ်းဆုံကျသောမြို့မှ ပေါက်ရောက်သည့် အခြားမြို့များသို့ ခရီးအကွာအဝေး ညွှန်ပြသည့် ဆိုင်းဘုတ်များ




မြို့များသို့သွားသော ခရီးလမ်းတွင်ရှိသည့် အခြားမြို့များနှင့် အကွာအဝေးများကိုပါ ဖော်ပြ၍ ညွှန်ပြသည့် ဆိုင်းဘုတ်




မြို့လမ်းခွဲနှင့် အကွာအဝေးကို ညွှန်ပြသည့်ဆိုင်းဘုတ်





မြို့၊ ရွာအမည်ကို ဖော်ပြသည့်ဆိုင်းဘုတ်

နေရာတစ်ခုခုကို ညွှန်ပြသည့်ဆိုင်းဘုတ်




( ၁၀ မိုင် အကွာအဝေးတွင် ဟဲဟိုးလေဆိပ်ရှိကြောင်း ညွှန်ပြသော ဆိုင်းဘုတ် (နမူနာ) ဖြစ်သည်။ )

**တစ်လမ်းမောင်းဖြစ်ကြောင်း ညွှန်ပြသည့်ဆိုင်းဘုတ်များ**



လက်ဝဲဘက်သို့သွားသည့် တစ်လမ်းမောင်း



လက်ယာဘက်သို့သွားသည့် တစ်လမ်းမောင်း




ရှေ့တူရှုသို့ တစ်လမ်းမောင်း


လမ်းဆုံးကို ညွှန်ပြသည့် ဆိုင်းဘုတ်များ



ရှေ့တွင်ဆက်မသွားနိုင်သော လမ်းဆုံးရှိသည်။



လက်ဝဲဘက်လမ်းတွင် ဆက်မသွားနိုင်သော လမ်းဆုံးရှိသည်။



လက်ယာဘက်လမ်းတွင် ဆက်မသွားနိုင်သော လမ်းဆုံး ရှိသည်။




ခြေကျင်လျှောက်သူများအတွက် လမ်းဖြတ်ကူးရန် နေရာကို ညွှန်ပြသည့် ဆိုင်းဘုတ်




အချိန်ပိုင်းဖြင့် မော်တော်ယာဉ်ရပ်နားခွင့်ပြုသည့် ဆိုင်းဘုတ်




လမ်းအသုံးပြုသူများအတွက် အသုံးဝင်သည့်နေရာများကို ညွှန်ပြသည့်ဆိုင်းဘုတ်





ဘတ်စ်ကားမှတ်တိုင် ဆိုင်းဘုတ်များ

# ရန်ကုန်မြို့တွင်းကုန်တင်ယာဉ်မဝင်ရ
# နယ်နိမိတ်






အင်းယားလမ်းနှင့်ဝင်ဒါမီယာလမ်းတလျှောက်
(၂၄ နာရီ မဝင်ရ)




ရွှေဂုံတိုင်လမ်းနှင့်အလုံလမ်းတလျှောက်
(၂၄ နာရီ မဝင်ရ)



ဦးဝိစာရလမ်းတလျှောက်
(၂၄ နာရီ မဝင်ရ)


## ကုန်တင်ယာဉ်မဝင်ရလမ်းများ

## မြို့တွင်း



## မြို့ညိုလမ်းတလျှောက်

( ၂၄ နာရီ မဝင်ရ )




# ရန်ကုန်မြို့တွင်းအခွေးယာဉ်မဝင်ရနယ်နိမိတ်သတ်မှတ်ချက်

## :ငါံးစုလၢဝဲဝဇၣ်လၢၤနံၣ်ဝငး


( ၢ်ၣ၀က ၂၉၈ ၁၃ )


ဇ့ၣ်ၤဝဂၤစုလၢလၢဇၢ့ၣ်ဇ့ၣ်ဂၢ်ၢ်ဝ




( ၢ်ၣ၀က ၂၉၈ ၁၃ )

ဇ့ၣ်ၤဝဂၤစုလၢဘၢဝဇၢ့ၣ်





[illegible]


မြောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရန်ကုန်မြို့

# ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် ပညာပေးထုတ်ပြန်ချက်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပညာပေးထုတ်ပြန်ချက်များ

## ၂၀၁၁ ခုနှစ်အတွင်း ထုတ်ပြန်ချက်များ

" ကားမှန်များအား စတစ်ကာကပ်က ထိရောက်စွာအရေးယူမည် "

၂၅-၁-၂၀၁၁

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတစ်ကာများကပ်၍ မောင်းနှင်လျက်ရှိကြသဖြင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်စေခြင်း စတစ်ကာအကာအကွယ်ယူ၍ ဒုစရိုက်မှုများကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ပညာပေးဆွေးနွေးကာ စတစ်ကာများ ချက်ချင်း ခွာခိုင်းခြင်း မေလမှစ၍ ဒဏ်ငွေများသတ်မှတ်ပြီး အပြစ်ပေး အရေးယူခြင်းများ ပြုလုပ်ခဲ့သဖြင့် စတစ်ကာကပ်ခြင်းများ ရပ်တန့်သွားခဲ့သော်လည်း နောက်ပိုင်းတွင် တစ်စတစ်စခြင်း အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကို လစ်လျူရှု၍ စတစ်ကာများ ပြန်လည်ကပ်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှ စတစ်ကာများကပ်၍ မောင်းနှင်လျက်ရှိသည့် ယာဉ်များအား စီမံချက်ဖြင့် ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများလိုက်နာရန် "

၂၇-၂-၂၀၀၁

မိုးရာသီမရောက်မီ တစ်ခါတစ်ရံမိုးရွာသွန်းသဖြင့် လမ်းချော်မှုများဖြစ်၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများရှိရာ အများအပြားဒဏ်ရာရရှိမှု၊ သေဆုံးမှုများ ဖြစ်ခဲ့၍ မိုးရွာနေစဉ်နှင့် မိုးရွာပြီးချိန် ယာဉ်များလမ်းချော် တိမ်းမှောက်နိုင်၍ သတိပြုမောင်းနှင်သွားကြရန် နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများသတိ "

၂၉-၃-၂၀၀၁

ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ တာဝန်အရ စစ်ဆေးရန် အချက်ပြ စနစ်ဖြင့် တားပါက ရပ်တန့်ပေးရမည်ဖြစ်ပါသည်။ ရပ်တန့်ခြင်းမပြုဘဲ မောင်းနှင် ထွက်ပြေးပါက ထိရောက်စွာအရေးယူမည်ဖြစ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် "

၂၉-၃-၂၀၀၁

သက်တမ်းလွန်နေသော မော်တော်ဆိုင်ကယ်များအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ အမြန်ဆုံးသွားရောက်သက်တမ်းတိုးကြရန်နှင့် သက်တမ်းလွန်မော်တော်ဆိုင်ကယ်များ စီးနင်းကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများအား သတိပေးနှိုးဆော်ချက် "

၃၀-၈-၂၀၀၁

ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်ငယ်များတွင် တပ်ဆင်ထားသော ခါးပတ်များကို ယာဉ်မောင်းနှင့်အတူ စီးနင်းသူများပါ ခါးပတ်များ ပတ်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

၂၀၀၂ ခုနှစ်အတွင်း ထုတ်ပြန်ချက်များ

" ယာဉ်မောင်းသူများ သတိပြုလိုက်နာရန် "

၂၇-၂-၂၀၀၂

"မိုးရွာစဉ်ယာဉ်မောင်းစဉ် အောက်ပါအချက်အလက်များသတိပြုပါ"

(၁) လမ်းပေါ်တွင်စက်ဆီ ချောဆီများစိမ့်ဝင်နေလျှင် လမ်းချော် နိုင်သည်။

(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။

(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော် နိုင်သည်။

(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။

(၅) အရှိန်ပြင်းစွာမမောင်းပါနှင့်။

(၆) ဘရိတ်ကို ရုတ်တရက်မနင်းပါနှင့်။

(၇) ကုန်တင်ယာဉ်များ တာပေါ်လင်ဖုံးအုပ်ပြီးမှ ရှေ့နောက်ကို ကြည့်ပါ။

(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။

(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီး ကို ဖွင့်မောင်းပါ။

(၁၀) ဖြေသယ်ယာဉ်၊ ဘုတ်၊ သဲ၊ ကျောက်ယာဉ်များ ဖိတ်စင်မှု မရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၂-၄-၂၀၀၂

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းများလိုက်နာရန်

- (၁) မူးယစ်သောက်စားယာဉ်မမောင်းရ
- (၂) အလျော့လွန်ကျူးစည်းကမ်းမဲ့ ပြိုင်မမောင်းရ လုမမောင်းရ
- (၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင်အိပ်ဇောပိုက်ဖြုတ်မမောင်းရ
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲမမောင်းရ
- (၅) ယာဉ်နံပါတ်အတုများ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်းလုံးဝမပြုလုပ်ရ
- (၆) ယာဉ်၏ဘေးတံခါးများ နောက်ခုံးများဖြုတ်၍မောင်းနှင်ခြင်းမပြုရ
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲမမောင်းရ
- (၈) ဖျက်သိမ်းထားသောယာဉ်တို့ ယာဉ်မောင်းများနှင့် ပြိုင်ခဲ့ယာဉ်များမမောင်းရ
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍မောင်းနှင်ခြင်းမပြုရ

( ခ) ကျူးလွန်ပါကတည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

( ဂ) "သင့်ကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မည်းစွန်းပါစေနှင့်"။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" မော်တော်ယာဉ်ဝယ်ယူသူများနှင့် ယာဉ်ပိုင်ရှင်များသတိပြုရန် "

၁၁-၆-၂၀၀၂

မော်တော်ယာဉ်များဝယ်ယူလိုသည့်အခါဖြစ်စေ၊ မိမိပိုင်မော်တော်ယာဉ်များအား သက်တမ်းတိုး၊ နှစ်လဲအခွန်ဆောင်သည့်အခါဖြစ်စေ၊ ၄င်းမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ချို့ယွင်းမှု(ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှု)ရှိ/မရှိ ကြိုတင် သိရှိရှင်းလင်းနိုင်ရန်အတွက် ကြို့မှဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ ကွန်ပျူတာမှတ်တမ်းဌာနစိတ်တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများသတိပြု "

၂၅-၇-၂၀၀၂

မော်တော်ယာဉ် မောင်းနှင်နေစဉ် လက်ကိုင်တယ်လီဖုန်း(MOBILE PHONE) ပြောရင်း မောင်းနှင်ခြင်းမပြုရန် သတိပေးနှိုးဆော်အပ်ပါသည် (လက်ကိုင်ဖုန်းအစား သီးခြားနားကြပ်ချက်ဖြင့် ဆက်သွယ်ပြောဆိုသည့်ကိရိယာ (HAND FREE) တပ်ဆင်အသုံးပြုနိုင်သည်။)

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" အနေးယာဉ်များလိုက်နာရန်စည်းကမ်း "

၂၄-၈-၂၀၀၂

အနေးယာဉ်များလမ်းလယ်မှ စီးနင်းခြင်း မပြုရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၂-၉-၂၀၀၂

ယာဉ်တိုက်ပြီးထွက်ပြေးနေသူများအား သိရှိတွေ့ရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၁၅. ၁၁. ၂၀၀၂

ကားမှန်များတွင်စတေကာ၊ လေစုပ်ခွက်ပါနေကာ၊ လိုက်ကာပါ နေကာ ကြော်ငြာများကပ်က ထိရောက်စွာအရေးယူမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၆. ၁၂. ၂၀၀၂

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများလည်း သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုကောက်ယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုကောက်ခံပါက ထိထိရောက်ရောက်အရေးယူနိုင်ရေးအတွက် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်-

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉

(၂) ကြီးမှဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ဖျန့်၊ - ၂၉၁၂၈၅/ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ - ၃၅၆၇၄၁/၃၄၁၃၀၅

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## ၂၀၀၃ ခုနှစ်အတွင်း ထုတ်ပြန်ချက်များ

" သတိပေးနှိုးဆော်ချက် "

၁၄-၁-၂၀၀၃

မော်တော်ယာဉ်အချို့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား အလေးထား လိုက်နာမှုမရှိဘဲ စည်းကမ်းမဲ့မောင်းနှင်နေကြရာ အချို့ယာဉ်များသည် ယာဉ်တိုက်မှု အန္တရာယ်ဖြစ်မည်ကို သိလျက်နှင့် လမ်းဆုံရှိ လျှပ်စစ်မီး အချက်ပြမှုကို လိုက်နာမှုမရှိဘဲ မီးဝါ၊ မီးနီကို မဆင်မခြင်ဖြတ်သန်းမောင်းနှင်လျက် ရှိကြသဖြင့် ယာဉ်တိုက်မှုဖြစ်ပွားကာ အသက်ဆုံးရှုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

မီးဝါ၊ မီးနီ အချက်ပြအား စည်းကမ်းမဲ့ဖြတ်သန်းမောင်းနှင်သော ယာဉ်များအား ထိရောက်သော ဒဏ်ငွေများ ချမှတ်အရေးယူမည့်အပြင် ယာဉ်မောင်းလိုင်စင်ကိုပါ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## ၂၀၀၅ ခုနှစ်အတွင်း ထုတ်ပြန်ချက်များ

### " သတိပေးနှိုးဆော်ချက် "

၆-၃-၂၀၀၅

မော်တော်ယာဉ်မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများမကြာခဏဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းအရက်သေစာ သောက်စားမောင်းနှင်ခြင်း မပြုရန်နှင့် လိုက်နာခြင်းမရှိပါက ၂၀၀၅ ခုနှစ်ဧပြီ(၁)ရက်နေ့မှစတင်၍ ခေတ်မီအရက်မူးတိုင်းကရိယာ(ALCOHOL TESTER)ဖြင့်တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းသတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

### " ယာဉ်မောင်းသူများလိုက်နာရန် "

၁၁-၆-၂၀၀၅

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော ယာဉ်မောင်းသူများသည် လူကူးမျဉ်းကျားမရောက်မီ ယာဉ်ကိုအရှိန်လျှော့မောင်းနှင်ရန်နှင့် မီးပွိုင့် လမ်းဆုံများအနီးအရောက်တွင်လည်း ယာဉ်ကိုအရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။ လူကူးမျဉ်းကျားတွင် လမ်းကူးနေသူများ မီးပွိုင့်ဧရိယာအတွင်း လူကူးရန် သတ်မှတ်ထားသည့် နေရာများတွင် လမ်းကူးနေသူများရှိပါက ယာဉ်ရပ်တန့် ပေးကြရန်နှင့် ရပ်တန့်မပေးဘဲ အတင်းမောင်းဝင်၍ ယာဉ်တိုက်မှုဖြစ်ပွားလာပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးကြေငြာချက် "

၂၇-၁-၂၀၀၃

ရန်ကုန်မြို့တော်အတွင်းသို့ အဝေးပြေးခရီးသည်တင်ယာဉ်များ ရပ်နားရန် အမှတ်(၃)လမ်းပေါ်ရှိ အောင်မင်္ဂလာအဝေးပြေးဂိတ်ဖွင့်လှစ်ထားပြီးဖြစ်ရာ ဧရာဝတီတိုင်းမှ ဝင်ရောက်လာသည့် ခရီးသည်တင်ယာဉ်များအား အောက်ဖော်ပြပါ လမ်းအတိုင်း ဝင်/ထွက်သွားလာကြရန်ဖြစ်ကြောင်း သတိပေးကြေငြာအပ်ပါသည်-

(က) အဝင်လမ်း - ညောင်တုန်းလမ်း၊ အောင်ဇေယျတံတား၊ ဘုရင့်နောင်လမ်း၊ အောက်မင်္ဂလာဒုံလမ်း၊ ခရေပင်လမ်း၊ အမှတ်(၃)လမ်းမှ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့

( ခ) အထွက်လမ်း - အမှတ်(၃)လမ်း၊ ခရေပင်လမ်း၊ ဒညင်းတုန်းလမ်းဆုံမှ ဖုလဲလမ်း၊ ရွှေပြည်သာတံတား၊ အနော်ရထာလမ်းမှ ရန်ကုန်-ညောင်တုန်းလမ်း

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၁-၄-၂၀၀၃

ရန်ကုန်မြို့ ခတ်အတွင်း အချို့မော်တော်ယာဉ်များမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖေါက်မှုများကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားခဲ့သဖြင့် ဒဏ်ရာ ရသူ၊ သေဆုံးသူများ, များပြားလာသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ယာဉ်တိုက်မှု များ ဖြစ်ပွားပါက ကျူးလွန်သည်ဖြစ်စေ၊ မကျူးလွန်သည်ဖြစ်စေ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများဖောက်ဖျက်သော ယာဉ်မောင်းသူများအား တည်ဆဲဥပဒေများအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၁-၅-၂၀၀၃

ရန်ကုန်မြို့တွင်း (၆)မြို့နယ်(လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဒေါပုံ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်)အတွင်း ဟွန်းသံတင်းမဲ့ဇုံအဖြစ် ၁-၅-၂၀၀၃ရက်နေ့မှ စတင်သတ်မှတ်သွားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်း သူများအားလုံးမှ ယင်းဧရိယာအတွင်း မည်သည့်အကြောင်းကြောင့်နှင့်မျှ ဟွန်းမတီးကြရန်နှင့် ယာဉ်တိုက်မှု မဖြစ်စေရန်အတွက်လည်း သတိပြု မောင်းနှင်ကြရန် ဖြစ်ပါသည်။ အငှားယာဉ်များမှာလည်း စည်းကမ်းတကျ သွားလာကြရန်နှင့် ကန့်သတ် ထားသည့် ဧရိယာအတွင်း ဝင်ရောက်စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လမ်းအသုံးပြုသူများမှာလည်း လူသွားစင်္ကြံမှ သွားလာ ကြရန်နှင့် လူကူးမျဉ်းကျားများ၊ လူကူးခုံးကျော်တံတားတို့မှသာ လမ်းဖြတ်ကူး ကြပါရန်၊ လိုက်နာခြင်းမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော် အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများသတိပြုရန် "

၁-၇-၂၀၀၃

ရန်ကုန်မြို့တော်အတွင်းရှိ (လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မရမ်းကုန်း၊ ဒဂုံ၊ ဆိပ်ကမ်း၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ကမာရွတ်၊ လှိုင်၊ မင်္ဂလာတောင်ညွန့်၊ ဗဟန်း၊ တာမွေနှင့် ရန်ကင်းမြို့နယ်စုစုပေါင်း(၁၈)မြို့နယ်အား ဟွန်းသံကင်းမဲ့ဇုံအဖြစ် သတ်မှတ် ထားပါသည်။ ယာဉ်မောင်းသူများမှ မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီး ကြရန်နှင့် ဟွန်းတီးပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ယာဉ်တိုက်မှုမဖြစ်စေရေး သတိပြုမောင်းနှင်ကြရန် သတိပေး နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၁-၉-၂၀၀၃

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင် ဘတ်စ်ကား ယာဉ်များအား ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရ ပါသည်။ သို့ရာတွင် ကိုယ်ပိုင်ယာဉ်၊ ဌာနဆိုင်ရာယာဉ်နှင့် တက္ကစီ အငှားယာဉ် များ၏ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ လျော့နည်းကျဆင်း သွားခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ယာဉ်တိုက်မှု၊ ယာဉ် တိမ်းမှောက်မှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်တိုက်မှု၊ ယာဉ် တိမ်းမှောက်မှု မဖြစ်စေရန် သတိပြုမောင်းနှင်ကြပါရန်နှင့်ဖြစ်ပွားပါက ထိရောက်စွာအရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော် အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" အနေးယာဉ်စီးနင်းသူများလိုက်နာရန် "

၅-၇-၂၀၀၇

ရန်ကုန်မြို့တော်အတွင်း စည်းကမ်းမဲ့အနေးယာဉ်စီးနင်းသူများကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များအား အနေးယာဉ်များ (ဆိုက်ကား၊ စက်ဘီး၊ ဂါလီနှင့် လက်တွန်းလှည်းအမျိုးမျိုး)လိုက်နာသွားရန်နှင့် လိုက်နာမှုမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ရန်ကုန်မြို့တွင်း အရှေ့ဘက် - ဗိုလ်အောင်ကျော်လမ်း၊ အနောက်ဘက် - ဘုန်းကြီးလမ်း၊ တောင်ဘက်-ကုန်သည်လမ်း၊ မြောက်ဘက်-ဗိုလ်ချုပ်အောင်ဆန်းလမ်းအကြား နံနက်(၅)နာရီမှ ည (၁၁)နာရီအတွင်း အနေးယာဉ်များ မဝင်ရ။

( ခ) ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဦးဝိစာရလမ်းနှင့် ကန်ပတ်လမ်း (ကန်တော်ကြီးပတ်လည်)တို့တွင် နေ့/ည လုံးဝဝင်ရောက်ခြင်း မပြုရ။

( ဂ) လမ်းပြောင်းပြန်စီးနင်းခြင်းမပြုရ။

(ဃ) လမ်းလယ်မှ စီးနင်းခြင်းမပြုရ။

( င) သတ်မှတ်ပေးထားသည့် ဝန်ထက်ပို၍ တင်ဆောင်ခြင်း မပြုရ။

( စ) ညအချိန်ရောင်ပြန်မပါဘဲ စီးနင်းခြင်း မပြုရ။

မြို့တွင်း(၆)မြို့နယ်တွင် စည်းကမ်းမဲ့အနေးယာဉ်များကြောင့် ယာဉ်ကြောများ ပိတ်ဆို့မှုဖြစ်ခြင်းနှင့် ယာဉ်တိုက်မှု မကြာခဏဖြစ်ခြင်းတို့ကြောင့် အနေးယာဉ်များအား မှတ်ပုံတင်ခြင်းကို နှစ်အလိုက်လျှော့ချ၍ တဖြည်းဖြည်းရုပ်သိမ်းသွားမည်ဖြစ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများလိုက်နာရန် "

၅-၇-၂၀၀၃

ရန်ကုန်မြို့တွင်း (၆)မြို့နယ်အတွင်း ဟွန်းသံကင်းမဲ့ဇုံအဖြစ် (၂၂-၄-၂၀၀၃) ရက်နေ့တွင် စတင်သတ်မှတ်ခဲ့ပြီး ပညာပေးအနေဖြင့်ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ မရမ်းကုန်းမြို့နယ်၊ ဒဂုံမြို့နယ်နှင့် ဗဟန်းမြို့နယ်များအား ထပ်မံတိုးချဲ့၍ဟွန်းသံကင်းမဲ့ဇုံအဖြစ် (၁-၇-၂၀၀၃)ရက်နေ့မှ (၇-၇-၂၀၀၃) ရက်နေ့အထိပညာပေးကာသတ်မှတ်၍ ယင်းနေ့နောက်ပိုင်းမှ စတင်ပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအခါ ထိုသို့ ဟွန်းသံကင်းမဲ့ဇုံ သတ်မှတ်သဖြင့် ပြည်သူများ ကျောင်းသူ/သားများနှင့် ရုံးဝန်ထမ်းများမှာလည်း စိတ်အေးချမ်းသာစွာဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ကြကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ အဆိုပါမြို့နယ်များအပြင် ဆိပ်ကမ်းမြို့နယ်၊ အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ လှိုင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်တို့အား ဟွန်းသံကင်းမဲ့ဇုံအဖြစ် ထပ်မံတိုးချဲ့၍ (၅-၇-၂၀၀၃)ရက်နေ့မှ (၁၁-၇-၂၀၀၃) ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်ပြီး ယင်းနေ့နောက်ပိုင်းမှ စတင်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယာဉ်မောင်းများအနေဖြင့် ဟွန်းသံ ကင်းမဲ့ဇုံအတွင်း မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီးကြရန်နှင့် ယာဉ်တိုက်မှု မဖြစ်စေရန်အတွက်လည်း သတိပြုမောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများလိုက်နာရန် "

၁၁-၉-၂၀၀၃

ဟွန်းသံကင်းမဲ့ဇုံများ၏ အောင်မြင်မှုများအရ အများပြည်သူအကျိုးငှာ မင်္ဂလာဒုံနှင့် အင်းစိန်မြို့နယ်တို့အား ဟွန်းသံကင်းမဲ့ဇုံအဖြစ် (၁၁-၉-၂၀၀၃) ရက်နေ့မှ စတင်၍ တိုးချဲ့သတ်မှတ်လိုက်သည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများလိုက်နာရန် "

၁၁-၉-၂၀၀၃

ရန်ကုန်မြို့တော်အတွင်း မြို့နယ် (၁၈)မြို့နယ်အား ဟွန်းသံကင်းမဲ့ဇုံအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူအများ၊ ကျောင်းသူ/သားများ၊ ဝန်ထမ်းများမှာ အေးချမ်းစွာ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ကြသဖြင့် ဝမ်းသာပီတိဖြစ်ရကြောင်းနှင့် ယာဉ်မောင်းများအား ကျေးဇူးတင်လျက်ရှိကြောင်း ကြားသိရပါသည်။ ယာဉ်မောင်းသူအချို့တို့မှာ လိုက်နာမှုမရှိဘဲ ဟွန်းတီးနေသည်ကို တွေ့ရှိရ၍ အရေးယူဆောင်ရွက်ခဲ့ရာ (၁-၆-၂၀၀၃) ရက်နေ့မှ (၃၁-၈-၂၀၀၃) ရက်နေ့အထိ ဟွန်းတီးသည့်ယာဉ် (၁၁၃၂)စီးအား အရေးယူဆောင်ရွက်ခဲ့ရ ပါသည်။

ယခုအခါ အထက်ပါမြို့နယ်များအပြင် ထပ်မံ၍ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်များတွင် (၁၁-၉-၂၀၀၃) ရက်နေ့မှစတင်၍ ထပ်မံတိုးချဲ့ပြီး ဟွန်းသံ ကင်းမဲ့ဇုံအဖြစ်သတ်မှတ်၍ ယင်းနေ့မှစတင်အရေးယူဆောင်ရွက်သွားမည်ဖြစ်ရာ ဟွန်းသံကင်းမဲ့ဇုံ သတ်မှတ်မြို့နယ်(၂၀)အတွင်း မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီးကြရန်နှင့် ယာဉ်တိုက်မှုမဖြစ်စေရန်အတွက်လည်း သတိပြုမောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

၂၀၀၄ ခုနှစ်အတွင်း ထုတ်ပြန်ချက်များ

" သတိပေးနှိုးဆော်ချက် "

၂၉-၃-၂၀၀၄

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ် (ဘတ်စ်ကား) များအား ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု ယာဉ်ငြိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့် TAXI အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှု လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှု မရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ယာဉ်တိုက်မှုမဖြစ်အောင် ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှု ဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မညှာမတာ အရေးယူ တင်းလျှော့ခွင့်မပြုမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၃-၄-၂၀၀၄

ယာဉ်မတော်တဆမှုများမှ အချို့သည် ခေါင်းစွပ်မဆောင်းကြ၍ မလိုလားအပ်သော ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ကြရပါသည်။ သို့ပါ၍ ခေါင်းစွပ်ပါရှိသော ဆလွန်း၊ ဇင်နှင့် စတေရှင်ဝက်ဂွန် အပါအဝင် ခေါင်းစွပ်ပါသော ယာဉ်များ ပေါ်တွင် မောင်းနှင်စီးနင်းကြသူများအနေဖြင့် ခေါင်းစွပ်, ပတ်၍ စီးနင်းကြပါရန် သတိပေးနှိုးအပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၁-၄-၂၀၀၃

ယာဉ်တိုက်မှုဖြစ်ပွားပါက ကျူးအေးသည်ဖြစ်စေ၊ မကျူးအေးသည်ဖြစ်စေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများဖောက်ဖျက်ယှဉ်းသော ယာဉ်မောင်းအား ယာဉ်မောင်း လိုင်စင် အနည်းဆုံး(၁)နှစ် ပိတ်သိမ်း၍ ဒဏ်ငွေ ကျပ် တစ်သိန်း (သို့) အချုပ် (၁၄)ရက် ချုပ်နှောင်အရေးယူပါမည်။ ယာဉ်မောင်းထွက်ပြေးပါက ယာဉ်ပိုင်ရှင်မှ ဒဏ်ငွေ ကျပ်တစ်သိန်း ပေးဆောင်ရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" အနေးယာဉ်စီးနင်းသူများလိုက်နာရန် "

၇-၁၁-၂၀၀၃

ယာဉ်တိုက်မှုအန္တရာယ် လျော့နည်းစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန် ရည်ရွယ်၍ ရန်ကုန်မြို့တွင်း (လသာ၊ ပန်းဘဲတန်း ကျောက်တံတား) (၃)မြို့နယ်အတွင်း တစ်လမ်းမောင်းလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ် အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည် လမ်း တို့တွင် မည်သည့်အနေးယာဉ်မျှ ဝင်ရောက်စီးနင်းခြင်း မပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော် အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၂-၁၀-၂၀၀၃

မော်တော်ယာဉ်များပေါ်မှ အမှိုက်ပစ်ချခြင်း၊ ကွမ်းတံတွေးထွေးခြင်းများ တွေ့ရှိပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးနှိုးဆော် အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" မော်တော်ဆိုင်ကယ်စီးနင်းသူများလိုက်နာရန် "

၇-၁၁-၂၀၀၃

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း အစိုးရဌာနဆိုင်ရာများမှ မော်တော်ဆိုင်ကယ်စီးနင်းသူများသည် မော်တော်ဆိုင်ကယ်စီး ဦးထုပ်ကို ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာတပ်ဆင်ချည်နှောင်စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းသည်ကို စစ်ဆေးတွေ့ရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များစီးနင်းပါက မော်တော် ဆိုင်ကယ်ကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၃၀-၉-၂၀၀၃

စည်းကမ်းမဲ့လမ်းကူးသူများအား ၂၀၀၃ ခုနှစ် ဧပြီလ (၁)ရက်နေ့မှ စတင်၍ စက်တင်ဘာလ (၃၀)ရက်နေ့အထိ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တစ်ချိန်တည်းတွင် စည်းကမ်းမဲ့ယာဉ်မောင်းများနှင့် အနေးယာဉ်များကိုလည်း ထိရောက်သော အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါသည်။ မော်တော်ယာဉ်မောင်းများနှင့် အနေးယာဉ်စီးနင်းသူများသည် ယခုအခါ စည်းကမ်းလိုက်နာမှုများ တိုးတက်လာသည်ကို တွေ့ရှိရသော်လည်း ခြေလျင်သွားလာသူများမှာ စည်းကမ်းနှင့်အညီ လိုက်နာမှုမရှိသေးကြောင်း တွေ့ရှိရသဖြင့် အောက်တိုဘာလ (၁)ရက်နေ့မှစ၍ ယာဉ်စည်းကမ်း တရားရုံးများမှ ထိရောက်သော အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ခြေလျင်သွားလာသူများအနေဖြင့် လူကူးမျဉ်းကြားမှ သွားလာကြရန်၊ ခုံးတံတားရှိသော နေရာများတွင် ခုံးတံတားပေါ်မှ သွားလာကြရန်နှင့် ယာဉ်သွားလမ်းပေါ်မှ သွားလာခြင်း မပြုကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများလိုက်နာရန် "

၁-၁၀-၂၀၀၃

ဟွန်းသံကင်းကင်းမဲ့ဇုံများ၏ အောင်မြင်မှုများအရ အများပြည်သူအကျိုးငှာ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သာယာနီကွန်း၊ သာကေတနှင့် ဒေါပုံမြို့နယ်တို့အား ဟွန်းသံကင်းမဲ့ဇုံအဖြစ် (၁-၁၀-၂၀၀၃) ရက်နေ့မှစတင်၍ တိုးချဲ့သတ်မှတ်လိုက်သည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" အနေးယာဉ်စီးနင်းသူများ လိုက်နာရန် "

၁၂-၇-၂၀၀၄

ရန်ကုန်မြို့တော်အတွင်း စီးနင်းသွားလာလျက်ရှိသည့် အနေးယာဉ်များအား ၂၀၀၃ခုနှစ် ဇန်နဝါရီလမှစတင်၍ ထိရောက်စွာအရေးယူ ဆောင်ရွက်ခဲ့ပြီး အနေးယာဉ်စီးနင်းသူများ လိုက်နာရန်အတွက်လည်း သတိပေးနှိုးဆော်ချက်များ အကြိမ်ကြိမ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အနေးယာဉ်များသည် စည်းကမ်းချိုးဖောက်မှုများ၊ ပပျောက်မသွားသေးကြောင်း၊ ယင်းတို့ကြောင့် ယာဉ်တိုက်မှုများလည်း မကြာခဏဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသဖြင့် စည်းကမ်းချိုးဖောက်မှု (၃)ကြိမ်ဖြစ်ပါက အနေးယာဉ်များအား နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများလိုက်နာရန် "

၃-၈-၂၀၀၄

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ် မောင်းနှင်သူများသည် လိုင်စင်မဲ့မော်တော်ယာဉ်များ၊ အာမခံမထားသည့် ယာဉ်များ၊ သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်များ၊ ဖျက်သိမ်း ထားသည့် ယာဉ်အို/ယာဉ်ဟောင်းများအား အများပြည်သူတို့ဆိုင်ရာ လမ်းပေါ်တွင် မောင်းနှင်ခြင်း၊ စစ်ဆေးချိန်တွင် ယာဉ်မောင်းလိုင်စင်မပါဘဲ ယာဉ်ကို မောင်းနှင်ခြင်း၊ အမြန်နှုန်းကန့်သတ်ချက်ထက်ပို၍ အန္တရာယ်ဖြစ်လောက်အောင် အငြိမ်းမဲ့ မောင်းနှင်ခြင်းနှင့် မထိန်းသိမ်းနိုင်လောက်အောင် အရက်သေစာ မူးယစ်သောက်စား ယာဉ်မောင်းနှင်ခြင်းတို့အား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနှိုးဆော်ချက် "

၁၃-၁၀-၂၀၀၄

ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် ယာဉ်၏ထိုင်ခုံတွင်ထိုင်၍ မောင်းနှင်စီးနင်းသူများအနေဖြင့် ခါးပတ်မပတ်ကြ၍ မလိုလားအပ်သော ထိခိုက် ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ခဲ့ကြရပါသည်။ သို့ပါ၍ ခါးပတ်ပါရှိသော ယာဉ်များ ပေါ်တွင် မောင်းနှင်စီးနင်းကြသူများအနေဖြင့် ခါးပတ်၊ ပတ်၍ စီးနင်းကြပါရန် သတိပေးနှိုးခဲ့ပြီး ဖြစ်သော်လည်း ယနေ့အထိ လိုက်နာခြင်း မရှိကြောင်း တွေ့ရှိရသဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြပါရန် ထပ်မံ သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးကြေငြာချက် "

၁၉-၁၀-၂၀၀၄

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်(၃၁)မြို့နယ် ကို ဟွန်းသံကင်းမဲ့ဇုံအဖြစ် (၂၂-၄-၂၀၀၃) ရက်နေ့မှစတင်၍ တစ်ဆင့်ပြီး တစ်ဆင့် တိုးချဲ့သတ်မှတ်လာခဲ့ရာ ယခုအခါတွင် ဟွန်းသံဆူညံခြင်းမှ ပျောက်ကွယ်လာပြီ ဖြစ်ပါသည်။

သို့ရာတွင် အရေအတွက်အနည်းငယ်သော ယာဉ်မောင်းများမှာ အကြောင်း အမျိုးမျိုးပြလျက်ဟွန်းတီးနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ သို့ပါ၍ နိုင်ငံကြီးသားစိတ်ဓါတ်ဖြင့် ဟွန်းသံကင်းမဲ့ဇုံအတွင်း မည်သည့် အကြောင်းနှင့်မျှ ဟွန်းမတီးကြရန် ထပ်မံသတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ယာဉ်မောင်းသူများလိုက်နာရန် "

၁၉-၁၀-၂၀၀၄

မော်တော်ယာဉ်များ မောင်းနှင်နေစဉ် လက်ကိုင်တယ်လီဖုန်း (HAND PHONE) ပြောရင်းမောင်းနှင်ပါက ယာဉ်အန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်း၊ ယာဉ်ကို ထိန်းသိမ်းရန် ခက်ခဲခြင်းတို့ကြောင့် ယာဉ်မောင်းနေစဉ် (HAND PHONE) မပြောရန် သတိပေး နိုးဆော်ထားပြီးဖြစ်သော်လည်း ယနေ့အထိ လိုက်နာခြင်း မရှိသဖြင့် အလေးထား လိုက်နာကြပါရန် ထပ်မံသတိပေးနိုးဆော်အပ်ပါသည်။ (အရေးကြီး၍ ဖုန်းပြောရန် လိုအပ်ပါက လက်ကိုင်ဖုန်းအစား သီးခြား နားကြပ်ခွက်ဖြင့် ပြောဆိုသည့် HAND FREE ကိရိယာတပ်ဆင်၍ အသုံးပြု နိုင်ပါသည်။)

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" သတိပေးနိုးဆော်ချက် "

၁၄-၁၂-၂၀၀၄

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော် ယာဉ်များအနက် တစ်ချို့မော်တော်ယာဉ်များသည် မီးခိုးအလွန်အကျွံ ထွက်ရှိ လျက် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် မောင်းနှင်သွားလာနေသည်ကို တွေ့ရှိနေရပါသည်။ အဆိုပါ မီးခိုးအလွန်အကျွံထွက်သော မော်တော်ယာဉ်များ ကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုဖြစ်သည့်အပြင် ပြည်သူများ၏ ကျန်းမာရေးကိုပါ ထိခိုက်နိုင်သဖြင့် မီးခိုးအလွန်အကျွံထွက်သော ယာဉ်များ အား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

၂၀၀၅ ခုနှစ်အတွင်း ထုတ်ပြန်ချက်များ

" သတိပေးနှိုးဆော်ချက် "

၅-၄-၂၀၀၅

(က) မြန်မာ့နိုင်ရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းများလိုက်နာရန်

(၁) မူးယစ်သောက်စားယာဉ်မမောင်းရ၊

(၂) အပျော်လွန်ကျူးစည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လူမမောင်းရ၊

(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင်အိပ်ဇောပိုက်ဖြုတ်မမောင်းရ၊

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲမမောင်းရ၊

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်းလုံးဝမပြုလုပ်ရ၊

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ခုံးများဖြုတ်၍မောင်းနှင်ခြင်းမပြုရ၊

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲမမောင်းရ၊

(၈) ဖျက်သိမ်းထားသောယာဉ်အိုး ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ၊

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍မောင်းနှင်ခြင်းမပြုရ၊

( ခ) ဗွန်းသံကင်းမဲ့ဇုန်များအတွင်း ဗွန်းလုံးဝမတီးရ၊

( ဂ) ကျူးလွန်ပါကတည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်၊

(ဃ) "အင့်ကြောင့်မြန်မာ့နိုင်ရာ ယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်စေညစ်နွမ်းပါစေနှင့်"၊

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

" ကုန်တင်ယာဉ်ကြီးများသတိပြုရန် "

၁၃-၆-၂၀၀၅

ကုန်တင်ယာဉ်ကြီးများသည် ပစ္စည်းများတင်ဆောင်မောင်းနှင်ရာတွင် ပြုတ်မကျစေရန်နှင့် ပတ်ဝန်းကျင် အန္တရာယ်မဖြစ်စေရန် လုံလောက်သော ကြိုတင်ကာကွယ်မှုများကို ပြုလုပ်မောင်းနှင်ရမည်ဖြစ်ပါသည်။ ကုန်သေတ္တာတင် ယာဉ်များသည် ယာဉ်ကွေ့ချိန်နှင့် ကုန်းတက်ချိန်တို့တွင် ကုန်သေတ္တာများ လျှောမကျစေရန် (LOCK)ချိတ်ဖြင့် လေးဘက်လေးတန်စနစ်တကျ ချိတ်၍ သော်လည်းကောင်း၊ သစ်လုံးတင်ယာဉ်များသည် ဒေါက်တိုင်များပါရှိ သော်လည်း သစ်မှတ်သံကြိုးအနည်းဆုံး (၃)ကြိုးဖြင့် ပြုတ်မကျစေရန် နိုင်ခန့်စွာ ချည်နှောင်၍ သော်လည်းကောင်း မောင်းနှင်ရမည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

"လမ်းမကြီးပေါ်တွင်မော်တော်ယာဉ်များလိုက်နာရန်သတိပေးနှိုးဆော်ချက်"

၁၃-၆-၂၀၀၅

- လမ်းမကြီးများပေါ်တွင် အချို့ယာဉ်များသည် အမြန်မောင်းနှင်ရန် နှင့်ကျော်တက်ရန် သတ်မှတ်ထားသော လက်ဝဲအစွန်ယာဉ်ကြော ပေါ်တွင်စည်းကမ်းမလိုက်နာဘဲ အရှိန်ဖြည်းဖြည်းဖြင့် လမ်းပိတ်ဆို့ မောင်းနှင်နေကြောင်း တွေ့ရှိနေရပါသည်။
- သို့ပါ၍ လမ်းမကြီးများပေါ်တွင် ဖြည်းဖြည်းမောင်းလိုပါက လမ်း၏ ညာဘက်အစွန်ဆုံးယာဉ်ကြောတွင် မောင်းနှင်ရန်နှင့် မှန်မှန်မောင်းလို သောယာဉ်များ လမ်း၏ဒုတိယယာဉ်ကြောမှ မောင်းနှင်သွားရန် ဖြစ်ပါသည်။ လမ်း၏လက်ဝဲအစွန်ယာဉ်ကြောမှာ ရှေ့ယာဉ်အား ကျော်တက်လိုသောအခါအရှိန်မြှင့် မောင်းနှင်ပြီး ကျော်လိုသော ကားနှင့် လွတ်ကင်းချိန်တွင် ဒုတိယယာဉ်ကြောအတွင်းသို့ပြန်လည် ဝင်ရောက် မောင်းနှင်သွားခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ ယာဉ်များအလွယ်တကူ သွားလာနိုင်မည်ဖြစ်ပါသဖြင့် လမ်းမကြီး စည်းကမ်းများအားတိကျစွာ လိုက်နာသွားရန်လိုအပ်ပါသည်။
- လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူ သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

### "သတိပေးနှိုးဆော်ချက်"

၁၂-၉-၂၀၀၇

ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်သည့် ယာဉ်များသည် ယာယီမှတ်ပုံတင် သက်တမ်းကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများ အပြီး ဆောင်ရွက်ရပါမည်။ အဆိုပါယာဉ်များ ယာယီမှတ်ပုံတင်သက်တမ်း ကျော်လွန်ပြီး အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် မောင်းနှင်နေကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော် အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

### " ယာဉ်မောင်းသူများလိုက်နာရန် "

၂၅-၉-၂၀၀၇

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော ယာဉ်မောင်းသူများသည် လူကူးမျဉ်းကြားမရောက်မီ ယာဉ်ကိုအရှိန်လျှော့မောင်းနှင်ရန်နှင့် မီးပွိုင့် လမ်းဆုံများအနီးအရောက်တွင်လည်း ယာဉ်ကိုအရှိန်လျှော့ မောင်းနှင်ရန် လိုအပ်ပါသည်။ လူကူးမျဉ်းကြားများတွင် လမ်းကူးနေသူများ ရှိပါက ယာဉ်အားရပ်တန့်ပေးရမည်။ ရပ်တန့်မပေးဘဲ အတင်းဝင်ရောက် မောင်းနှင်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## " သတိပေးနှိုးဆော်ချက် "

၆-၁၀-၂၀၀၅

ယာဉ်မတော်တဆဖြစ်ပွားမှုများအားလေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ) များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကိုတွေ့ရှိရပါသည်။

လမ်းဆုံမီးပွိုင့်နှင့်လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အမြန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားများမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသော နေရာများမှလမ်းကူးပါက "ဘယ်ကြည့် ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့်လမ်းရှင်းမှကူး" စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

"မော်တော်ကားမှန်များတွင် စတေကာကပ်ပါက ထိရောက်စွာအရေးယူမည်။"

၂၈.၂.၂၀၀၆

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတေကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၉ခုနှစ်မှစ၍ ထိရောက်သော ဒဏ်ငွေများ သတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတေကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းနေမှုနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတေကာများ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

"မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်"

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အစိုးရဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်းခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များ ကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မော်တော်ဆိုင်ကယ်စီး ဦးထုပ် ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာ တပ်ဆင်ချည်နှောင်စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့်အထက်တင်ဆောင် စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင် ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့်မော်တော် ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါ မော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင် အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာအရေးယူ ဆောင်ရွက် သွားမည် ဖြစ်ကြောင်း သတိပေးနိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## " သတိပေးနှိုးဆော်ချက် "

၆. ၇. ၂၀၀၆

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်ပြီး ယာဉ်မတော်တဆမှုများဖြစ်ပွားကာ ယာဉ်မောင်းများ မောင်းနှင်ထွက်ပြေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယာဉ်မတော်တဆမှုများ ဖြစ်ပွားကြောင်း တွေ့ရှိပါက ယာဉ်နံပါတ်အမျိုးအစား အရောင်ဖြစ်ပွားရာနေရာ၊ အချိန်များ မှတ်သားပြီး အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(က) ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး - ၁၉၉

(ခ) ကြီးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး

၂၉၁၂၈၄၊ ၂၉၁၂၈၅၊ ၂၉၂၂၈၈

လိုင်းခွဲ(၄၃) - ၂၉၆၄၅၄၊ ၂၀၁၇၇၉

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပညာပေးဇာတ်လမ်းတိုများ

| စဉ် | ဇာတ်ကားအမည် | ဒါရိုက်တာ | သရုပ်ဆောင်များ | ကြာချိန် |
|---|---|---|---|---|
| ၁ | အားဆေး | ဇောစန္ဒာလှိုင် | မိုးဒီဆောင်းတိမ်မြွှေထွန်း | |
| ၂ | အားနာလိုက်တာ | ။ | မော်နန်းကလျာလှိုင် | |
| ၃ | အပျော်အစား | ကျော်ဇောလင်း | ဝင်းဝိုင်းကြိုင်ချမ်းကောင်းကျော်<br>ထက်ထက်မိုးဦးခင်သန်းနွယ်<br>ရွှေစင်သွန်း | ၁ မိနစ် |
| ၄ | ပျွန်းသံ | သက်ထင် | စရာယာဥ်ထိန်းတပ်ဖွဲ့ဝင်များ | ၄၃ စက္ကန့် |
| ၅ | မှုကျွင်မကောင်းရှိ<br>ကောင်းရင်မှုရှိ | ။ | လှမင်းသူသူဟံသာအိမ်အိမ် | ၁မိနစ် ၈စက္ကန့် |
| ၆ | ဆေးရှိုးတော်မယ် | ။ | ဥက္ကာလင်း<br>ဆောင်းတိမ်မြွှေထွန်း မေခါ | ၅၃စက္ကန့် |
| ၇ | ထန်းဘိုး | ။ | ညီညီနေနိုင် လှိုင်မြတ်ထွန်း<br>မင်းအုပ်စိုး မြတ်ကေသီဆောင် | ၁မိနစ်<br>၅ စက္ကန့် |
| ၈ | အိမ်မှာစဖေ့တာဘဲ | မင်းအုပ်စိုး | မင်းအုပ်စိုးမြတ်ကေသီဆောင်<br>နှင်းဝတ်ရည်ဆောင်းလက်မြောကျော် | ၁မိနစ် ၂စက္ကန့် |
| ၉ | အလဲလေးတော့ကိုင်ပြပါ | ။ | နိုင်ဝင်း ရာနားခင် | ၁မိနစ်၄၅စက္ကန့် |
| ၁၀ | နှင်းကြည့်စမ်းပါ | ။ | မင်းအုပ်စိုး ခင်နိုင်နိုင် | ၁မိနစ် ၂စက္ကန့် |
| ၁၂ | မိတ်ဆွေစည်းကမ်းရှိ(သိမှုပ်) | ။ | ကုသိုလ်ကျွတ် ပပဝင်းခင် | ၁မိနစ်၅စက္ကန့် |
| ၁၃ | အမေရှုကြိုပါ | ။ | ခင်လှိုင်ခင်နှဲ့မူ | ၂မိနစ်၅စက္ကန့် |
| ၁၄ | အနိုင်အရှုံး | ။ | ပိမိကောင်းမြတ် | ၁မိနစ်၃၉စက္ကန့် |
| ၁၅ | ရောင်ပြန်ဟပ်ခြင်း | ။ | ကုသိုလ် မင်းအုပ်စိုး ကြည်နိုင်(BC) | ၁မိနစ်၈စက္ကန့် |
| ၁၆ | ချစ်သောချစ်သောရေ | ။ | ရာဇာနေဝင်းနိုင်နှင်းဝေ | ၆မိနစ်၄၁စက္ကန့် |
| ၁၇ | မျှော်သူမဲ့သောခရီး | ။ | နိုးသီဟအောင်ထွားနန်းကလျာလှိုင် | ၁မိနစ် ၂စက္ကန့် |
| ၁၈ | မနိုင်သောအရှုံး | ။ | ဟတ်တက်ဇင် ရဲထက်နိုင် သင်းကြည် | ၁မိနစ်၃၁စက္ကန့် |
| ၁၉ | စည်းကမ်းလိုက်နာသောကြင်ရာ | ။ | ကျော်ရဲအောင်စော်ဝင်းမောင် | ၁မိနစ် ၂၅စက္ကန့် |
| ၂၀ | သဘာဝနဲ့လှည့်အသိမြှင့် | ။ | မော့(စ်)ချစ်သူ ငယ်အနှစ်ည်စော်ရွှင်<br>ဝါဒယိမ်းနဲ့မောင်ဘုန်းတင့်ဟန်နီထွန်း<br>မြတ်ကေသီအောင်ရာနားခင်<br>ပြည့်စုံနိုင်ဆောင်းနှင်းဝေနီနီရွှေရည်<br>အိုင်းချစ်ဝေမြင့်ဦးခိုင်နှင့်မှုနိုင်သိန်း | ၁မိနစ် ၂၆စက္ကန့် |

ပညာပေးဇာတ်လမ်းတိုများ

| စဉ် | ဇာတ်ကားအမည် | ဒါရိုက်တာ | သရုပ်ဆောင်များ | ကြာချိန် |
|---|---|---|---|---|
| ၂၁ | ပေါင်မပေါ် ကျွတ်ခဲ့မီး | မောင်မောင်<br>မြင့်ထွင်<br>နှင့်<br>မင်းအုပ်နိုး | အကယ်ဒမီ ခိုင်အောင်<br>အကယ်ဒမီ ထွန်းထွန်းနိုင်<br>ညီညီမင်းဆက်<br>ဘုန်းထွန်း<br>ကျော်သူအောင်<br>ဟန်နီထွန်း<br>ဝိုင်းစုခိုင်သိန်း | |